# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**စိတ်ကိုကြည်လင်စေနိုင်**

မြတ်စွာဘုရား၏ တရားစကားကို နာကြားရသူ ပညာရှိတို့သည် စိတ်ကြည်လင်အေးချမ်းခြင်းကို ရကြကုန်၏။ မြတ်စွာဘုရား ဟောကြားအပ်သော တရားတော်လောက် စိတ်ကိုကြည်လင်စေနိုင်သောအရာသည် မရှိ။ မိမိတို့၏ စိတ်နှလုံးအစဉ် အေးမြကြည်လင်နေစေရန် မြတ်စွာဘုရား၏ အစ၊ အလယ်၊ အဆုံး သုံးပါးသောကောင်းခြင်းနှင့် ပြည့်စုံသော တရားတော်ကို နာကြားရာ၏။ **ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၂)**


၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက် | ၂၀၁၆ ခုနှစ်၊ ဩဂုတ် ၂၅ ရက်၊ ကြာသပတေးနေ့၊ | အတွဲ (၅၅)၊ အမှတ် (၃၂၅)


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ တွေ့ဆုံ

## ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အဓိကလိုအပ်ချက်မှာ ယုံကြည်မှုပင်ဖြစ်

## ယုံကြည်မှုမရှိပါက စာချုပ်များ မည်သို့ပင်ချုပ်ထားစေကာမူ အဟောသိကံဖြစ်သွားစေနိုင်



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ (PPST) အစည်းအဝေးကျင်းပစဉ်** (သတင်းစဉ်)

**နေပြည်တော် ဩဂုတ် ၂၄**

ငြိမ်းချမ်းရေးရရှိစေရန်စောင့်နေရသည့် အချိန်တွင် မိမိတို့နိုင်ငံ မည်မျှနစ်နာနေသည်ကို စဉ်းစားကြရန်နှင့် ယခုတစ်ခါ ငြိမ်းချမ်းရေးညီလာခံ စတင်လိုက်သည်နှင့် မိမိတို့၏ နိုင်ငံသားများ မလိုအပ်ဘဲ ဆုံးရှုံးမှုများမဖြစ်အောင် အားလုံးကြိုးစားပေးကြရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်သည်။

နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ (PPST) အစည်းအဝေးတွင် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ယခုကဲ့သို့ တစ်ဦးနှင့်တစ်ဦး မကြာခဏ တွေ့ဆုံမှသာ အမြင်ချင်းဖလှယ်နိုင်ပြီး လိုအပ်သည့် တိုးတက်မှုများရရှိနိုင်မည်ဖြစ်ကြောင်း၊ မျက်နှာချင်းဆိုင်တွေ့ဆုံမှုသည် စာရေးတွေ့ဆုံမှု၊ ကြားခံလူများနှင့် တွေ့ဆုံမှုမျိုးနှင့် မတူနိုင်ကြောင်း၊ ကြားခံလူများနှင့် တွေ့ဆုံခြင်းသည် စကားလုံးများအပေါ် နားလည်မှုလွဲမှားနိုင်ကြောင်း၊ တွေ့ဆုံခြင်းဆိုသည်မှာ သဘောထားညှိနှိုင်းရန်၊ နားလည်မှုရရှိရန်နှင့် ယုံကြည်မှုတည်ဆောက်နိုင်ရန်ဖြစ်ကြောင်း ပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❋

## ရေနှင့် ဆက်နွယ်သည့်မူဝါဒများ၊ ဥပဒေနှင့် နည်းဥပဒေများကို ခေတ်ကာလနှင့်အညီ ပြန်လည်သုံးသပ်ပြင်ဆင်မှုများ ဆောင်ရွက်ရမည်

*စာမျက်နှာ - ၅*


KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# အသွားနှစ်ဖက် ဝေဖန်ချက်များ

ပြီးခဲ့သောသုံးလအတွင်း အခြေခံစားကုန်များရာခိုင်နှုန်း ၅၀ မှသည် ၁၀၀ ရာခိုင်နှုန်းအထိတက်လာသောကြောင့် ပြည်သူလူထုသည် ဝမ်းရေးအလျှဉ် မီအောင်ကြိုးပမ်းဆောင်ရွက်နေကြ၍ ဒီမိုကရေစီရေးကိုသတိပင်မရနိုင် ဟူသော ဝေဖန်ချက်တို့ကို ကြားရပါသည်။ အခြေခံစားကုန်ဈေးများတက် လာသည်မှာလည်း အမှန်ပင်ဖြစ်ပါသည်။ သို့သော် ဤဝေဖန်ချက်၌ အခြေခံစားကုန်ဈေးတို့သည် လူထုအစိုးရသစ်လက်ထက်တွင် ရုတ်တရက် တက်လာလေဟန် အဓိပ္ပာယ်မျိုးသက်ရောက်နေပါသည်။ အသွားနှစ်ဖက် ဝေဖန်ချက်များဟု ဆိုချင်ပါသည်။

အတိတ်နှင့် ကင်းလွတ်သောပစ္စုပ္ပန်သည် မရှိသကဲ့သို့ ပစ္စုပ္ပန်ကို အခြေမခံသောအနာဂတ်သည်လည်း မရှိနိုင်ပါ။ အခြေခံစားကုန်ဈေးနှုန်း တို့တက်လာခြင်းသည် လတ်တလောအကြောင်းခံများရှိသကဲ့သို့ ကာလ ရှည်ကြာစုပုံလာခဲ့သော အခြေခံအကြောင်းတရား တို့လည်းရှိပါသည်။ စီးပွားရေးသဘောတရားအရ ပြောရပါက အခြေခံစားကုန်ဈေးနှုန်း တို့တက်လာခြင်း၏ ပင်မအကြောင်းတရားသည် ကာလရှည်ကြာစုပုံလာခဲ့ သော စီးပွားရေးအခြေခံအကြောင်းတရားတို့ကြောင့် ဖြစ်ပါသည်။ တိုင်းပြည်၏ ပင်မစီးပွားရေးကဏ္ဍဖြစ်သော လယ်ယာစိုက်ပျိုးရေးကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုတို့ လုံလုံလောက်လောက် မရှိခဲ့သည်မှာ နှစ်ပေါင်းများစွာ ရှည်ကြာနေပြီဖြစ်ပါသည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၏ အခြားသော သွင်းအားစုတို့ ဖရိုဖရဲဖြစ်နေခဲ့သည်မှာလည်း နှစ်ပေါင်းများစွာရှည် ကြာနေပြီ ဖြစ်ပါသည်။ လယ်ယာလုပ်သားတို့ မလုံမလောက် မပြည့်မစုံ ဖြစ်နေခဲ့သည်မှာလည်း နှစ်ပေါင်းများစွာရှည်ကြာနေပြီ ဖြစ်ပါသည်။ တောင်သူလယ်သမားတို့၏ဘဝ အခြေမလှခဲ့သည်မှာလည်း နှစ်ပေါင်း များစွာရှည်ကြာနေပြီဖြစ်ပါသည်။ တိုင်းပြည်လူဦးရေ၏ သုံးပုံနှစ်ပုံ ဝန်းကျင်ခန့်ရှိသော တောင်သူလယ်သမားတို့၏ဘဝ အခြေမလှပါက တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်၍ နိုင်ငံသူနိုင်ငံသားများ ချောင်လည် မည်ဟူသော အနေအထားမျိုးကိုမျှော်လင့်ရန် ဖြစ်နိုင်မည်မဟုတ်ပါ။

တိုင်းပြည်စက်မှုကုန်ထုတ်လုပ်ငန်း၏ ပင်မကျောရိုးဖြစ်သော အသေးစား၊အလတ်စားစီးပွားရေးလုပ်ငန်းတို့ ဒယီးဒယိုင်ဖြစ်နေသည်မှာ လည်း နှစ်ပေါင်းများစွာ ရှည်ကြာနေပြီဖြစ်ပါသည်။ အသေးစား၊အလတ် စားစီးပွားရေးလုပ်ငန်းတို့၌ အရင်းအနှီးမပြည့်စုံ ၊ နည်းပညာပံ့ပိုးမှုမရှိ၊ လုပ်သားဝန်ထမ်းတို့အတွက် လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းတို့ မရရှိ၊ မဖန်တီးနိုင်စသော စသောလစ်ဟာချက်များရှိနေခဲ့သည်မှာလည်း နှစ် ပေါင်းများစွာရှည်ကြာနေပြီဖြစ်ပါသည်။ ပညာရေးစရိတ်ကို ခက်ခက်ခဲခဲ ရှန်းကန်ဖြည့်ဆည်းရ၊ ကျန်းမာရေးစရိတ်ကုန်ကျရပါက မရှုနိုင်မကယ် နိုင်ဖြစ် စသော စသောလူမှုရေးဖိစီးမှုတို့ တိုင်းပြည်၌ တည်ရှိနေခဲ့သည် မှာလည်း နှစ်ပေါင်းများစွာ ရှည်ကြာနေပြီဖြစ်ပါသည်။ ဤသို့ ဤပုံဟန် ချက်ပေါင်းစုံတို့ လွှဲချော်နေသောစီးပွားရေး၌ အခြေခံစားကုန်ဈေးများ တက်ခြင်းသည် မျှော်လင့်ထားရမည့်ကိစ္စမျိုး ဖြစ်ပါသည်။

သို့ဖြစ်၍ အခြေခံစားကုန်ဈေးများ တက်ခြင်းအတွက် လူထု အစိုးရသစ်၌ တစ်စုံတစ်ရာတာဝန်မရှိဟုဆိုလိုခြင်းမဟုတ်ပါ။ ငါးလ သက်တမ်းမပြည့်သေးသော လူထုအစိုးရသစ်ကို အခြေခံစားကုန်ဈေးများ ကိုင်တွယ်ထိန်းသိမ်းနိုင်ရေးအတွက် အချိန်ပိုမိုပေးရန် လိုအပ်သည်ကို ထောက်ပြလိုခြင်းသာ ဖြစ်ပါသည်။ အခြေခံစားကုန်များမြင့်တက်လာ ခြင်းသည် တိုင်းပြည်၌ နှစ်ပေါင်းများစွာ စုပုံလာခဲ့သော စီးပွားရေးပြဿနာ ပေါင်းစုံတို့နှင့် ဆက်နွှယ်ပတ်သက်လျက်ရှိနေသည်ကိုသာ မီးမောင်းထိုး တင်ပြလိုခြင်း ဖြစ်ပါသည်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို အမှန်တကယ် မြင်တွေ့လိုသော ပုဂ္ဂိုလ်အဖွဲ့အစည်းတို့အနေဖြင့် လူထုအစိုးရသစ်အပေါ် ဝေဖန်သင့်၊ဝေဖန်ထိုက်သည်များကို ဝေဖန်ရမည်ဖြစ်သကဲ့သို့ ဖြည့်ဆည်း နားလည်ပေးရမည့်ကိစ္စရပ်များ၌လည်း ဖြည့်ဆည်း နားလည်ပေးရမည် ဖြစ်ပါသည်။ အခြေခံစားကုန်များတက်ရခြင်း၏ အကြောင်းတရားကို မသိလေဟန်၊ လူထုအစိုးရသစ်၏ အားနည်းချက်ကြောင့် ဖြစ်ရလေဟန် ပြောဆိုဝေဖန်မှုများသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအား ဟန့်တား နှောင့်ယှက်နေသော အသွားနှစ်ဖက်ပါ ဝေဖန်ချက်များဖြစ်သည်ကို သတိ ပေးတင်ပြအပ်ပါသည်။ ။




## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဆားဗစ်ကြိုးဟောင်းများ အသစ်ပြန်လည်တပ်ဆင်ပေး

**ပေါက်တော ဩဂုတ် ၂၄**

စစ်တွေခရိုင် ပေါက်တောမြို့နယ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူး ရေးလုပ်ငန်းမှ ပေါက်တောမြို့ပေါ်ရပ်ကွက် ငါးခုရှိ လက်ရှိ လျှပ်စစ်မီတာသုံးစွဲသူ မီတာ ၈၆၈ လုံးရှိရာမှ အလုံး ၃၅၀ ၏ ဟောင်းနွမ်း ဆားဗစ်ဝိုင်ယာကြိုးများကို မြို့နယ်လျှပ်စစ်မှူး ဦးကျော်မျိုးဝင်းနှင့် ဝန်ထမ်းများက ဩဂုတ် ၂၀ ရက်အထိ ကွင်းဆင်းဆောင်ရွက် အသစ်လဲလှယ်ပေးခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ ရပ်ကွက်များ၌လည်း လူထုဟောပြောပွဲ များနှင့်လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် အသိပညာ ပေး ဟောပြောခဲ့ပြီး လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ဓာတ်အားလိုင်းနှင့် ထိစပ်နေသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။
(၁၅၇)

### ထင်သာမြင်သာ ပြုပြင်စရာ

## ပလိပ်-တံတားဦးကားလမ်းပေါ်ဖြတ်၍သွယ်ထားသော လျှပ်စစ်မီးကြိုးများကို အမြန်ပြုပြင်ရန်လို



မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ပလိပ်-တံတားဦးကားလမ်းပေါ်ရှိ ပလိပ် တိုက်နယ်ဆေးရုံရှေ့ ထရန်စဖော်မာအိုးမှ ပလိပ်အားကစားကွင်းရှေ့ရှိ ဈေးဆိုင် ခန်းများသို့ ကားလမ်းပေါ်မှ ဖြတ်၍ သွယ်တန်းထားသော လျှပ်စစ်မီးကြိုးများ သတ်မှတ်ကင်းလွတ်အမြင့်သို့ မရောက်သောကြောင့် မကြာခဏ ကားကြီးများနှင့်ငြိ၍ ဓာတ်ကြိုးများပြတ်ကျမှုဖြစ်ပေါ်ခဲ့သည်။

ရပ်ကွက်အတွင်းဆက်သွယ်သော လျှပ်စစ်ကြိုးမဟုတ်ဘဲ အများပြည်သူ အသုံးပြုသည့် လမ်းမကြီးကိုဖြတ်၍ သွယ်တန်းထားသော လျှပ်စစ်ကြိုးများဖြစ်ရာ လမ်းမပေါ်ဒဗဟို ဖြတ်သန်းမောင်းနှင်လျက်ရှိသော ကားများနှင့် လွတ်ကင်းအောင် သတ်မှတ်အမြင့်မှ သွယ်တန်းကြရန်လိုအပ်ကြောင်း၊ ယခုအခါ စဉ့်ကိုင်မြို့နယ် အတွင်းရှိ လျှပ်စစ်မီးပေးရေးလုပ်ငန်းများကို ကုမ္ပဏီကြီးများနှင့် အကျိုးတူပူးပေါင်း လုပ်ဆောင်လျက်ရှိရာ အများပြည်သူ ဘေးအန္တရာယ်မဖြစ်ရလေအောင် အထူး ဂရုပြုလုပ်ဆောင်ကြရန် လိုအပ်ကြောင်း ဒေသခံများ၏ပြောကြားချက်အရ သိရ သည်။

**အောင်မင်း(စဉ့်ကိုင်)**

## ရေကြီးနစ်မြုပ်စာသင်ကျောင်းများ နုန်းတင်ရေကျန်သန့်ရှင်းရေး ရထားရဲတပ်ဖွဲ့ဆောင်ရွက်

**ပုသိမ် ဩဂုတ် ၂၄**

ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့အမှတ် (၂၀)တပ်ခွဲ ဟင်္သာတမြို့၏ ကွပ်ကဲမှု အောက်ရှိ အမှတ်(၃) တပ်စု၊ ပုသိမ်မြို့မှ တပ်စုမှူး ဒုတိယရဲအုပ်စောလွင် ဦးစီးသော ရထားရဲတပ်ဖွဲ့ဝင် ၁၄ ဦး တို့သည် ဩဂုတ် ၂၂ ရက်က ပုသိမ်မြို့ အမှတ် (၄) ရပ်ကွက် ပြည်တော်သာ အိမ်ရာဝင်းရှိ ရေကြီးနစ်မြုပ်ခဲ့သော အမက(၁၃၆)အခြေခံပညာမူလတန်း ကျောင်း၌ နုန်းတင်ရေကျန် စာသင် ခန်းများ သန့်ရှင်းခြင်း၊ ရေစီးရေလာ မြောင်းများတူးဖော်ခြင်း၊ ချုံနွယ်များ ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ ကျောင်းအကျိုးတော်ဆောင်များက လိုအပ်သည်များ ကူညီဆောင်ရွက်ပေး ခဲ့ကြောင်း သိရသည်။

**ပုသိမ်-လှကြည်**

## ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းစနစ် ဆင့်ပွားသင်တန်းဖွင့်

**ရန်ကုန် ဩဂုတ် ၂၄-** ပြည်သူကိုဗဟိုပြုသောရဲလုပ်ငန်းစနစ်ဖြစ်သည့် ဆင့်ပွားသင်တန်းအမှတ်စဉ်(၂၂)ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၂ ရက်က လှိုင်သာယာမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးခန်းမ၌ကျင်းပခဲ့ရာ မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိုးဝင်းက အမှာစကားပြောကြားခဲ့သည်။

ဥရောပသမဂ္ဂ(EU)အစီအစဉ်ဖြင့် ၂၀၁၄ ခုနှစ်တွင် ရဲလုပ်ငန်းစနစ်သင်တန်းအမှတ်စဉ်(၁၃)ထိကို လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် အမှတ်စဉ်(၆)အထိကို လည်းကောင်း အရာရှိအပါအဝင် သင်တန်းသား ၂၈၅ ဦးအား လေ့ကျင့်သင်ကြားပေးနိုင်ခဲ့သည်။ ထို့ပြင် ဆင့်ပွားသင်တန်းများအနေဖြင့် တိုင်းဒေသကြီးရဲတပ်ဖွဲ့၏ အစီအစဉ်ဖြင့် သင်တန်းအမှတ်စဉ်(၂၂)အပါအဝင် အရာရှိ ၈၆ ဦးနှင့် အခြားအဆင့် ၁၂၁၆ ဦးအား လေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်သည်။ ရန်ကုန်မြောက်ပိုင်းခရိုင်နှင့်အလားတူ ဩဂုတ် ၂၃ ရက်တွင် အရှေ့ပိုင်းခရိုင်ရှိ သင်္ဃန်းကျွန်းမြို့နယ်၊ အနောက်ပိုင်းခရိုင်ရှိ ကျောက်တံတားမြို့နယ်၊ တောင်ပိုင်းခရိုင်ရှိ တွံတေး မြို့နယ်တို့တွင်လည်း တစ်ပြိုင်တည်း ၁၀ ရက်တာ သင်တန်းပို့ချလျက်ရှိကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၄-၈-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၁၂၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၆၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၅၀ / ၅၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၅၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၈၀ / ၅၉၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၉၂.၀ |
| ဥရောပ | တစ်ယူရို | ၁၃၄၅.၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၂.၄၄ |
| ထိုင်း | တစ်ဘတ် | ၃၄.၃၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၇၆ |
| တရုတ် | တစ်ယွမ် | ၁၇၉.၁၆ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၅.၉၇ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၃၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၃၄၅၊ ဖက်စ် ၀၆၇-၃၆၁၃၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၃၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၃၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၃၇၊ Fax ၀၁-၈၆၀၄၅၄၆။



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ (PPST) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်**
(သတင်းစဉ်)

❊ *ရှေ့စာမှ*

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အဓိကလိုအပ်ချက်မှာ ယုံကြည်မှုပင်ဖြစ်ကြောင်း၊ တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုရှိပါက အခြားပြဿနာများကို ဖြေရှင်းနိုင်ကြောင်း၊ ယုံကြည်မှုမရှိပါက စာချုပ်များ မည်သို့ပင်ချုပ်ထားစေကာမူ အဟောသိကံဖြစ်သွားစေနိုင်ကြောင်း၊ ယုံကြည်မှုရရှိရန်ဆိုလျှင် တစ်ဦးနှင့်တစ်ဦး ဆက်ဆံရာတွင် ပွင့်လင်းရန်နှင့် တည့်မတ်မှုရှိရန်လိုအပ်ကြောင်း၊ ပွင့်ပွင့်လင်းလင်းပြောရမည်ဆိုသော်လည်း တစ်ဖက်သားနားလည်ရန်လိုအပ်ပြီး အကျိုးရှိ၊ မှန်ကန်၊ တစ်ဖက်သားခံသာသည့် စကားကိုပြောကြားရမည်ဖြစ်ကြောင်း။

ကမ္ဘာပေါ်တွင် အရေးကြီးဆုံးမေးခွန်းမှာ “ဘာကြောင့်” ဆိုသည့် မေးခွန်းဖြစ်ကြောင်း၊ **မိမိတို့ ဘာကြောင့် ထာဝရငြိမ်းချမ်းရေး မတည်ဆောက်နိုင်သလဲ။ ကိုယ့်ဘက်က ဘာကြောင့် ငြိမ်းချမ်းရေးရအောင် မလုပ်နိုင်သလဲ။ သူ့ဘက်ကလည်း ဘာကြောင့် ငြိမ်းချမ်းရေးရအောင်မလုပ်နိုင်သလဲ** ဆိုသည့်အချက်ကို တစ်ဖက်နှင့်တစ်ဖက် မျှမျှတတစဉ်းစားပါက ယုံကြည်မှုကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ အခွင့်အလမ်းတစ်ခုသည် လူတစ်ယောက်၏ဘဝတွင် နှစ်ခါပြန်မလာတတ်ပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အောင်မြင်အောင်ကြိုးစားသွားရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက များစွာနောက်ကျကျန်ခဲ့ပြီဖြစ်ကြောင်း၊ ယခုအခါ ဆောင်ရွက်ခွင့်ရသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို မိမိတို့တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးအတွက် အောင်မြင်အောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ခေါင်းဆောင် ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုးက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပူးတွဲဆောင်ရွက်ရမည့် ကော်မတီဖွဲ့စည်းထားခြင်း၊ လက်မှတ်ရေးထိုးထားသည့် အဖွဲ့ရှစ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နေခြင်း၊ အခက်အခဲများဖြေရှင်းရန် ဆွေးနွေးညှိနှိုင်းခြင်းနှင့် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်များ လက်မှတ်ထိုးနိုင်ရန် ဆောင်ရွက်နေခြင်းတို့သည် ငြိမ်းချမ်းရေး၏ အနှစ်သာရဖြစ်သည့် တစ်ဦးကိုတစ်ဦး လေးစားအသိအမှတ်ပြုမှုကို ပြည်သူလူထုအကြားနှင့် နိုင်ငံတကာအထိ ပျံ့နှံ့အောင်ဆောင်ရွက်ရာ ရောက်ပါကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ကျင်းပသွားမည်ဟု သိရသည့်အတွက် အထူးကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

အဆိုပါအစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံ ကျင်းပရေး မူဝါဒဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ အကြိုပြင်ဆင်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှု အခြေအနေများကို လည်းကောင်း၊ အကြိုပြင်ဆင်ရေးကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ဗဟိုကော်မတီဖွဲ့စည်းဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း ရှင်းလင်းပြောကြားကြပြီး ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုး၊ PNLO ဥက္ကဋ္ဌ ခွန်မြင့်ထွန်း၊ CNF ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်းတို့က ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

**(သတင်းစဉ်)**



**ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ခေါင်းဆောင် ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုး ဆွေးနွေးစဉ်** (သတင်းစဉ်)



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ (PPST) တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်** (သတင်းစဉ်)

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၄**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM)ကို ယနေ့မွန်းလွဲ ၂ နာရီတွင် သင်္ဂဟဟိုတယ်၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက JICM အစည်းအဝေးများကို သုံးလ တစ်ကြိမ် ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

ထို့နောက် ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက ငြိမ်းချမ်းရေးအတွက် ရရှိလာသည့်အခွင့်အရေးကို အတူပူးတွဲလုပ်ဆောင်နိုင်ရန် အရေးကြီးပါကြောင်း၊ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ မိန့်ခွန်းတွင်ပါသည့်အတိုင်း ငြိမ်းချမ်းရေးရရှိမှ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆက်လက်အကောင်အထည် ဖော်နိုင်မည်ဖြစ်ကြောင်း၊ အားလုံးအတူဆောင်ရွက်လျှင် အောင်မြင်နိုင်သည်ဆိုသည့် စုပေါင်းအားကိုယူပြီး ငြိမ်းချမ်းရေး၏ အခြေခံအစဖြစ်သည့် ငြိမ်းချမ်းရေးညီလာခံနှင့် ရှေ့ဆက်သွားမည့်လုပ်ငန်းများကို အတူတကွ ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကရင်အမျိုးသားအစည်းအရုံး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအစုအဖွဲ့ကိုယ်စား ကေအင်န်ယူ ကရင်အမျိုးသားအစည်းအရုံး အထွေထွေအတွင်းရေးမှူး ပဒိုစောကွယ်ထူးဝင်းက ငြိမ်းချမ်းရေးကို မိမိတို့အတူတကွလက်တွဲ ဆောင်ရွက်သည့်အခါတွင် အခက်အခဲများရှိနိုင်ပါကြောင်း၊ တစ်ဖက်နှင့်တစ်ဖက် ယုံကြည်မှုကို တည်ဆောက်သွားရမည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးမရှိခဲ့သည်မှာလည်း အတိတ်၏ပြဿနာဖြစ်ပြီး နှစ်ဖက်လုံး၏ အားနည်းချက်ဖြစ်ပါကြောင်း၊ တည်ငြိမ်အေးချမ်းရန် JICM တွင် တာဝန်ရှိသည့်ပုဂ္ဂိုလ်များ ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေး၌ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးများက UPDJC ၏ဆောင်ရွက်ချက်များအား ရှင်းလင်းတင်ပြခြင်း၊ အတည်ပြုခြင်း၊ ပြည်ထောင်စုအဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီအဖွဲ့ဝင် အမည်စာရင်းအား



တင်ပြခြင်းနှင့် အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြပြီး ရှေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့နောက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့ကိုယ်စား ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဒုတိယဥက္ကဋ္ဌ ခိုင်စိုးနိုင်အောင်၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းနှင့် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေတို့က နိဂုံးချုပ်အမှာစကားပြောကြားကြသည်။

**(သတင်းစဉ်)**

# ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာ (နေပြည်တော်) ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၂၄**

နိုင်ငံတော်ကာကွယ်ရေးနှင့် အမျိုးသားရေးတာဝန်များကို နှစ်ရှည်လများ ဆင်းရဲပင်ပန်းစွာ သက်စွန့်ကြိုးပမ်းထမ်းဆောင်ခဲ့ကြသည့် စစ်သည်များနှင့် မိသားစုများ၏ ဘဝရှေ့ရေးစိတ်အေးရစေရန် ရည်ရွယ်တည်ဆောက်ခဲ့သည့် ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာ(နေပြည်တော်)ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ အဆိုပါဘိုးဘွားရိပ်သာ၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်သည်။

ရှေးဦးစွာ အဆိုပါဘိုးဘွားရိပ်သာရှိ သံသရာငြိမ်းအေးစေတီတော်မြတ် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ ဗုဒ္ဓါဘိသေကအနေကဇာတင် ရေစက်ချမဟာမင်္ဂလာအခမ်းအနားကို ရိပ်သာဓမ္မာရုံ၌ပြုလုပ်ရာ နေပြည်တော် ပျဉ်းမနားမြို့ရှိ မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အမှူးပြုသော သံဃာတော်များ တက်ရောက်ချီးမြှင့်တော်မူသည်။

ယင်းနောက် ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ ဖွင့်ပွဲအခမ်းအနား ဆက်လက်ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်အနေဖြင့် တိုင်းပြည်အတွက် အသက်စွန့်ခဲ့သူများ၊ အငြိမ်းစားစစ်မှုထမ်းဟောင်းများနှင့် မိသားစုများ အဆင်ပြေချောမွေ့စွာနေထိုင်နိုင်ရေးအတွက် စစ်မှုထမ်းဟောင်း အဆင့်မြင့်အိမ်ရာများ ဆောက်လုပ်ပေးလျက်ရှိရာ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ လားရှိုးနှင့် ဟုမ္မလင်းမြို့များတွင် အဆောက်အအုံ ၁၀၁ လုံး ဆောက်လုပ်ပြီးစီးခဲ့ကြောင်း၊ ရန်ကုန်၊ မကွေး၊ ဖာပွန်၊ ထားဝယ်၊ မြိတ်နှင့်ခိုလမ်မြို့များတွင်လည်း အဆောက်အအုံအလုံး၇၀ ဆက်လက်ဆောက်လုပ်ပေးလျက်ရှိကြောင်း၊ **စစ်မှုထမ်းဟောင်းများအားလုံးအတွက် ပြည့်စုံလုံလောက်မှု မရှိသေးသော်လည်း ပြည့်စုံလုံလောက်သည်အထိ ရည်မှန်းချက်ထားပြီး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်**ကြောင်း၊ ကျန်းမာရေးအတွက်လည်း နီးစပ်ရာတပ်မတော်ဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှု ခံယူနိုင်ရေး ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းကြည်(အငြိမ်းစား)က ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ တည်ဆောက်ရေးလုပ်ငန်းမှာ ကြီးမားကျယ်ပြန့်သည့် လုပ်ငန်းကြီးတစ်ရပ်ဖြစ်သော်လည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဦးဆောင်မှုဖြင့်တပ်မတော်က လိုအပ်သည်များ အကြံပြု၊ ဖြည့်ဆည်းလုပ်ဆောင်ပေးမှုကြောင့် အချိန်ကြန့်ကြာမှုမရှိဘဲ ကောင်းမွန်ပြည့်စုံစွာ အောင်မြင်ပြီးမြောက်မှုအတွက် အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။





**ရင်းရင်းနှီးနှီး အားပေးစကားပြောကြား**

ဆက်လက်၍ ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာအထိမ်းအမှတ် ရုပ်တုအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းကြည်(အငြိမ်းစား)တို့က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)**ဘိုးဘွားရိပ်သာအတွင်း လှည့်လည်ကြည့်ရှု၍ အဘိုးအဘွားများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားသည်။

အဆိုပါ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာကို တပ်မတော်တွင်နှစ်ရှည်လများ သက်စွန့်ကြိုးပမ်း တာဝန်ထမ်းဆောင်ခဲ့ကြသည့် အသက် ၆၀ ကျော် အငြိမ်းစားစစ်သည်တော်ကြီးများနှင့်ဇနီးများ၊ ကျဆုံးစစ်သည်များ၏ ဇနီးများနှင့် မိသားစုဝင် လူမမည်ကလေးများ၊ စစ်ဆင်ရေးတာဝန်ထမ်းဆောင်ရင်း ထိခိုက်ဒဏ်ရာရရှိခဲ့သည့် မစွမ်းမသန်စစ်သည်များ၊ ၎င်းတို့၏ ဇနီးများနှင့် မိသားစုဝင် လူမမည်ကလေးများ ၊ နေရာလစ်လပ်မှုရှိပါက တပ်မတော်နှင့် အတူလက်တွဲ၍ တာဝန်ထမ်းဆောင်ခဲ့ကြသည့် စစ်မှုထမ်းမဟုတ်သော ပြည်သူ့စစ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တိုင်းပြည်အတွက် သက်စွန့်ကြိုးပမ်းတာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများနေထိုင်ရန် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်ကာ ယခုအခါတွင် စစ်မှုထမ်းဟောင်းအဘိုး ၃၀ ၊ အဘွား ခြောက်ဦး စုစုပေါင်း ၃၆ ဦး နေထိုင်လျက်ရှိကြောင်း သိရသည်။

အဆိုပါဘိုးဘွားရိပ်သာအား ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး လျာထားအဆောက်အအုံ ၃၈ လုံးတွင် လက်ရှိ ဆောက်လုပ်ပြီးစီးမှု ၃၅ လုံးပြီးစီးပြီဖြစ်ကာ ရာခိုင်နှုန်းပြည့်ဆောက်လုပ်ပြီးစီးပါက အဘိုး ၁၈၀ ၊ အဘွား ၁၂၀ နှင့် အဘိုး အဘွားစုံတွဲ ၄၈ စုံအား ထားရှိပြုစုနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ငြိမ်းချမ်းရေးညီလာခံပြီးပြီးချင်း တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲတွေကို ကျင်းပရမှာဖြစ်ပါတယ်

**တွေ့ဆုံမေးမြန်း - မျိုးမြင့်ကျော်သူထက်**
**ဓာတ်ပုံ - ကိုစိုးညွန့်လေး**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေးနှင့် စပ်လျဉ်းပြီး တက်ရောက်လာကြသူများ၏ ပြောကြားချက်များကို ထုတ်နုတ်ဖော်ပြလိုက်ပါသည်-



ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း



ပဒိုစောကွယ်ထူးဝင်း



ဒေါက်တာတင်မျိုးဝင်း

**ခွန်မြင့်ထွန်း (PNLO ဥက္ကဋ္ဌ )**

နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) တို့ အစည်းအဝေးလုပ်ခဲ့တာပါ။ (၂၁)ရာစုပင်လုံ အောင်အောင်မြင်မြင် ကျင်းပနိုင်ဖို့၊ အပြည့်အဝ ပူးပေါင်းဆောင်ရွက်နိုင်ဖို့နဲ့ NCA အကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ တန်းတူညီတူပူးတွဲပြီး ဆောင်ရွက်သွားနိုင်ဖို့ ကိစ္စရပ်တွေကို ဆွေးနွေးခဲ့ကြတာ ဖြစ်ပါတယ်။

အခုက NCA ကို လက်မှတ်ရေးထိုးထားတဲ့အဖွဲ့တွေရော၊ လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေရော အစိုးရနဲ့ပူးပေါင်းပြီး (၂၁)ရာစုပင်လုံကို ကျင်းပဖို့ဆောင်ရွက်နေပါတယ်။ ပူးတွဲကျင်းပရေးကော်မတီဖွဲ့တဲ့အခါမှာလည်း အစိုးရရော၊ လက်မှတ်ထိုးတဲ့သူရော၊ လက်မှတ်မထိုးတဲ့သူရော ပါဝင်ပြီးတော့ ဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။ ဒါကို အောင်မြင်မယ်လို့ ယုံကြည်ပါတယ်။

**ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း (ချင်းအမျိုးသားတပ်ဦး ဒုတိယဥက္ကဋ္ဌ )**

အဓိကအရေးအကြီးဆုံးက NCA စာချုပ်မှာ ဘယ်လိုပါလဲဆိုတော့ JICM လို့ခေါ်တဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကိုခေါ်ပြီး အဲ့ဒီအစည်းအဝေးကနေ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီနဲ့ JMC လို့ခေါ်တဲ့ ပူးတွဲကော်မတီဖွဲ့စည်းဖို့ သဘောတူထားခဲ့ပါတယ်။ အဲ့ဒီအပြင် NCA စာချုပ်မှာပါတဲ့ တခြားကိစ္စတွေကို အကောင်အထည်ဖော်တဲ့ ကော်မတီတွေလည်း ဖွဲ့စည်းဖို့ ခွင့်ပြုထားပါတယ်။ အဲဒီအတွက် လိုအပ်တဲ့ကော်မတီတွေ ထပ်ဖွဲ့စည်းပေးဖို့ တင်ပြထားပါတယ်။ ထပ်ပြီးဖွဲ့စည်းဖို့ လိုအပ်တဲ့ကော်မတီတွေကတော့ ကြားကာလအစီအစဉ်တွေကို ဆောင်ရွက်နိုင်ဖို့ ဖြစ်ပါတယ်။

အရပ်သားတွေကို ကာကွယ်ရမယ့်ကိစ္စတွေပါပါတယ်။ လူသားချင်းစာနာတဲ့ကိစ္စနဲ့ ဒုက္ခသည်တွေ၊ IDP တွေ ပြန်လည်နေရာချထားရေးကိစ္စတွေက မဆောင်ရွက်လို့ မရတဲ့ကိစ္စတွေ ဖြစ်တဲ့အတွက် JICM အစည်းအဝေးကနေ ကော်မတီတွေဖွဲ့ပြီး အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ NCA စာချုပ်အရ ဆက်လက်အကောင်အထည်ဖော်ဖို့ကို တင်ပြထားပါတယ်။

ဒုတိယအနေနဲ့က ကျွန်တော်တို့ လက်မှတ်ထိုးထားတဲ့အဖွဲ့တွေ ဆက်လက်ရပ်တည်နိုင်ရေးအတွက် ရုံးကိစ္စ၊ ရန်ပုံငွေကိစ္စ၊ ဆက်ဆံရေးရုံးတွေ ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့ဖွင့်လှစ်နိုင်ရေးကိစ္စတွေကို တင်ပြပါတယ်။ အခု ငြိမ်းချမ်းရေးညီလာခံပြီးပြီးချင်း တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေကို ကျင်းပရမှာဖြစ်ပါတယ်။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေကို ကျင်းပမယ်ဆိုရင် ကျွန်တော်တို့ လူထုနဲ့တိုင်ပင်ဖို့၊ ဆွေးနွေးဖို့လိုပါတယ်။ ပြီးတော့ အကြောင်းအရာအလိုက်၊ လူမျိုးအလိုက်၊ ဒေသအလိုက် ဆွေးနွေးပွဲတွေ အများကြီးကျင်းပရမှာဖြစ်တယ်။ အဲဒါကြောင့် ဆက်ဆံရေးရုံးတွေရဲ့ လုပ်ငန်းဆောင်ရွက်မှု ပိုများလာမှာဖြစ်တဲ့အတွက် ဒါတွေကို ဆောင်ရွက်ပေးဖို့ တိုင်ပင်ထားတာဖြစ်ပါတယ်။

တတိယအချက် အနေနဲ့ကတော့ အခုလုပ်ငန်းတွေ မြန်မြန်ဆန်ဆန်နဲ့ ဆောင်ရွက်ဖို့ လိုအပ်လာပြီဖြစ်တဲ့အတွက် နိုင်ငံတကာအကူအညီအပါအဝင် နိုင်ငံတော်အစိုးရဘက်ကလည်း ပံ့ပိုးကူညီမှုတွေ ပိုပြီးတော့ လျင်မြန်စွာဆောင်ရွက်ပေးဖို့ကိစ္စတွေ ပါပါတယ်။ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ် ဘက်ကလည်းပဲ ဒါတွေကို အမြန်ဆုံးဆောင်ရွက်နေတဲ့အကြောင်းနဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ကူညီပံ့ပိုးမယ့် နိုင်ငံတကာ အလှူရှင်တွေနဲ့ ရန်ပုံငွေတွေ ပိုပြီးများပြားအောင် လုပ်ပေးနေတဲ့အကြောင်း ပြောတဲ့အတွက် ကျွန်တော်တို့အနေနဲ့ အများကြီး ကျေးဇူးတင်ပါတယ်။

ဒီညနေ JICM အစည်းအဝေးကို ကျင်းပမှာဖြစ်ပါတယ်။ JMC လို့ခေါ်တဲ့ ပူးတွဲစောင့်ကြည့်ရေး ကော်မတီအဖွဲ့က နေပြီးတော့ ဆုံးဖြတ်ထားတဲ့ ဆုံးဖြတ်ချက်အားလုံးကိုလည်း JICM အစည်းအဝေးမှာ အတည်ပြုရပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီလို့ခေါ်တဲ့ UPDJC ဆွေးနွေးချက်တွေ၊ ဆုံးဖြတ်ချက်တွေ၊ မကြာခင်ကျင်းပမယ့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပရေးအပါအဝင် ဒီကဏ္ဍနဲ့ ပတ်သက်ပြီး ဆောင်ရွက်တဲ့ဆောင်ရွက်ချက်အားလုံးကို JICM က အတည်ပြုပေးမှပဲ တရားဝင်ဖြစ်ပါတယ်။ အဲဒါကြောင့် ဒီညနေ အစည်းအဝေးက အင်မတန်မှ အရေးကြီးတဲ့ အစည်းအဝေး ဖြစ်ပါတယ်။

အစိုးရဘက်က ကြိုးစားနေတဲ့အပိုင်းမှာတော့ ဆပ်ကော်မတီ-၂ ကနေပြီး လက်မှတ်မထိုးသေးတဲ့ အဖွဲ့တွေပါဝင်နိုင်ဖို့ လုပ်ပါတယ်။ လက်မှတ်ထိုးထားတဲ့ အဖွဲ့က မိုင်ဂျာယန်ညီလာခံပြီးပြီးချင်း CT လို့ခေါ်တဲ့ လက်မှတ်ထိုးထားတဲ့ အဖွဲ့ရဲ့ Coorporation Team နဲ့ DPN လို့ခေါ်တဲ့ လက်မှတ်မထိုးသေးတဲ့အဖွဲ့တွေ တိုင်ပင်ပြီးတော့ ဒီညီလာခံမှာ ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခုလုံး အားလုံးပါဝင်နိုင်ဖို့အတွက် ကြိုးစားနေပါတယ်။ အခုဆိုရင် လက်မှတ်ထိုးတဲ့အဖွဲ့ရော၊ လက်မှတ်မထိုးရတဲ့အဖွဲ့ရော ၁၈ ဖွဲ့ ဒီညီလာခံကြီးကို တက်ရောက်တော့မှာ ဖြစ်ပါတယ်။

ကျန်တဲ့ သုံးဖွဲ့က အစိုးရနဲ့ ဆက်လက်ညှိနှိုင်းနေတုန်းပဲဖြစ်ပါတယ်။ မကြာခင် Statement ထုတ်နိုင်ပြီးတော့ သူတို့လည်း ပါလာနိုင်ဖို့အတွက် အားလုံး ကြိုးပမ်းထားပါတယ်။

ဆက်ဆံရေးရုံး ဖွင့်လှစ်တာနဲ့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပတာကို NCA လက်မှတ်ရေးထိုးခြင်းမရှိဘဲနဲ့ ဆောင်ရွက်လို့မရပါဘူး။ NCA စာချုပ်ပေါ်မှာ အခြေခံပြီးတော့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အခြေခံမှုတစ်ခုခုမရှိဘဲနဲ့ အလုပ်လုပ်ရင် ရေရှည်မှာ ပြဿနာကြုံမှာဖြစ်ပါတယ်။ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံပြီးရင် လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေအနေနဲ့ လက်မှတ်ထိုးနိုင်ဖို့အတွက် မူဘောင်ကို ပြန်လည်ဆွေးနွေးရမယ်။ NCA စာချုပ်လက်မှတ်ရေးထိုးဖို့တော့ လိုမယ်။ ဒါကြောင့် ညီလာခံပြီးပြီးချင်း သူတို့ လက်မှတ်ထိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးကြပါလို့လည်း မေတ္တာရပ်ခံချင်ပါတယ်။

**ပဒိုစောကွယ်ထူးဝင်း ( ကရင်အမျိုးသားအစည်းအရုံး၊ အထွေထွေအတွင်းရေးမှူး)**

ဒီကနေ့ အစည်းအဝေးမှာ NCA အကောင်အထည်ဖော်တဲ့ နေရာမှာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့နဲ့ နိုင်ငံတော်အစိုးရ တန်းတူညီတူ ပူးတွဲဆောင်ရွက်ဖို့ကိစ္စ၊ NCA စာချုပ်မှာပါတဲ့ သဘောတူညီချက်တွေကို အကောင်အထည်ဖော်ဖို့ မဆောင်ရွက်ရသေးတဲ့ကိစ္စ၊ ဆိုလိုတာက ကြားကာလအစီအစဉ်ဆွဲထားတဲ့ကိစ္စမျိုး၊ ဆက်ဆံရေးကိစ္စနဲ့ ပတ်သက်တဲ့ဟာမျိုး အတည်ပြုပေးဖို့ တင်ပြဆွေးနွေးတာဖြစ်ပါတယ်။ ရှိနေတဲ့ အဖွဲ့အစည်းတွေ၊ စုဖွဲ့မှုတွေ၊ ကော်မတီတွေ ပုံမှန်အစည်းအဝေးကျင်းပဖို့ကိစ္စ၊ ငြိမ်းချမ်းရေး ဆောင်ရွက်တဲ့နေရာမှာ လက်မှတ်မရေးထိုးသေးတဲ့ အဖွဲ့တွေလည်း ပါဝင်လာနိုင်ဖို့ တင်ပြပါတယ်။

(၂၁)ရာစုပင်လုံ အောင်အောင်မြင်မြင်နဲ့ပြီးရင် အမျိုးသားအဆင့် နိုင်ငံရေးတွေ စတင်ဆွေးနွေးနိုင်ဖို့ ဆောင်ရွက်မယ်၊ နိုင်ငံရေးဆွေးနွေးပွဲကို ဆက်ပြီးသွားမယ်ဆိုတာကလည်း UPDJC မှာလည်း ဆုံးဖြတ်ချက်ချထားပြီးပြီ၊ ဒီကိစ္စကို နိုင်ငံတော်ရဲ့အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း အောင်အောင်မြင်မြင်နဲ့ ပူးပေါင်းဆောင်ရွက်ကြဖို့ မေတ္တာရပ်ခံတင်ပြခဲ့ပါတယ်၊ ဒီဆွေးနွေးပွဲကတော့ ရှေ့ဆက်ပြီးတော့ ငြိမ်းချမ်းရေးအကောင်အထည်ဖော်တဲ့နေရာမှာ အကုန်လုံးပါဝင်နိုင်ဖို့အတွက် အစိုးရဘက်က ဆောင်ရွက်သလို ကျွန်တော်တို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကလည်း ကြိုးပမ်းဆောင်ရွက်ဖို့ သူကတော့ မေတ္တာရပ်ခံပါတယ်။

လွန်ခဲ့တဲ့ အစိုးရကိုတုန်းကလည်း ငြိမ်းချမ်းရေးဖော်ဆောင်တဲ့ နေရာမှာ

*စာမျက်နှာ ၆ ကော်လံ ၁*

# ရေနှင့် ဆက်နွယ်သည့်မူဝါဒများ၊ ဥပဒေနှင့် နည်းဥပဒေများကို ခေတ်ကာလနှင့်အညီ ပြန်လည်သုံးသပ်ပြင်ဆင်မှုများ ဆောင်ရွက်ရမည်



**နေပြည်တော် ဩဂုတ် ၂၄**

ရေဆိုင်ရာစီမံခန့်ခွဲမှုများကို စနစ်တကျဆောင်ရွက်နိုင်ခြင်းမရှိလျှင် ရေရှည်တွင် ရေကြီးရေလျှံမှုများနှင့် ရေရှားပါးမှုများကြောင့် စီးပွားရေးဖွံ့ဖြိုးမှု ဆုတ်ယုတ်ခြင်း၊ လူမှုရေး မတည်မငြိမ်ဖြစ်ခြင်း၊ ရောဂါထူပြောခြင်းနှင့် အာဟာရချို့တဲ့ခြင်းစသည့် အကျပ်အတည်းများသို့ ဦးတည်သွားနိုင်ကြောင်း အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြောကြားသည်။

နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ယနေ့ မွန်းလွဲ ၁ နာရီတွင် ကျင်းပသည့် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအစည်းအဝေး ၁/၂၀၁၆ **(ယာပုံ)**တွင် ဒုတိယသမ္မတက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

**သဘာဝအရင်းအမြစ်တစ်ခုဖြစ်**

ဒုတိယသမ္မတက ရာသီဥတုပြောင်းလဲမှု (Climate Change) ဖြစ်စဉ်များကြောင့် ကမ္ဘာတစ်ဝန်း မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးခေါင်ခြင်း၊ အပူချိန်မြင့်တက်ခြင်း၊ အအေးလွန်ကဲခြင်း စသည်တို့ကို ပိုမိုတွေ့ကြုံခံစားနေကြရပါကြောင်း၊ ထို့အတူ ရေကြီးရေလျှံမှု၊ ရေရှားပါးမှု စသည့် ပြဿနာများကိုလည်း နှစ်စဉ်တွေ့ကြုံနေရကြောင်း၊ ရေသည် သက်ရှိများအသက်ရှင်နေထိုင်မှု၊ စားနပ်ရိက္ခာဖူလုံမှု၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် လူသားတို့၏ဂုဏ်သိက္ခာနှင့် ယဉ်ကျေးမှုများ တည်တံ့နိုင်ရေးတို့အတွက် အခြေခံအကျဆုံးသော သဘာဝအရင်းအမြစ်တစ်ခု ဖြစ်ပါကြောင်း။

မိမိတို့ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအနေဖြင့် ဝန်ကြီးဌာနများအလိုက် ဆောင်ရွက်ကြရသည့်လုပ်ငန်းများ ပိုမိုထိရောက်မှုရှိစေရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လူတစ်ဦးချင်း ရေရရှိသုံးစွဲနိုင်မှုများလျော့ကျလာနိုင်မှု၊ မြစ်ချောင်းများအပါအဝင် မြေပေါ်မြေအောက် ရေအရင်းအမြစ်များ ရေအရည်အသွေးကျဆင်းလာမှု၊ ရေလမ်းကြောင်းများပြောင်းလဲပြီး မြို့ရွာများ ရေတိုက်စားခံနေရမှု၊ ရာသီဥတုပြောင်းလဲမှုကြောင့် ရေနှင့် ဆက်နွယ်သည့် သဘာဝဘေးအန္တရာယ်များ ပိုမို တွေ့ကြုံခံစားလာရမှုများကို စုပေါင်းအားဖြင့် အချိန်မီကာကွယ်တားဆီးနိုင်မည်ဟု မျှော်မှန်းထားပါကြောင်း ပြောကြားသည်။

ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်သည့် မိမိတို့နိုင်ငံ၏ ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုဆိုင်ရာ အဖွဲ့အစည်းများတွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး အဆင့်များ၊ မြစ်ဝှမ်းဒေသများ၊ အများပိုင်၊ ပုဂ္ဂလိကပိုင်ကဏ္ဍများ၊ ဆက်နွယ်သက်ဆိုင်သူများ ပါဝင်သည့် ဖွဲ့စည်းမှုဆိုင်ရာမူဘောင် (Institutional Framework) လိုအပ်မည်ဖြစ်ပါကြောင်း။

စီမံခန့်ခွဲရေးအဖွဲ့များသည် ရေနှင့်ကဏ္ဍအလိုက် ရေလိုအပ်ချက်များအတွက် ညှိနှိုင်းရေးမှူးများအဖြစ် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စီမံခန့်ခွဲသူများအနေဖြင့် ရေအရင်း အမြစ်များဖွံ့ဖြိုးတိုးတက်မှု(Development)၊ စီမံခန့်ခွဲမှု(Management) နှင့် စောင့်ကြည့်အကဲဖြတ်မှု (Monitoring and Evaluation)တို့ကို ညှိနှိုင်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

နိုင်ငံသားအားလုံးပါဝင်သည့် ဖွံ့ဖြိုးတိုးတက်မှု "All Inclusive development" အတွက် မှန်ကန်သည့် ရေအရင်းအမြစ်စီမံခန့်ခွဲမှု မရှိမဖြစ်လိုအပ်ပါကြောင်း၊ ရေးဆွဲပြဋ္ဌာန်းထားသည့် အမျိုးသားအဆင့်ရေမူဝါဒ (National Water Policy)၊ ရေအရင်းအမြစ်စီမံခန့်ခွဲမှုစနစ် (IWRM System) များကိုအခြေခံ၍ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဖော်ဆောင်သွားရမည်ဖြစ်ကြောင်း ဒုတိယသမ္မတက ပြောကြားသည်။

ဒုတိယသမ္မတက အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ လုပ်ငန်းတာဝန်များ၊ ပြည်သူများအတွက် အမြန်အကျိုးရှိစေမည့် လုပ်ငန်းများနှင့် နိုင်ငံတော်နှင့် နိုင်ငံသားများအားလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်မည့် အခြေခံအဆောက်အအုံများကို အချိန်တိုအတွင်း ထိရောက်အောင်မြင်စွာ ဖော်ဆောင်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

**ဆွေးနွေးပြောကြား**

ထို့နောက် ကော်မတီ ဒုတိယဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ရေအရင်းအမြစ်ထိန်းသိမ်းရေးဆိုင်ရာများနှင့် ရေအသုံးချရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် ကော်မတီအတွင်းရေးမှူး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် က ကော်မတီဖွဲ့စည်းမှု၊ ကော်မတီ၏ တာဝန်ဝတ္တရားများ၊ ရေအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဝင် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ စည်ပင်သာယာရေးကော်မတီများမှ တာဝန်ရှိသူများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ကိုယ်စားလှယ်ဝန်ကြီးများက ရေနှင့်ဆက်နွယ်သည့် စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ မိမိတို့ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးကြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသည့် ရေဆိုင်ရာကျွမ်းကျင်ပညာရှင်များက အကြံပြုဆွေးနွေးကြသည်။


**အထောက်အကူပြု**

ယင်းနောက် အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်သည့် အကြံပြုဆွေးနွေးချက်များသည် ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များကို ရွေးချယ်ချမှတ်ရာတွင် များစွာအထောက်အကူပြုပါကြောင်း။

ရေကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် ယခုအချိန်မှစတင်၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အလားတူ တွေ့ကြုံနေရသည့် အခက်အခဲပြဿနာများကို ရေတို၊ ရေရှည်ကာကွယ်ဖြေရှင်းနိုင်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**(သတင်းစဉ်)**

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမေရိကန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့မာရှယ်အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ယနေ့ နံနက် ၉နာရီတွင် လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြေယာမူဝါဒဆိုင်ရာကိစ္စရပ်များ၊ အရေးပေါ်ကာလစီမံခန့်ခွဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ရခိုင်ပြည်နယ်ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## မကွေးမြို့၌ ညအချိန် လှည့်ကင်းရဲတပ်ဖွဲ့နှင့် အရာရှိစစ်သည် သုံးဦးတို့ ခိုက်ရန်ဖြစ်ပွားမှု စစ်စည်းကမ်း၊ ရဲစည်းကမ်းတို့ဖြင့် အရေးယူသွားမည်ဟုသိရှိရ

**နေပြည်တော် ဩဂုတ် ၂၄**

မကွေးမြို့ ကန်သာယာရပ်ကွက် ၅ လမ်းရှိ နန်းမဥ္ဇူ အမျိုးသမီးဘော်ဒါဆောင်ရှေ့တွင် ဩဂုတ် ၁၅ ရက် နံနက် ၀၀ နာရီ မိနစ် ၂၀ ခန့်က အရာရှိစစ်သည် သုံးဦးသည် တာဝန်ချိန်ပြင်ပ အရက်သောက်စားပြီး ဂစ်တာတီးနေစဉ် မကွေးမြို့မရဲစခန်းမှ လှည့်ကင်းထွက်လာသော ဒုရဲအုပ် ကိုကိုဦးပါ လေးဦးတို့က တွေ့မြင်ပြီး ညအချိန်မတော်ဖြစ်နေ၍ ပတ်ဝန်းကျင်အနှောင့်အယှက်ဖြစ်မည်ကို စိုးရိမ်သဖြင့် လူစုခွဲပြန်ရန်ပြောဆိုစဉ် အချေအတင်စကားများရာမှ ရှန်းရင်းဆန်ခတ် ခိုက်ရန်ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်အား တပ်မတော်မှ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍လည်းကောင်း စုံစမ်းစစ်ဆေးခဲ့ရာ လှည့်ကင်းအဖွဲ့နှင့် အရာရှိစစ်သည်သုံးဦးတို့ ရှန်းရင်းဆန်ခတ်ခိုက်ရန် ဖြစ်ပွားနေစဉ် ဒုရဲအုပ် ကိုကိုဦးက ၎င်းကိုင်ဆောင်သော ခြောက်လုံးပြူးသေနတ်ကို ကျည်ဆန်ကုန်သည်အထိ ပစ်ခတ်ခဲ့ရာ အရာရှိစစ်သည် နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ခိုက်ရန်ဖြစ်ပွားမှုကြောင့် လှည့်ကင်းတပ်ဖွဲ့ဝင်များလည်း ဒဏ်ရာအသီးသီးရရှိခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ခိုက်ရန်ဖြစ်ပွားမှုနှင့် စပ်လျဉ်း၍ အရာရှိစစ်သည်သုံးဦးတို့သည် ညအချိန်တာဝန်ချိန်ပြင်ပတွင် အရက်သောက်စားပြီး ခိုက်ရန်ဖြစ်ပွားခဲ့ခြင်းအပေါ် စစ်စည်းကမ်းအရ အရေးယူဆောင်ရွက်မည်ဖြစ်ပြီး ဒုရဲအုပ် ကိုကိုဦးအား မိမိကိုင်ဆောင်သည့်သေနတ်ကို လိုအပ်သည်ထက် ပိုမိုပစ်ခတ်ဆောင်ရွက်ခဲ့သဖြင့် ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

**ပြင်ဆင်ဖတ်ရှုပါရန်**

ဩဂုတ် ၂၄ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၅)ကော်လံ (၄) အရှုံးပေါ်နေသည့် နိုင်ငံပိုင်စက်ရုံ လုပ်ငန်းများ စာပိုဒ်စာကြောင်းရေ ၈ ပါ ဆိုလာ **(အစား)** ကော့စတစ်ဆိုဒါ ဟု ပြင်ဆင်ဖတ်ရှုပါရန်။
(သတင်းစဉ်)

**နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်**

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ပြည့်ဖြစ်သည်။
(မိုး/ဇလ)

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ အကြိုဂုဏ်ပြုဆောင်းပါး

# မျိုးဆက်သစ်တို့အတွက် ငြိမ်းချမ်းရေး အမွေ

## မောင်သောင်းဝင်း(တမန်ဟောင်း)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ၁၉၄၈ ခုနှစ်ကတည်းက လွတ်လပ်ရေးရရှိခဲ့သောကြောင့် တိုင်းပြည်တိုးတက်ရေးအတွက် ကိုယ့်လက်ကိုယ့်ခြေဖြင့် လုပ်ကိုင်ဆောင်ရွက်လာသည်မှာ လက်ရှိအချိန်တွင် နှစ်ပေါင်း ၇၀ နီးပါး ရှိနေပြီဖြစ်သည်။ လွတ်လပ်ရေးရရှိစဉ်ကတည်းက ပြည်တွင်းသောင်းကျန်းမှုများပေါ်ပေါက်ခဲ့သဖြင့် ပြည်တွင်းစစ်မီးတောက်လောင်နေသည်မှာလည်း ရာစုနှစ်တစ်ခု၏ လေးပုံ၊ သုံးပုံခန့် ရှိနေပြီဖြစ်သည်။ ထိုအကျိုးဆက်ကို ပြည်သူအားလုံးခံစားနေရပြီး အထူးသဖြင့် စစ်ဘေးသင့်ဒေသရှိ တိုင်းရင်းသားပြည်သူများသည် ခါးသီးသောအတွေ့အကြုံများကို ခါးစည်းခံနေရလျက်ရှိသည်။ ထိုအဖြစ်ဆိုးကြီးကို ရှောင်ရှားနိုင်ရန်အတွက် ပြည်သူအားလုံးတွင် တာဝန်ရှိကြသည်။ ထိုပြဿနာအတွက် စစ်မှန်သောအဖြေသည် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်ပင်ဖြစ်သည်။

ငြိမ်းချမ်းရေးသည် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပင်မရေသောက်မြစ်ပင်ဖြစ်သည်။ အသက်တမျှအရေးပါသော ထိုငြိမ်းချမ်းရေးအား ရယူတည်ဆောက်နိုင်ရန်သည် ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုများအကြား သံသယများဖယ်ရှားပြီး ယုံကြည်မှုတည်ဆောက်သွားရန်ဖြစ်သည်။ ဦးစွာ ယုံကြည်မှု တည်ဆောက်ပြီးမှသာ ထာဝရငြိမ်းချမ်းရေးကိုတည်ဆောက်နိုင်မည်ဖြစ်သည်။ ကမ္ဘာပေါ်ရှိ တိုးတက်နေသောနိုင်ငံများသည် ပြည်တွင်းဆူပူသောင်းကျန်းမှုကင်းဝေးပြီး နိုင်ငံသားများအကြား ထာဝရငြိမ်းချမ်းရေးတည်ဆောက်ထားနိုင်သောကြောင့် ဖြစ်သည်။ နိုင်ငံသားများအကြား သံသယပွားနေသမျှ ကာလပတ်လုံး ထာဝရငြိမ်းချမ်းရေးသည် ရုပ်လုံးပေါ်လာနိုင်မည်မဟုတ်ချေ။ ထို့ကြောင့် မုန့်လုံးစက္ကူကပ်သလို သံသရာလည်နေမည်သာ ဖြစ်သည်။

မြန်မာနိုင်ငံအတွင်း ငြိမ်းချမ်းရေးရရှိရန်သည် ပြည်သူအားလုံးတွင် တာဝန်ရှိပေသည်။ အထူးသဖြင့် တိုက်ရိုက်သက်ဆိုင်သည့် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်သက်ဆိုင်ရာတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများတွင် များစွာ တာဝန်ရှိပေသည်။ တာဝန်ရှိသူများအနေဖြင့် မိမိ၏အတ္တကိုရှေ့တန်းမတင်ဘဲ တိုင်းပြည်နှင့်ပြည်သူများ၏အကျိုးကိုမျှော်တွေးကာ ဆွေးနွေးအဖြေရှာသင့်သည်။ မြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်ခဲ့သော အစိုးရအသီးသီးသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများပြုလုပ်ခဲ့သော်လည်း သိသာထင်ရှားသောအောင်မြင်မှုများကို ဖော်ဆောင်နိုင်စွမ်းမရှိခဲ့ချေ။ အကျိုးဆက်အနေဖြင့် ထာဝရငြိမ်းချမ်းရေး မတည်ဆောက်နိုင်ဘဲ ပြည်တွင်းဆူပူသောင်းကျန်းမှုများသာ ဆက်လက် ဖြစ်ပွားနေခဲ့သည်။ နယ်စပ်ဒေသများတွင် သေနတ်သံများသာကြားရပြီး ကလေးများ၏စာဖတ်သံများ ပျောက်ဆုံးခဲ့သည်မှာ ကာလကြာမြင့်နေပြီဖြစ်သည်။ စာရေးသူအနေဖြင့် ကျည်လွတ်မြေတွင် မိသားစု၊ ဆွေမျိုးသားချင်းများနှင့်အတူ မတောင့်မတ၊ မကြောင့်မကြဖြင့် စိတ်လက်အေးချမ်းစွာ နေထိုင်ခွင့်ရနေသော် လည်း ဒုက္ခသည်စခန်းများရှိ စစ်ဘေးရှောင်ပြည်သူများအတွက် များစွာ ရတက်မအေးဖြစ်နေရပါသည်။ အထူးသဖြင့် အနာဂတ်ပျောက်ဆုံးနေသော ကလေးငယ်များ၊ ခိုကိုးရာမဲ့ဖြစ်နေသော အားနွဲ့သည့်အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုများအတွက် များစွာ စိတ်မကောင်းဖြစ်ရပါသည်။ ငြိမ်းချမ်းရေးမတည်ဆောက်နိုင်ခြင်းအတွက် ရင်ထဲတွင်တနုံ့နုံ့ဖြင့် ခံစားနေရသည်မှာ ကာလကြာမြင့်နေပြီဖြစ်သည်။

လွတ်လပ်ရေးရရှိခဲ့သည်မှာ ဆယ်စုနှစ်များစွာကြာသည့်တိုင်အောင် တိုက်ပွဲဖြစ်ပွားနေသော ဒေသများရှိ တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝသည် များစွာ နိမ့်ကျနေဆဲပင်ဖြစ်သည်။ ထိုအပြစ်မဲ့ပြည်သူများကို လက်တွဲခေါ်ဆောင်နိုင်ရန်သည် ကျွန်ုပ်တို့အားလုံးတွင်တာဝန်များရှိနေပါသည်။ ထို့ကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား အကျိုးစီးပွားကိုဖော်ဆောင်မည့် ဟန်ပြသဘောမျိုးသာလုပ်မနေဘဲ ရိုးသားစစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြင့်ဆောင်ရွက်သင့်သည်မှာအချိန်လွန်နေပြီဖြစ်သည်။ နှစ်ဖက်အဖွဲ့အစည်းများအနေဖြင့် အောင်မြင်မှုမရရှိသေးသည့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ပြန်လည်သုံးသပ်သင့်ပါသည်။

သို့သော် ပြည်သူများက ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့ဒီမိုကရေစီအစိုးရသည် တိုင်းပြည်အတွင်းထာဝရငြိမ်းချမ်းရေးရရှိရေးကိုအထူးအလေးထားဆောင်ရွက်လာသဖြင့် များစွာ အားတက်မိပါသည်။ အထူးသဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကျင်းပနိုင်ရေးကို ရည်မှန်းချက်ထား ဆောင်ရွက်လာခဲ့သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် တိုင်းပြည်နှင့်လူမျိုးအတွက် ကရုဏာစိတ်ကြီးမားပြီး ရည်မှန်းချက်ပန်းတိုင်ကို ပြီးမြောက်အောင်ဖော်ဆောင်သွားမည့် ခိုင်မာပြတ်သားသော သံမဏိစိတ်ဓာတ်ရှိသူ တစ်ဦးဖြစ်ပေသည်။ လက်ရှိတာဝန် စတင်ထမ်းဆောင်သည့်နေ့မှစ၍ ပြည်ထောင်စုအဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (Peace Process Steering Team-PPST) တို့မှ တာဝန်ရှိသူများနှင့် စဉ်ဆက်မပြတ် ထိတွေ့ဆွေးနွေးကာငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် တိကျခိုင်မာသော လမ်းညွှန်ချက်များကို စဉ်ဆက်မပြတ် ချပြပေးလျက်ရှိသည်။

ထိုသို့ ကြိုးပမ်းအားထုတ်မှုများကြောင့် ဩဂုတ်လ နောက်ဆုံးပတ်တွင် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစုပင်လုံကျင်းပသွားရန်ရည်မှန်းချက်ထားဆောင်ရွက်နိုင်ပြီဖြစ်သည်။ ထိုငြိမ်းချမ်းရေး ညီလာခံကြီးသည် စစ်ဘေးရှောင်ပြည်သူများနှင့်တိုက်ပွဲများဖြစ်ပွားနေသည့်ဒေသများမှပြည်သူများအတွက် မျှော်လင့်ချက်ရောင်ခြည်ပင်ဖြစ်သည်။ ငြိမ်းချမ်းရေးညီလာခံကြီးမှ ပေါ်ထွက်လာမည့်ရလဒ်ကောင်းများသည် မျိုးဆက်သစ်များအတွက်တန်ဖိုးမဖြတ်နိုင်သော ငြိမ်းချမ်းရေးအမွေဖြစ်မည်မှာ အမှန်ပင်ဖြစ်သည်။

လက်ရှိအစိုးရသည် တိုင်းပြည်အတွင်း ပြည်သူအားလုံး လိုလားတောင့်တနေသည့် ငြိမ်းချမ်းရေးကိုသာဖော်ဆောင်ပေးနိုင်မည်ဆိုလျှင် မြန်မာနိုင်ငံအား ကမ္ဘာ့အလယ်တွင် ဂုဏ်သိက္ခာရှိရှိဖြင့်ရပ်တည်နိုင်အောင် ဆောင်ကြဉ်းပေးနိုင်တော့မည်ဖြစ်သည်။ အတိတ်ကာလက နိုင်ငံတကာ၏လက်ညှိုးထိုးဖတ်ဖြစ်နေသော မြန်မာနိုင်ငံသည် ဒီမိုကရေစီအစိုးရလက်ထက်တွင် အင်အားကြီးနိုင်ငံများမှပင် တလေးတစားဆက်ဆံလာနေရပြီဖြစ်သည်။ ထို့ကြောင့် စနစ်တစ်ခုကောင်းလျှင် ထိုနိုင်ငံရှိပြည်သူများ လူမွေးလူရောင် ပြောင်မည်ဖြစ်သလို စနစ်မှားယွင်းလျှင်လည်း ပြည်တွင်းစစ်မီးများ တောက်လောင်လာပြီး တိုင်းပြည်နှင့်လူမျိုးသာ မွဲပြာကျသွားရမည်ဖြစ်သည်။

အတိတ်ကမည်သို့ပင်ဖြစ်ခဲ့စေကာမူ လက်ရှိပစ္စုပ္ပန်တွင် တာဝန်ထမ်းဆောင်နေသည့် ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအနေဖြင့် အနာဂတ်မျိုးဆက်သစ်များအတွက် စိတ်ရင်းစေတနာမှန်ဖြင့် ဆောင်ရွက်သွားသင့်ပေသည်။ ထိုသို့ ငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် ဒို့တာဝန်အရေးသုံးပါးကို ထိခိုက်စေနိုင်သည့်အချက်များကို အထူးသတိထားရှောင်ကြဉ်သွားရန်လည်း လိုအပ်သည်။ ပြည်သူအားလုံး၏ တူညီသောရည်မှန်းချက်သည် ထာဝရငြိမ်းချမ်းရေးရရှိရေးသာဖြစ်သောကြောင့် နှစ်ဖက်အဖွဲ့အစည်းများအကြား ပွင့်လင်းမြင်သာစွာ ဆွေးနွေးသွားမည်ဆိုလျှင် ငြိမ်းချမ်းရေးမရရှိရန်အကြောင်းမရှိချေ။

အပစ်အခတ်ရပ်စဲပြီး ထာဝရငြိမ်းချမ်းရေးကိုသာ တည်ဆောက်နိုင်မည်ဆိုလျှင် မြန်မာနိုင်ငံသည် ဒေသတွင်းအဆင့်သာမက ကမ္ဘာ့အဆင့်အထိ တိုးတက်စည်ပင်လာမည်ဖြစ်သည်။ နယ်စပ်ဒေသများတွင် သေနတ်သံ၊ ဗုံးသံများတိတ်ဆိတ်သွားပြီး စာဖတ်သံများ ညံစီလာတော့မည်ဖြစ်သည်။ ဝမ်းမြောက်ဖွယ်ရာပင် ဖြစ်သည်။ အတိတ်ကတိုက်ပွဲများကြောင့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ မဖော်ဆောင်နိုင်သည့် နယ်စပ်ဒေသများတွင် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးအခြေခံအဆောက်အအုံများ တည်ဆောက်နိုင်မည်ဖြစ်သဖြင့် နောင်မျိုးဆက်သစ်များအတွက် အခြေခံကောင်းများဖန်တီးနိုင်မည်ဖြစ်သည်။ "ရေမြင့် ကြာတင့်" ဆိုသလို ဖွံ့ဖြိုးမှုအခြေခံအဆောက်အအုံများရှိနေသော တိုင်ပြည်ရှိ နိုင်ငံသားများသည် အခြေခံပညာတတ်မြောက်လာသဖြင့် တွေးခေါ်မြော်မြင်နိုင်စွမ်းပါမြင့်တက်လာမည်ဖြစ်သည်။ ဉာဏ်ရည်မြင့်မားသော နိုင်ငံသားများဖြင့် ဖွဲ့စည်းထားသောတိုင်းပြည်သည် တိုးတက်မှု ရရှိနေမည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်သည်။

ခြုံ၍တင်ပြရလျှင် ထာဝရငြိမ်းချမ်းရေးသည် ပြည်ထောင်စုဖွားတိုင်းရင်းသားများအတွက် အသက်တမျှ အရေးပါလှသည်။ ထိုငြိမ်းချမ်းရေးရရှိရေးအတွက် လက်ရှိအစိုးရသည် အပူတပြင်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ သက်ဆိုင်ရာပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် စိတ်ကောင်းစေတနာဖြင့် ရိုးသားပွင့်လင်းစွာ ဆွေးနွေးအဖြေရှာသွားသင့်ပါသည်။ ထိုသို့ငြိမ်းချမ်းရေးဆွေးနွေးပွဲများမှတစ်ဆင့် တိုင်းပြည်အတွင်း သေနတ်သံများ လုံးဝတိတ်ဆိတ်သွားသည့် ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် လက်ရှိ ပစ္စုပ္ပန်တွင် ငြိမ်းချမ်းရေးကိုဖော်ဆောင်နိုင်မည်ဆိုလျှင် အနာဂတ်မျိုးဆက်သစ်များအား တန်ဖိုးမဖြတ်နိုင်သော အမွေတစ်ရပ်ကိုပေးခဲ့နိုင်မည်ဖြစ်သည်။ ထို့ကြောင့် မျိုးဆက်သစ်များအတွက် ငြိမ်းချမ်းရေးအမွေထားရှိနိုင်ခဲ့ရေးအတွက် အားလုံးဝိုင်းဝန်း ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြပါစို့ဟု အကြံပြုတိုက်တွန်းရေးသားတင်ပြအပ်ပါသည်။

❖ **အပစ်အခတ်ရပ်စဲထားသည်ဖြစ်စေ၊ မရပ်စဲ ရသေးသည်ဖြစ်စေ အားလုံးသည် ပြည်ထောင်စုဖွား တိုင်းရင်းသားများသာ ဖြစ်ကြသည်။ တိုင်းရင်းသားညီအစ်ကိုများအကြား အကျေအလည် ဆွေးနွေးသွားမည်ဆိုလျှင် မဝေးတော့သည့်အနာဂတ်တွင် ငြိမ်းချမ်းရေးပန်းတိုင်သို့ ရောက်ရှိမည်မှာ အမှန်ပင်ဖြစ်**

---

*စာမျက်နှာ ၄ မှ*

အားမရဘူးလို့ ဝေဖန်မှုတွေက ရှိနေတာပဲ၊ အခု အစိုးရအသစ်တက်တော့လည်း ဝေဖန်မှုတွေရှိတာပဲ၊ တိုင်းရင်းသားလက်နက်ကိုင်ဘက်က အခက်အခဲတွေကိုလည်း ပြင်ပကလူတွေထက် ထဲထဲဝင်ဝင် ဆောင်ရွက်တဲ့ပုဂ္ဂိုလ်က ပိုသိပါတယ်။ သူတို့မသိမှုကိုလည်း အပြစ်တင်လို့ မရပါဘူး။ ဒီမှာတည်ဆောက်တာ ဘယ်လောက် အခက်အခဲရှိသလဲဆိုတာ နားလည်သွား ရင် အောင်မြင်မှုရှိမှာပါ။ တိုက်ပွဲကတော့ မဖြစ်သင့်တော့ဘူး။ တိုက်ပွဲရဲ့ နောက်ဆက်တွဲပြဿနာ ကျွန်တော်တို့ အများကြီးခံစားခဲ့ရပါတယ်။ ဒါပေမယ့် တိုက်ပွဲဖြစ်လို့ ငြိမ်းချမ်းရေးတွေ့ဆုံပွဲ မလုပ်တော့ဘူးလား၊ အဓိက ကတော့ တိုက်ပွဲတွေဖြစ်လို့ပဲ တွေ့ဆုံပွဲတွေ လုပ်နေတာ၊ တွေ့ဆုံပြီးတော့ ဘယ်လို ရပ်တန့်အောင် လုပ်မလဲလို့ ဆွေးနွေးတာ ဖြစ်ပါတယ်။ ဒါကတော့ ဖြစ်နေကျပဲ။ မိသားစုတစ်စုအတွင်းမှာတောင် နားလည်မှုမရှိရင် ရန်ဖြစ်တာတို့ ဖြစ်ခဲ့တာပဲ၊ အဓိကကတော့ NCA အကောင်အထည်ဖော်တဲ့နေရာမှာ ဘယ်လိုဆောင်ရွက်မလဲလို့ဆိုတဲ့အကြောင်းကို အဓိက ဆွေးနွေးတာ ဖြစ်ပါတယ်။

ငြိမ်းချမ်းရေးတည်ဆောက်တဲ့ နေရာမှာ ဖြတ်သန်းလာတဲ့ အတွေ့အကြုံအပေါ်မှာ မူတည်ပြီးတော့ အနာဂတ်အတွက် ဘယ်လိုသွားမလဲဆိုတဲ့အပိုင်းမှာ အခက်အခဲ ရှိပါတယ်၊ ဒါတွေကို ကျော်လွှားသွားဖို့ လုပ်ဆောင်မှုနဲ့ပဲ အကောင်အထည်ဖော်သွားရမယ်။ ဒါကလည်း အောင်အောင်မြင်မြင်ဆုံးဖြတ်ပြီး အပြီးအပြတ်ဆောင်ရွက်သွားရင် အောင်မြင်တဲ့ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခုပဲလို့ ယုံကြည်ပါတယ်၊ လက်နက်ကိုင်ပဋိပက္ခဖြစ်လာတဲ့ ကျွန်တော်တို့တိုင်းပြည်မှာ နိုင်ငံရေးဆွေးနွေးမယ်ဆိုတာ အနှစ် ၆၀ ကျော်မှာ တစ်ခါမှ မဖြစ်ခဲ့ပါဘူး၊ စာချုပ်ဆိုတာက စာထဲမှာပဲ ရှိတယ်။ လက်တွေ့လူရဲ့ဆန္ဒပေါ်မှာပဲမူတည်တယ်၊ အခက်အခဲတွေ နားလည်မှုမရှိတာတွေကို ထဲထဲဝင်ဝင်လေ့လာမှုပြုပြီး ဆုံးဖြတ်သွားမယ်ဆိုရင် အောင်မြင်တဲ့ငြိမ်းချမ်းရေးကို ဆောင်ရွက်နိုင်မယ်လို့ ယုံကြည်ပါတယ်။

**ဒေါက်တာတင်မျိုးဝင်း**
**(ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ)**

ဒီနေ့ပွဲကတော့ နိုင်ငံတော်ရဲ့အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နဲ့ PPST အဖွဲ့ခေါင်းဆောင်တွေ တွေ့တဲ့ပွဲပေါ့။ နိုင်ငံရေးမူဘောင်ဆွေးနွေးတဲ့နေရာမှာ အားလုံးတန်းတူ ပါဝင်ရေးပါတယ်။ လက်မှတ်ထိုးထားတဲ့အဖွဲ့ရော၊ လက်မှတ်မထိုးထားတဲ့အဖွဲ့ရော မူဘောင်တွေမှာ ဆွေးနွေးမယ်၊ ညှိနှိုင်းမှာပါ။ နောက်တစ်ခုက (၂၁) ရာစု ပင်လုံညီလာခံမှာ အားလုံးတန်းတူ ပါဝင်ရေးပါဝင်ပါတယ်။

---

## မိုးထစ်ချုန်း ရွာမည်

**နေပြည်တော် ဩဂုတ် ၂၄**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် မိုးဆက်လက်လျော့နည်းနေမည်။

**(မိုး/ဇလ)**

---

## ညီညွတ်မှုသာ ရှေးရှုပါ

❊ တို့ညီနောင်များ အလေးထားဖွယ်
ဆွေးနွေးတင်ပြမယ်။
ပြည်ထောင်စုရယ် ထာဝရ
တို့က တဒင်္ဂ။

❊ သင်က ငါက ခဏတာ
ကိုယ်စားရွက်ဆောင်တာ။
ပိုင်ရှင်အစစ်ဟာ မျိုးဆက်များ
နားလည်ခံယူထား။

❊ ရှေ့ဆောင်များကြောင့် ပြည်သူတွေ
နာခဲ့ရတာရှေ။ (ရှည်)
ကိုယ်ထင်ရာတွေ ကိုင်စွဲပြီး
တိုင်းပြည်ကို ဖျက်ဆီး။

❊ အတ္တများနဲ့ ငါမှငါ
အထင်ရောက်ကြတာ။
ညီညွတ်မှုဟာ ဝေးခဲ့ရ
သွေးလမ်းခင်းခဲ့ကြ။

❊ မတည့်ကြတဲ့ တိုင်းပြည်တွေ
နေ့စဉ်ပစ်ခတ်နေ။
သေကြ၊ ကျေကြ ပျက်စီးကြ
ရုပ်ရှင်မဟုတ်ဘူးဗျ။

❊ ယခုခေတ်က ဖျက်စွမ်းအင်
ကြီးမားလွန်းသည်ပင်။
ကိုယ်မဖြစ်ခင် ကြောက်တတ်မှ
ဒုက္ခဝေးမယ်ဗျ။

❊ ကြုံလာရတဲ့ ညီလာခံမှာ
ကောင်းကျိုးဖြစ်ဖို့ရာ။
ညီညွတ်မှုသာ အမှန်တရား
ခံယူနိုင်စေသား။ ။

"ဘဝတု သဗ္ဗမင်္ဂလံ"

ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစုပင်လုံအား ကြိုဆိုဂုဏ်ပြုလျက်-

**လူမွန်(ပခုက္ကူ)**

# အရေးပေါ် စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား ရုပ်သိမ်းရန် လွှတ်တော်က အတည်ပြု

**နေပြည်တော် ဩဂုတ် ၂၄**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်၊ ဒုတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ မကွေးတိုင်းဒေသကြီး မင်းဘူးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်း၏ **ဆွဲခန့် ဆရာ ဆရာမများအား အစိုးရခန့် ပညာရေးဝန်ထမ်း ဆရာ ဆရာမများ အဖြစ် ခန့်ထားပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက **အခြေခံပညာဦးစီးဌာနသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နေ့စားလပေး (မူလတန်းပြ) ဆရာ ဆရာမများကို ၂၀၁၃ ခုနှစ်တွင် စတင်ခေါ်ယူခဲ့ပြီး အတည်ပြုခန့်အပ်မှုအနေဖြင့် ၂၀၁၄ ခုနှစ်တွင် ၂၈၅၈၈ ဦး၊ ၂၀၁၅ ခုနှစ်တွင် ၄၂၆၃၉ ဦး စုစုပေါင်း ၇၁၂၂၇ ဦး ခန့်အပ်ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ၂၀၁၆ - ၂၀၁၇ ပညာသင်နှစ်တွင်လည်း ၂၄၆၈၈ ဦးကို ကျောင်းမဖွင့်မီ ခန့်ထားပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။**

ပညာရေး အရည်အသွေး မြင့်မားလာစေရန် ဦးတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အရည်အသွေး မြင့်မားသည့် ဆရာ ဆရာမများ၏ အခန်းကဏ္ဍသည် အဓိကနေရာက ဖြစ်နေပါကြောင်း၊ အရည်အသွေးမြင့်မားသည့် ဆရာ ဆရာမများကိုသာ ဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များနှင့် ပူးပေါင်းပြီး ခန့်ထားလိုပါကြောင်းနှင့် အထူးလိုအပ်ပါက တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ဆက်လက်၍ ကျောက်ဖြူမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန်၏ **ကျောက်ဖြူမြို့ GTI ကျောင်း ဆောက်လုပ်ရန် မြို့ပေါ်၌ အသင့်လျော်ဆုံး မြေနေရာရရှိရေးအတွက် နိုင်ငံတော်အစိုးရက မည်ကဲ့သို့ ကူညီပေးမည်ကို သိရှိလိုကြောင်း** မေးခွန်းအား ပြည်ထောင်စုဝန်ကြီးက အစိုးရ စက်မှုလက်မှုသိပ္ပံ (ကျောက်ဖြူ)အား (၂၀၁၄-၂၀၁၅) ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ရာ အထူးပြု အင်ဂျင်နီယာ ဘာသာရပ် သုံးခုဖြင့် ကျောင်းသားဦးရေ ၂၁၄ ဦးခန့်ကို ပညာသင်ကြားပေးလျက်ရှိပြီး မြေနေရာ မရရှိသေးသဖြင့် ကျောင်းအဆောက်အအုံ ဆောက်လုပ်နိုင်ခြင်းမရှိသေးဘဲ ကျောက်ဖြူမြို့ အမှတ် (၄) အခြေခံပညာအလယ်တန်းကျောင်းတွင် ယာယီဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း။

အစိုးရ စက်မှုလက်မှုသိပ္ပံ (ကျောက်ဖြူ)တွင် ကျောင်းဆောက်လုပ်ရန်အတွက် မြေ ၁၀ ဧက ရှိလျှင် လုံလောက်မှုရှိပါကြောင်း၊ သန်ပန်ချောင်း ရပ်ကွက်ရှိ ငါးလုပ်ငန်းဦးစီးဌာနပိုင် စက်ရုံဟောင်းနှင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံရှိသည့် မြေများနှင့် ပြည်သူ့ဆေးရုံ မြေနေရာများကို ပြုပြင်အသုံးပြုလျှင် ရနိုင်ပါကြောင်း၊ ရခိုင်ပြည်နယ်သို့ မိမိ အပါအဝင် ပြည်ထောင်စုဝန်ကြီးများသည် ၂၀၁၆ ခုနှစ် ဇွန် ၁ ရက်နှင့် ၂ ရက်တွင် ခရီးစဉ်အဖြစ် ရောက်ရှိခဲ့ပါကြောင်း၊ ယင်းသို့ ရောက်ရှိစဉ် အဆိုပါကျောင်းကို ဆောက်လုပ်ရန် အဆိုပြုသည့်မြေနေရာသည် ကျောက်ဖြူမြို့နယ် အနောက်တောင်ဘက်တွင်တည်ရှိပြီး မြို့နှင့် အလှမ်းဝေးနေသည့်အတွက် အချက်နှစ်ချက်ကို အဓိကထားကာ မိမိအနေဖြင့် ကန့်ကွက်ခဲ့ပါကြောင်း၊ ပထမတစ်ချက်သည် မြို့နှင့်အလှမ်းဝေးနေခြင်းဖြစ်ကာ နောက်တစ်ချက်မှာ ရခိုင်ပြည်နယ်တွင် အဓိကအားဖြင့် အနောက်တောင်ဘက်မှ မုန်တိုင်းများ ဝင်လေ့ရှိသည့်အတွက် မုန်တိုင်းများ ဝင်ရောက်လာသည့်အခါတိုင်း ကျောင်းကို အဓိက ဦးတည်ကာ ဝင်ရောက်လာမည် ဖြစ်ခြင်းကြောင့် ကန့်ကွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ထို့အတွက် ယခုလက်ရှိ ယာယီဖွင့်ထားသည့် အလက(၄) ကျောင်းနေရာတွင် အဆိုပါ ကျောင်းကို ဆက်လက်ဖွင့်လှစ်လိုပါကြောင်းနှင့် ကျောက်ဖြူမြို့ပေါ်၌ အသင့်လျော်ဆုံးမြေနေရာတစ်ခုရရှိပြီး အစိုးရ စက်မှုလက်မှုသိပ္ပံကျောင်း ဖွင့်လှစ်နိုင်ရေးအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့်သာမက သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက တင်သွင်းသည့် **အရေးပေါ် စီမံမှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြပြီး လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူရာ **ထောက်ခံမဲ ၂၆၁ မဲ၊ ကန့်ကွက်မဲ ၁၂၃ မဲနှင့် ကြားနေမဲ ငါးမဲ ရရှိသည့်အတွက် လွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းကို ရုပ်သိမ်းရန် အတည်ပြုကြောင်းနှင့် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း** ကြေညာသည်။

(သတင်းစဉ်)

**အရည်အသွေးမြင့်မားသည့် ဆရာ ဆရာမများကိုသာ ဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များနှင့် ပူးပေါင်းပြီး ခန့်ထားလိုပါကြောင်းနှင့် အထူးလိုအပ်ပါက တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ အဖွဲ့များနှင့် ပူးပေါင်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြား**

# သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းအား လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၄**

ဥပဒေကြမ်းတစ်ခုလုံးကို အသေးစိတ်လေ့လာသည့်အခါ အခြေခံကျပြီး အရေးကြီးသည့် အခြေခံနည်းပညာနားလည်တတ်ကျွမ်းသည့် သုတေသနဝန်ထမ်းများနှင့် သုတေသနပညာရှင်များ ရွေးချယ်ခန့်ထား တာဝန်ပေးမှုများ မပါရှိသည့်အပြင် ဆန်းသစ်တီထွင်မှုများ ဆောင်ရွက်ရန်သာ ဦးတည်ရေးဆွဲထားသည်ကို တွေ့ရှိရသောကြောင့် အခြေခံအုတ်မြစ်မခိုင်မာဘဲ လေထဲ တိုက်အိမ်ဆောက်သည့် ဥပဒေဖြစ်နေသည်ကို တွေ့ရပါကြောင်း **ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်နိုင်**က ပြောကြားသည်။



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်နိုင်

ဦးကျော်နိုင်က သိပ္ပံနှင့်နည်းပညာ ဆန်းသစ်တီထွင်မှုလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရန်အတွက် တက္ကသိုလ်၊ ကောလိပ် အဆင့်မြင့်ပညာရေး၏ သင်ရိုးညွှန်းတမ်းနှင့် ဆရာ ဆရာမများ၏ အရည်အသွေးကို မြှင့်တင်ပေးခြင်း၊ အရည်အသွေးနိမ့်ကျခြင်း အကြောင်းရင်းကို ဖော်ထုတ်လက်ခံပြီး နိုင်ငံတကာအဆင့်မီစေရန် စီစဉ်ဆောင်ရွက်ခြင်း၊ အရည်အသွေးမြင့် တက္ကသိုလ်၊ ကောလိပ်များမှ အတော်ဆုံးကျောင်းသားများကို ဆက်သွယ်ခေါ်ယူ၍ သက်ဆိုင်ရာ နယ်ပယ်အလိုက် သုတေသနဝန်ထမ်းများကို ပညာရှင်များဖြစ်စေရန် ပြုစုပျိုးထောင်ခြင်းတို့ကို ထပ်မံဖြည့်စွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၁၉ ရက်မြောက်နေ့တွင် လွှတ်တော်က လက်ခံဆွေးနွေးရန် တင်သွင်းထားသည့် **"သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေကြမ်း"**နှင့် စပ်လျဉ်း၍ ဦးကျော်နိုင်က ဆွေးနွေးရာတွင် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ **မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း**က ဤဥပဒေသည် နိုင်ငံသားတစ်ဦးချင်း၊ တစ်စုတစ်ဖွဲ့ချင်း၏ တီထွင်ဖန်တီးမှုကို ထောက်ပံ့အားပေးပြီး နိုင်ငံ၏ နည်းပညာ တိုးတက်ဖွံ့ဖြိုးရေးကို ဦးတည်ခြင်းထက် ဥပဒေအရ ဖွဲ့စည်းထားသည့် ကော်မတီအဆင့်ဆင့်၏ လုပ်ပိုင်ခွင့်၊ တာဝန်နှင့် လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းပြီး ခေတ်အဆက်ဆက် ပြဋ္ဌာန်းနေကျ ဥပဒေများအတိုင်း တီထွင်သူများကို လွှမ်းမိုးနိုင်ရေး ရည်ရွယ်ရေးဆွဲထားသည်ဟု ခံစားရပါကြောင်း။

ဥပဒေတွင် သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်မှုများမှတစ်ဆင့် နိုင်ငံတော်နှင့် လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ဖွံ့ဖြိုးရန်၊ ထူးချွန်သူများကို ဂုဏ်ပြုချီးမြှင့်ပြီး အကျိုးခံစားခွင့်ပေးရန်နှင့် မူပိုင်ခွင့်များကို အကာအကွယ်ပေးရန် စသည့် ကောင်းမွန်သော ရည်ရွယ်ချက်များပါဝင်သော်လည်း ရည်ရွယ်ချက်များကို ထင်ဟပ်ပေါ်လွင်စေသည့် အချက်များသည် ခေါင်းစဉ်တွင် တစ်ခုမှ မပါဝင်သည့်အပြင် ပုဒ်မများထဲတွင်လည်း ပါဝင်မှုနည်းပါးသည်ကို တွေ့ရပါကြောင်း ဆွေးနွေးသည်။

ထို့ပြင် ဦးမျိုးဝင်းက မိမိတို့နိုင်ငံကို နည်းပညာဖြင့် ဖွံ့ဖြိုးတိုးတက်ရန် ရှေးရှုပါက ပုဂ္ဂလတီထွင်သူများကို အားပေးချီးမြှောက်ပြီး ၎င်းတို့၏ တီထွင်မှုများ



မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း

အခိုးမခံရစေရန် အပြည့်အဝ ကာကွယ်ပေးထားသည့် ဥပဒေမျိုး ပြဋ္ဌာန်းပေးရန် လိုအပ်ပါကြောင်း၊ ထို့ပြင် တီထွင်သူများကို ဆွဲဆောင်နိုင်မည့် မက်လုံးများ ပါဝင်သည့် ခေါင်းစီးများ၏ အောက်တွင် ၎င်းတို့ စိတ်ဝင်စားမည့် အချက်များပါဝင်သည့် ပုဒ်မများကို စုစည်းဖော်ပြရေးဆွဲသင့်ပါကြောင်း၊ မူပိုင်ခွင့်ဥပဒေ ပြဋ္ဌာန်းနိုင်ခြင်း မရှိသေးသဖြင့် ဤဥပဒေထဲတွင် တီထွင်သူများ၏ တီထွင်မှုများကို အကာအကွယ်ပေးထားသည့် ပုဒ်မများကိုလည်း မဖြစ်မနေ ထည့်သွင်းရေးဆွဲသင့်ပါကြောင်း ဆွေးနွေးသည်။

**မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း (ကန်တုန်)**က သိပ္ပံပိုင်းဆိုင်ရာ နည်းပညာ တီထွင်ကြံဆမှုများကို ခိုးယူနေသူများ ကမ္ဘာပေါ်တွင် တစ်ဦးချင်းမှအစ အသင်းအဖွဲ့အလိုက်အထိ ရှိနေပါကြောင်း၊ ထို့ကြောင့် မသမာသူများအန္တရာယ်မှ ကင်းဝေးစေရန် ပြစ်မှုပြစ်ဒဏ် ရုပ်သိမ်းပယ်ဖျက်ခြင်းကို မပြုသင့်ပါကြောင်း၊ ပြစ်မှုပြစ်ဒဏ် ဖော်ပြရာတွင်လည်း တစ်နှစ်ထက်မပိုသော ပြစ်ဒဏ်နှင့် ငွေဒဏ် သိန်းနှစ်ရာ၊ သိန်းသုံးရာ သတ်မှတ်ခြင်းအစား ထောင်ဒဏ်နှင့် ငွေဒဏ်ကို တိုးမြှင့်သတ်မှတ်ရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ထို့ပြင် ပညာရှင်တစ်ဦး၏ ဘဝနှင့်ရင်းနှီးပြီး အချိန်အတိုင်းအတာများစွာ ကြိုးတင်အားထုတ်မှု၏ အသီးအပွင့်ကို နိုင်ငံတော်က မိမိနိုင်ငံသားတစ်ဦးအား တန်ဖိုးထားလေးစားပြီး အကာအကွယ်ပေးခြင်းအားဖြင့် ချီးမြှင့်မြောက်စားခြင်းစသည်တို့ကို လုပ်ဆောင်ပေးရန်လိုအပ်ပြီး လုံလောက်သော ပြစ်မှုပြစ်ဒဏ်များဖြင့် ကြိုတင်ကာကွယ် ပြဋ္ဌာန်းထားရှိရန် လိုအပ်ပါကြောင်း ဒေါက်တာ ကျော်သန်းထွန်းက ဆွေးနွေးသည်။

**မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဝင်းမြင့်** က ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်ရန်အတွက် ကျောင်းသားလူငယ် စွမ်းအားအရင်းအမြစ်များသည် အနာဂတ်အတွက် အခြေခံအကျဆုံး အရင်းအမြစ်များ ဖြစ်သောကြောင့် ဤဥပဒေကို အခြေခံပညာအထက်တန်းကျောင်းအဆင့်အထိ နှီးဆော်ဆက်ဆက်ပေးပါက ပိုမိုကျယ်ပြန့်ပြီး ထိထိရောက်ရောက်ဖြစ်မည်ဟု ယုံကြည်ပါကြောင်း။

အစဉ်လေ့လာသင်ယူနေသည့် လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်ထွန်းရေးဆိုသည့် ပညာရေးရည်မှန်းချက်အရ ကျောင်းသားလူငယ်တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ဆန်းသစ်တီထွင်မှုပြပွဲများကို နိုင်ငံတော်က ဖော်ထုတ်ပေးခြင်းအားဖြင့် ကျောင်းသားလူငယ်များ စဉ်ဆက်မပြတ် ဆန်းသစ်တီထွင်လိုစိတ်များ တစ်နေ့တခြား မြင့်မားလာမည်ဟု ယုံကြည်ပါကြောင်း ဆွေးနွေးသည်။

**"သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များပေါ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်သွားမည်ဖြစ်သည်။

(သတင်းစဉ်)

# ၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားကျင်းပရေးဦးစီးကော်မတီ ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဩဂုတ် ၂၄**

၂၀၁၆ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ ကျင်းပရေးဦးစီးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ဆောင် ဒုတိယထပ်၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်က အမှာစကားပြောကြားပြီး လွှတ်တော်ရုံးအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းတာဝန်များနှင့် အစီအစဉ်လျာထားချက်တို့ကို အသီးသီးတင်ပြဆွေးနွေးကြသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် ဩဂုတ် ၂၄**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၉ ရက် မြောက်နေ့တွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးဝင်းဇော်၊ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)၏ မိတ်ဆွေတစ်ဦး၊ ဦးမင်းဦး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ မဲဆန္ဒရှင်ပြည်သူ ၂၁၆ ဦး စုစုပေါင်း ၂၁၇ ဦးတို့သည် ယနေ့နံနက်တွင် ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးနှင့် လွှတ်တော် အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့ကြသည်။

(သတင်းစဉ်)

# အမျိုးသားလွှတ်တော်အဆောက်အအုံအတွင်း တုန်ခါမှုများ ဖြစ်ပေါ်ကာ လိုင်နာအချို့နှင့် မှန်အချို့ အနည်းငယ်ထိခိုက်အက်ကွဲခဲ့

✻ *ကျော်ဖုံးမှ*

**အမျိုးသမီးငယ်နှစ်ဦးသေဆုံး**

ထို့ပြင်ရေနံချောင်းမြို့နယ်အတွင်း ကျမ်းကိုင်ဘုရားဝင်း အတွင်းမှ စေတီတော်တစ်ဆူ ပြိုကျခဲ့ပြီး ရွှေမြင်မိဘုရားနံရံမှာလည်း ပြိုကျသွားခဲ့ကြောင်း၊ ရေနံချောင်း မြို့အတွင်းရှိ အဆောက်အအုံများလည်း နံရံအက်ကွဲခြင်း၊ နံရံပြိုကျခြင်းများဖြစ်ပွားခဲ့ပြီး ရေနံချောင်းကမ်းပါးပြိုကျရာမှ ရွာ‌းပင်ရိုးကျေးရွာနေ အသက်ခုနစ်နှစ်နှင့် ၁၅နှစ်အရွယ် အမျိုးသမီးငယ် နှစ်ဦး သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းထောက်များထံမှ သိရှိရသည်။

**နဂါးပွက်တောင်လျှံကျ**

တောင်တွင်းကြီးမြို့နယ်တွင်လည်း နှစ်ပေါင်း ၁၅၀ကျော် ဘုန်းကြီးကျောင်းမှာ ငလျင်ဒဏ်ကြောင့် ပြိုကျခဲ့သဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးများဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များကလည်း ငလျင်လှုပ်ခတ်ပြီးချိန်မှစတင်၍ မကွေး၊ ချောက်၊ ပခုက္ကူနှင့် ညောင်ဦးတို့တွင် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆက်တိုက် ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် မင်းဘူးနဂါးပွက်တောင်ရှိ နဂါးရုံဘုရားလည်း အနည်းငယ်ထိခိုက်ခဲ့ပြီး ချော်ရည်များလည်း လျှံကျခဲ့ကာ မကွေးမြသလွန်ဘုရား စောင်းတန်းနံရံအချို့လည်း ပျက်စီးခဲ့သည်။ လမ်းမများပေါ်တွင်လည်း အက်ကွဲကြောင်းများ ဖြစ်ပေါ်ခဲ့ကြောင်း မင်းဘူးဒေသခံ ကိုမြတ်ထွေးက ဖြေကြားသည်။

ပခုက္ကူမြို့နှင့် အနီးတစ်ဝိုက်တွင်လည်း ငလျင်ဒဏ်ကို ပြင်းထန်စွာ ခံစားခဲ့ကြရပြီး ပခုက္ကူမြို့နယ် ကွမ်းရွာရှိ ဗာဂျီနီးယား ဆေးပေါင်းရုံမှာ ငလျင်ဒဏ်ကြောင့် ပြိုကျခဲ့သဖြင့် အပျက်အစီးများကြောင့် တစ်ဦးသေဆုံးခဲ့ကာ ဒဏ်ရာရရှိသူများလည်းရှိကြောင်း ပခုက္ကူမြို့ အောင်ပန်းလှပွဲရုံပိုင်ရှင် ကိုငယ်လေးက ပြောသည်။

**ရခိုင်ပြည်နယ်အပျက်အစီး**

ရခိုင်ပြည်နယ်အတွင်း ရမ်းဗြဲမြို့ရှိ ကိုယ်ရံတောင်စေတီမှာ စိန်ဖူးတော်မြေခဲ့ပြီး မင်းပြားနှင့် စစ်တွေ၊ မြေပုံမြို့များတွင်လည်း ငလျင်ဒဏ်ကြောင့် အဆောက်အအုံများ အက်ကွဲမှု၊ နံရံပြိုကျမှုများ ဖြစ်ပွားခဲ့သည်။ ထို့ပြင် မြောက်ဦးမြို့နယ် ရတနာ့မာန်အောင် စေတီတော်ကြီးမှာလည်း မြေခဲ့ရကြောင်း ဒေသခံများထံက သိရသည်။

ထို့ပြင် အခြားမြို့နယ်အသီးသီးရှိ သမိုင်းဝင်စေတီတော်များနှင့် အဆောက်အအုံများမှာလည်း ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည်ကို သိရှိရပြီး နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အဆောက်အအုံအတွင်း တုန်ခါမှုများ ဖြစ်ပေါ်ကာ အသံများထွက်ပေါ်လာခဲ့ရာ လိုင်နာအချို့နှင့် မှန်အချို့ အနည်းငယ် ထိခိုက်အက်ကွဲခဲ့ကြောင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံက သိရသည်။

ကမ္ဘာပေါ်တွင် ငလျင်ရပ်ဝန်း နှစ်ခုရှိရာ ပစိဖိတ်မီးတောင်ရပ်ဝန်း၊ အယ်လ်ပိုက်ရပ်ဝန်းတို့ဖြစ်ပြီး မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် အနောက်ပိုင်းတို့သည် အယ်လ်ပိုက်ရပ်ဝန်းတွင် ကျရောက်လျက်ရှိသည်။

ယင်းရပ်ဝန်းသည် ဟိမဝန္တာတောင်တန်းမှ အရှေ့ဘက် တရုတ်နိုင်ငံ၊ မြန်မာနိုင်ငံ၊ ကပ္ပလီကျွန်းနှင့် အင်ဒိုနီးရှားနိုင်ငံတို့ပါဝင်သည်။

"မြေငလျင်ဆိုတာ နေ့စဉ်လှုပ်ရှားနေတဲ့ဖြစ်စဉ်ပါ။ တစ်ကမ္ဘာလုံးမှာ ဒီကနေ့အခုအချိန်အထိ မြေငလျင်ပေါင်း ၉၃ ကြိမ်လှုပ်ခဲ့ပြီး ချောက်မြေငလျင်က အင်အားအကြီးမားဆုံးဖြစ်တယ်"ဟု ဒေါက်တာထွန်းလွင်က ငလျင်ဖြစ်စဉ်အပြီး လူမှုကွန်ရက်တွင် ရေးသားထားသည်။

**၁၉၇၅ ပုဂံငလျင်**

တူရွှင်းတောင် ပြတ်ရွေ့ကြောလှုပ်ရှားသဖြင့် ၁၉၇၅ခုနှစ်က အင်အားရစ်ချ်တာစကေး ၆ ဒသမ ၅ အဆင့်ရှိ ပုဂံငလျင်ကြီး ဖြစ်ပေါ်ခဲ့ရပြီး အပျက်အစီး အဆုံးအရှုံး ကြီးမားခဲ့ဖူးသည်။ ထို့ပြင် နိုင်ငံတကာ သတိပေးချက်များအရ စစ်ကိုင်းပြတ်ရွေ့ကြီးသည်လည်း မြန်မာနိုင်ငံအတွက် အချိန်မရွေး ငလျင်ဒဏ်သင့်စေနိုင်ကြောင်း သိရသည်။ ပုဂံဝန်းကျင်တွင် ၁၉၇၅ ခုနှစ်မတိုင်မီကလည်း ခရစ်နှစ် ၃၂၄၊ ၉၈၆၊ ၁၂၈၇၊ ၁၂၉၉၊ ၁၀၁၆၊ ၁၈၅၆ ခုနှစ်တို့၌ ငလျင်လှုပ်သဖြင့် ဘုရားစေတီများပြိုကာ ပြုပြင်ခဲ့ရဖူးကြောင်း မြန်မာ့စွယ်စုံကျမ်းအတွင်း ဖော်ပြပါရှိသည်။

ယနေ့လှုပ်ခတ်ခဲ့သည့် ချောက်ငလျင်နှင့်ပတ်သက်၍ မြန်မာနိုင်ငံ ငလျင်ကော်မတီက ငလျင်ဗဟိုချက်မနှင့် မိုင်လေးဆယ်အတွင်း ကျရောက်သော မြို့ရွာများကို ကြည့်ရှုပေးကြရန် ပြောကြားပြီး ပိုမိုတိကျသည့် အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ငလျင်လှုပ်ခတ်ခြင်းကို ခန့်မှန်းရန်အတွက် ကြိုတင်ခန့်မှန်းနိုင်ခြင်း မရှိသေးဘဲ လက်ရှိတွင် Seismographer များဖြင့် မြေကြီးအက်ကြောင်းများ၊ ကမ္ဘာ့ကျောက်လွှာများ၏ တည်နေရာလှုပ်ခတ်မှုပေါ်မူတည်ကာ ငလျင်ဖြစ်ကြောင်း တွက်ချက်ထုတ်လုပ်ပေးရခြင်း ဖြစ်ကြောင်း သိရသည်။



စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်အတွင်းရှိ ဘုရားအချို့ စိန်ဖူးတော်မြေခဲ့စဉ် ဓာတ်ပုံ-ချောင်းဦး(ပြန်/ဆက်)

## ကမ္ဘာပေါ်တွင် ငလျင်ရပ်ဝန်းနှစ်ခုရှိရာ ပစိဖိတ်မီးတောင်ရပ်ဝန်း၊ အယ်လ်ပိုက်ရပ်ဝန်းတို့ဖြစ်ပြီး မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အနောက်ပိုင်းတို့သည် အယ်လ်ပိုက်ရပ်ဝန်းတွင် ကျရောက်လျက်ရှိ




မကွေးမြို့ မြို့ဟောင်းရပ်ကွက်ရှိ ငလျင်လှုပ်ခတ်မှုကြောင့် ပြိုကျသွားသော ဂိုဒေါင်ဟောင်းအား ရှင်းလင်းနေစဉ် ဓာတ်ပုံ-ညီညီမောင်(မကွေး)

# မြေငလျင်လှုပ်ခတ်မှုကြောင့် မြို့နယ်အချို့တွင် ပျက်စီးမှုများရှိ

**အထက်မင်းလှ**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ်တွင် ဩဂုတ် ၂၄ ရက် ညနေ ၅ နာရီ ၅ မိနစ်ခန့်က ငလျင်လှုပ်ခတ်မှုကြောင့် မင်းလှမြို့မြို့မရပ်ကွက်တွင် ရွှေဘုန်းသာစေတီတော်ဝင်းအတွင်းရှိ ရွှေဘုန်းသာစေတီတော်မြတ်ကြီး၏ဘုရာထီး၊ ငှက်မြတ်နားတော် အနည်းငယ်ယိုင်သွားကာ စိန်ဖူးတော်အောက်သို့ အနည်းငယ်ကျွံကျခဲ့ပြီး အဆိုပါဘုရားဝင်းအတွင်းရှိ လေးကျွန်းမာန်ကူဘုရား စိန်ဖူးတော် မြေခပျက်စီးခဲ့ကြောင်း သိရသည်။

**ကိုသက်(အထက်မင်းလှ)**

---

**ညောင်ဦး**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ဩဂုတ် ၂၄ရက် ညနေပိုင်းက အင်အားပြင်းငလျင်လှုပ်ခတ်သွားမှုကြောင့် ပုဂံဒေသရှိ ထီးလိုမင်းလိုနှင့် စူဠာမဏိ ဘုရားအပါအဝင် ဘုရားစေတီ ၉၄ ဆူကျော်ခန့်ကွမ်းတောင်ပြည့်၊ ထီးတော်များ မြေခခြင်းနှင့် ယိုင်နဲ့မှုများဖြစ်ပေါ်ခဲ့ကြောင်း ကနဦးသတင်းအရ သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

---

**မကွေး**

ငလျင်လှုပ်ခတ်ခြင်းကြောင့် မကွေးမြို့ မြို့ဟောင်းရပ်ကွက်အတွင်းရှိ အလျား ပေ ၁၂၀၊ အနံ ပေ ၈၀ ရှိ ရွှေပြည်အေး ဆီစက်ဟောင်းဂိုဒေါင်သည် မုန့်ဟင်းခါးဆိုင်ပေါ်သို့ ပြိုကျခဲ့ပြီး တီဗွီတစ်လုံးနှင့် ရေခဲသေတ္တာတစ်လုံးတို့ ပျက်စီးခဲ့သည်။ မြသလွန်စေတီတော်ရင်ပြင်ရှိ ထီးတော်ကိန်းဝပ်စံပယ်ရာ ဓမ္မာရုံဗဟိုအာရုံခံတန်ဆောင်းအတွင်းရှိ ပလ္လင်နှင့် ကြမ်းပြင်တွင် အက်ကြောင်းများဖြစ်ပေါ်ခြင်း၊ ဗဟိုအာရုံခံတန်ဆောင်းနှင့် မဟာအတုလရုံသီတန်ဆောင်းအား ဆက်သွယ်ဆောက်လုပ်ထားသော နေရာတွင် အက်ကြောင်းများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**ညီညီမောင်(မကွေး)**

---

**စလင်း**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင် အင်အားပြင်းထန်သောမြေငလျင်လှုပ်ခတ်မှုကြောင့် ရွှေမြင်တင်စေတီထီးတော်မြေခပြီး ရှင်ပင်ရွှေစည်းခုံစေတီပျက်စီးခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

---

**တောင်တွင်းကြီး**

ငလျင်လှုပ်ခတ်မှုကြောင့် တောင်တွင်းကြီးမြို့နယ် မောင်းတိုင်(၂) ရပ်ကွက် အပိုင်း(၆)ရှိ မြောက်ပြင်အရှေ့ကျောင်းတိုက်ဝင်းအတွင်းရှိ နှစ်ပေါင်း ၁၅၀ ဝန်းကျင်ခန့်ကြာမြင့်ပြီဖြစ်သော အလျား ၆၅ ပေ၊ အနံ ၄၈ ပေ၊ အမြင့် ပေ ၄၀ ခန့်ရှိသော ရဟန်းသံဃာ မနေတော့သည့် နှစ်ထပ်တိုက်ကျောင်းဆောင်ဟောင်း ပြိုကျခဲ့ကြောင်း သိရသည်။ **(၀၈၅)**

---

**ချောင်းဦး**

ငလျင်လှုပ်ခတ်မှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီးချောင်းဦးမြို့နယ် သုံးပန်လှကျေးရွာအုပ်စု သုံးပန်လှကျေးရွာ ရွာအဝင်ရှိ သုံးပန်လှဘုရားကြီး စိန်ဖူးတော်နှင့် ငှက်မြတ်နားတော် မြေခခဲ့သည်။ ထို့အပြင် အမြင့်ကျေးရွာအုပ်စုရှိ ရှေးဟောင်းသုတေသနမှ ထိန်းသိမ်းထားသည့် ဘုရားအမှတ် ၀၆၂၊ ဉာဏ်တော် ပေ ၆၀ ခန့်၊ ဘုရားငုတ်တိုသည် သုံးပုံတစ်ပုံခန့်မှ အုတ်များကွာကျပြီး ဌာပနာတိုက်ဟု ယူဆရသော အုတ်တစ်လွှား ပေါ်ပေါက်ခဲ့ရာ အဆိုပါဘုရားအား မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လုံခြုံရေးရယူဆောင်ရွက်ထားရှိကြောင်းနှင့် အမြင့်ကျေးရွာမှ ဘုရားအမှတ် ၁၃၅၊ ဉာဏ်တော် ပေ ၄၀ ခန့်၊ ကုလားကျောင်းခံပုံစံဘုရားသည် တောင်ဘက်မုခ်ရှိ အုတ်များ ပြိုကျခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

---

**ရေစကြို**

ပခုက္ကူ-ရေစကြို-မြိုင်-လင်းကတောဒေသများတွင်လည်း ဩဂုတ် ၂၄ ရက် ညနေပိုင်းက ငလျင်လှုပ်ခတ်မှုကိုခံစားခဲ့ရကြောင်း သိရသည်။ ပခုက္ကူတစ်မြို့လုံး ငလျင်လှုပ်ခတ်သွားသော်လည်း မြို့မလမ်း နှင့် အာဇာနည်းလမ်းထောင့်ရှိ ရွှေလမင်းနှင့်မြတ်ဆုကုဋေ ထီဆိုင်တိုက်တန်း တစ်နေရာတည်းတွင် ပြင်းထန်စွာ ထိခိုက်ခံစားရမှုကြောင့် အဆောက်အအုံနှဖူးစည်းအုတ်များ ပလက်ဖောင်းပေါ်သို့ ပြုတ်ကျပျက်စီးသွားခဲ့ရာ မြို့နေပြည်သူများ လာရောက်ကြည့်ရှုခြင်းကြောင့် ယာဉ်သွားလာမှု ခေတ္တပိတ်သွားခဲ့သည်။ **ဖေထွဏ်းဇော်(ရေစကြို)**


---

**ဆင်ပေါင်ဝဲ**

မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ဆင်ပေါင်ဝဲမြို့ အမှတ် (၃)ရပ်ကွက်ရှိ ဘုရားငါးဆူစေတီတော်မြတ်ကြီး စိန်ဖူးကလပ်၏အပေါ်မှ စိန်ဖူးတော်ကြီးနှင့် အရံစိန်ဖူးတော်သုံးလုံးမြေခပျက်စီးခဲ့သည်။ အမှတ် (၁) မူလွန် အမကကျောင်းရှိ အန္တရာယ်ဆောင် ၁၀ ပေ ပတ်လည်နှစ်ခန်းနှင့် စည်တိုင်းကျေးရွာအုပ်စု ပိတောက်ကန်ကျေးရွာရှိ ဦးဖိုးကျော်၏ (၃×၃) ပင်အိမ် အုတ်ပတ်ကား နှစ်ထပ် ခြေရင်းခန်း ၁၀ ပေ ပတ်လည်တစ်ခန်းတို့ ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အင်အားပြင်းငလျင်ကြောင့် ထိခိုက်ပျက်စီးမှု မြင်ကွင်းများ



မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင် အင်အားပြင်း မြေငလျင်ကြောင့် စေတီပုထိုးအချို့ ထီးတော်များမြေခပျက်စီးမှုကို တွေ့ရစဉ်
စစ်ကြည်(စလင်း)



မင်းလှမြို့အတွင်းရှိ ဘုရားထီးတော်အချို့ အနည်းငယ်ယိုင်စောင်းသွားသည်ကို တွေ့ရစဉ်
ကိုသက်(အထက်မင်းလှ)



ချောင်းဦးမြို့နယ် သုံးပန်လှကျေးရွာအုပ်စု သုံးပန်လှကျေးရွာ ရွာအဝင်ရှိ သုံးပန်လှဘုရားကြီး စိန်ဖူးတော်နှင့် ငှက်မြတ်နားတော် မြေခခဲ့စဉ် (ပြန်/ဆက်)



တောင်တွင်းကြီးမြို့နယ် မောင်းတိုင် (၂) ရပ်ကွက် အပိုင်း(၆)ရှိ မြောက်ပြင်အရှေ့ကျောင်းဝင်းအတွင်းရှိ ရဟန်းသံဃာမနေတော့သည့် နှစ်ထပ်တိုက်ကျောင်းဆောင်ဟောင်း ပြိုကျနေမှုကို တွေ့ရစဉ် (၀၁၅)



ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် အင်အားပြင်း ငလျင်လှုပ်ခတ်မှုကြောင့် စေတီဘုရားအချို့ ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည်ကို တွေ့ရစဉ် ရဲသူရအောင်(ညောင်ဦး)



မင်းဘူး(စကု)မြို့တွင် လှုပ်ခတ်ခဲ့သည့်အင်အားပြင်းငလျင်ကြောင့် နဂါးပွက်တောင် ရွှံ့ချော်ရည်များ လျှံကျမှုဖြစ်ပွားနေသည်ကို တွေ့ရစဉ် ဖိုးပြည့်(မင်းဘူး)



ဆိပ်ဖြူမြို့နယ်တွင် ဩဂုတ် ၂၄ ရက် ညနေ ၅ နာရီ ၅ မိနစ်ခန့်က လှုပ်ခတ်ခဲ့သည့် အင်အားပြင်းငလျင်ကြောင့် ဆန္ဒတော်ပြည့် အာရုံခံအုတ်တိုက်ရှေးဟောင်းအဆောက်အအုံ ပြိုကျမှုကိုတွေ့ရစဉ် (ပြန်/ဆက်)



ချောက်မြို့တွင် အင်အားပြင်းငလျင်ကြောင့် လူနေအဆောက်အအုံအချို့ ပြိုကျပျက်စီးမှုကို တွေ့ရစဉ်
ဝင်းအိမွန် (ပြန်/ဆက်)



မကွေးမြို့၌ အင်အားပြင်းငလျင်ကြောင့် ဂိုဒေါင်ဟောင်းတစ်လုံးပြိုကျရာ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများ ရှင်းလင်းဆောင်ရွက်နေကြစဉ်
ညီညီမောင်(မကွေး)

## ကျောက်ဖြူမြို့တွင် ရွှံ့မီးတောင်ပေါက်ကွဲမှုဖြစ်

ကျောက်ဖြူ ဩဂုတ် ၂၄

ကျောက်ဖြူမြို့နယ် စစ်တောကျေးရွာအုပ်စု စည်မော်ကျေးရွာ၏အနောက်တောင်ဘက် ခုနစ်ဖာလုံခန့်အကွာတွင် ဩဂုတ် ၂၄ ရက် ညနေ ၅ နာရီ မိနစ် ၂၀ မှ ညနေ ၆ နာရီအထိ ဒေသအခေါ် ကြက်သေနဂါးရွှံ့မီးတောင်ပေါက်ကွဲမှု ပေါ်ပေါက်ခဲ့သည်။ အဆိုပါရွှံ့မီးတောင်ပေါက်ကွဲချိန်တွင် တစ်နိုင်ငံလုံးအနှံ့ ငလျင်လှုပ်ခတ်ချိန်နှင့် တစ်ထပ်တည်း တစ်ချိန်တည်းတွင် ရွှံ့မီးတောင်ပေါက်ကွဲခဲ့ရာ ရွှံ့မီးတောင်၏ ချော်ရည်မှာအမြင့်ပေ ၂၀ ကျော်ခန့် တက်ရောက်ပြီး အဆိုပါ ရွှံ့မီးတောင်၏ ပတ်ဝန်းကျင်ပေ ၄၀ ကျော်ခန့်သို့ ချော်ရည်များ စီးဆင်းခဲ့သော်လည်း လူ၊ တိရစ္ဆာန်၊ လယ်ယာမြေ စိုက်ခင်းများ ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။ **စောမိုးကျော်**

# အီတလီအလယ်ပိုင်း အင်အားပြင်းမြေငလျင်လှုပ်ခတ် ၇၃ ဦးထက်မနည်းသေဆုံး



**ရောမ ဩဂုတ် ၂၄**

ဗုဒ္ဓဟူးနေ့အစောပိုင်းက အီတလီနိုင်ငံအလယ်ပိုင်း တောင်တန်းဒေသမြို့များတွင် ၆ ဒသမ ၂ မဂ္ဂနီကျူအဆင့်ရှိ အင်အားပြင်းမြေငလျင်တစ်ခု လှုပ်ခတ်သွားခဲ့မှုကြောင့် နေအိမ်အဆောက်အအုံများ ထိခိုက်ပျက်စီးကာ လူ ၇၃ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

မြေငလျင်သည် ကျေးရွာများနှင့်မြို့ငယ်များစွာကို ထိခိုက်ပျက်စီးစေခဲ့သည်။ သို့သော် လူဦးရေထူထပ်များပြားသည့် ရေိယာတို့တွင် အကြီးအကျယ်ထိခိုက်ပျက်စီးမှုမျိုးမရှိခဲ့ဟု ဆိုသည်။ ငလျင်ဗဟိုချက်နှင့် ၂၂၀ ကီလိုမီတာကွာဝေးသော မြောက်ဘက် ဘိုလော့နာမှ တောင်ဘက်နက်ပ်လက်စ်ထိ ပြင်းထန်သော ငလျင်ဒဏ်ကို ခံစားခဲ့ရသည်။

ငလျင်ဒဏ်အဆိုးရွားဆုံးထိခိုက်ခဲ့သည့်မြို့များမှာ အကျူမိုလီ၊ အမက်ထရီးစ်၊ ပိုစ်တာနှင့် အကွာတာဒယ်လ်ထရွန်တိုမြို့များဖြစ်ကြောင်း အီတလီမီးသတ်ဌာနမှ ပြောရေးဆိုခွင့်ရှိသူ လူကာကာရီက ရိုက်တာသို့ပြောကြားခဲ့သည်။ ထိခိုက်သည့် နေရာများတွင် ကူညီကယ်ဆယ်မှုပေးရန် ရဟတ်ယာဉ်များ စေလွှတ်မည်ဖြစ်ကြောင်း ၄င်းကပြောဆိုခဲ့သည်။ နေအိမ်အဆောက်အအုံများစွာ ပျက်စီးထိခိုက်ခဲ့ပြီး လူလေးဦးမှာ အပျက်အစီးများအောက်တွင် ပိတ်မိနေကာ အသက်ရှင်ရန် လမ်းစမရှိနိုင်ကြောင်း၊ ပိတ်မိနေသူများမှာ မိဘနှစ်ဦးနှင့်ကလေးငယ်နှစ်ဦးဖြစ်ကြောင်း မြို့တော်ဝန် စတီဖနိုပက်ထရူစီက အာအေအိုင်ရုပ်မြင်သံကြားဌာနသို့ ပြောကြားခဲ့သည်။ ပက်စကာရာဒယ်ထရွန်တိုကျေးရွာအနီးတွင် လူနှစ်ဦးသေဆုံးသွားခဲ့ကြောင်း သိရသည်။ ကယ်ဆယ်ရေးအဖွဲ့များကိုလည်း စေလွှတ်ထားကြောင်း ဝန်ကြီးချုပ် မက်တီရိုရန်ဇီက ပြောကြားသည်။ **(ရိုက်တာ)**

## ဂရိ၌ ငှက်ဖျားရောဂါဖြစ်ပွားမှုကြောင့် မြို့နယ် ၁၂ ခုတွင် သွေးလှူဒါန်းခြင်းကို ပိတ်ပင်ထား


**အေသင် ဩဂုတ် ၂၄**

ဂရိနိုင်ငံ၌ ယခုနှစ်အတွင်း လေးကြိမ်မြောက် ငှက်ဖျားရောဂါဖြစ်ပွားမှုတွေ့ရှိရသဖြင့် မြို့နယ် ၁၂ ခုတို့တွင် သွေးလှူဒါန်းမှုပိတ်ပင်ထားကြောင်း ဒေသမီဒီယာက ဖော်ပြသည်။

ယခုနှစ်အတွင်းငှက်ဖျားရောဂါဖြစ်ပွားမှု ၆၁ ခုရှိသည့်အနက် အိန္ဒိယနှင့် အာဖရိကဒေသများတွင်လည်း ဒေသအလိုက် ကူးစက်ခံရမှုများရှိလာကြောင်း သိရသည်။

ရောဂါဖြစ်ပွားမှုသည် ပီလိုပိုနီးစ်ဒေသမှ တီစာလိုနီကီဒေသများသို့ ကူးစက်ပြန့်ပွားလာခဲ့သည်။ ဆယ်စုနှစ်လေးခုနီးပါးကြာအောင် ဂရိ၌ငှက်ဖျားရောဂါကို အမြစ်ပြတ်ဖယ်ရှားခဲ့ပြီးနောက် လေးနှစ်အကြာတွင် နိုင်ငံအတွင်း ရောဂါဖြစ်ပွားမှု ပြန်လည်ပေါ်ပေါက်လာခဲ့သည်။

ငှက်ဖျားရောဂါသည် ပလပ်စ်မိုဒီယမ်ဟုခေါ်သော ကပ်ပါးပိုးမွှားတစ်မျိုးက အသည်းအတွင်း၌ ပုန်းအောင်းကာ သွေးကြောထဲသို့ဝင်ရောက်၍ ခန္ဓာ ကိုယ်ရှိ အောက်ဆီဂျင်ကို သယ်ယူပို့ဆောင်ပေးသည့် သွေးနီဥဆဲလ်များကို ရောဂါကူးစက်စေမှုကြောင့် ဖြစ်ရသည်။
**(ဘီဘီစီ)**



# အိုင်အက်စ်ချေမှုန်းရေး စစ်ဆင်တိုက်ခိုက်မှု တူရကီစတင် ကာကမစ်မြို့ကို ရွှေ့ပြောင်းရန်အမိန့်ထုတ်



**အန်ကာရာ ဩဂုတ် ၂၄**

တူရကီတပ်မတော်သည် ဆီးရီးယားနယ်စပ်မြို့ဖြစ်သည့် ဂျရာဘူလပ်စ်တွင် အိုင်အက်စ် စစ်သွေးကြွအုပ်စုများကို သုတ်သင်ရှင်းလင်းသည့် ထိုးစစ်ဆင်မှုတစ်ရပ်ကို ပြန်လည်စတင်လိုက်ပြီဖြစ်ကြောင်း အာဏာပိုင်များက ထုတ်ဖော်ပြောကြားခဲ့သည်။

ဆီးရီးယားရှိစစ်ဆင်ရေးဆင်နွှဲမည့် တူရကီ အထူးတိုက်ခိုက်ရေးအင်အားစုများကို တူရကီနှင့်အမေရိကန်ဦးဆောင်သည့်မဟာမိတ်လေကြောင်း တိုက်ခိုက်ရေးအဖွဲ့က ကျောထောက်နောက်ခံပြုထားသည်ဟု အစိုးရအာဏာပိုင်အဖွဲ့က ပြောကြားသည်။

တူရကီပိုင်နက် နယ်မြေအတွင်းရှိ မြို့တစ်မြို့ကို ဆီးရီးယားသူပုန်များက ကျူးကျော်ရန်စရန် ပြင်ဆင်ခဲ့သဖြင့် စစ်ဆင်ရေးပြန်လည်စတင်လာခြင်းဖြစ်သည်။

ထို့ပြင် တူရကီအစိုးရသည် ဆီးရီးယားရှိ အိုင်အက်စ်စစ်သွေးကြွများ၏ အမြောက်ပစ်ခတ်မှု ထိမှန်ခံခဲ့ရသည့် ကာကမစ်နယ်စပ်မြို့ရှိ ပြည်သူများကို နေရာမှရွှေ့ပြောင်းရန် အမိန့်ထုတ်ပြန်ခဲ့သည်။ ကာကမစ်မြို့သည် အိုင်အက်စ်တို့ ထိန်းချုပ်ထားသော ဂျရာဘူလပ်စ်နယ်စပ်အနီးတွင်ရှိပြီး တူရကီကျောထောက်နောက်ခံပြုထားသည့် သူပုန်အဖွဲ့ကသိမ်းပိုက်ရန် ကြိုးစားနေသည့် မြို့ဖြစ်သည်။
**(ဘီဘီစီ)**

## ဂျပန်ကာကွယ်ရေးတပ်ဖွဲ့ တာဝန်သစ်များ ထမ်းဆောင်ရန်လေ့ကျင့်

**တိုကျို ဩဂုတ် ၂၄**

ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့သည် ပြန်လည်ပြင်ဆင်ထားသော လုံခြုံရေးဥပဒေပြဋ္ဌာန်းချက်များအတိုင်း တာဝန်ဝတ္တရားအသစ်များကို စတင်ထမ်းဆောင်ရန် လေ့ကျင့်မှုများပြုလုပ်နေပြီဖြစ်ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီး တိုမိုမီအီနာဒါက ပြောခဲ့သည်။

ယင်းဥပဒေသည် မတ်လတွင်စတင်အသက်ဝင်ခဲ့ပြီး စုပေါင်းကိုယ်ပိုင်ကာကွယ်မှုအခွင့်အရေးများကို ကျင့်သုံးစေမည်ဖြစ်သည်။ ကာကွယ်ရေးဝန်ကြီးဌာနသည် ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့၏ နည်းဥပဒေကျင့်ဝတ်များကို ပြန်လည်ပြင်ဆင်ခဲ့ပြီး စစ်ဆင်ရေး၏ မြေမျက်နှာသွင်ပြင်အနေအထားနှင့် စစ်လက်နက်အသုံးပြုရေးတို့ကို ပြဋ္ဌာန်းထားကြောင်း သိရသည်။
**(အင်န်အိတ်ချ်ကေ)**

# အိန္ဒိယနိုင်ငံမြောက်ပိုင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပြည်နယ် ၂၅ ခုခန့် ရေဘေးဒုက္ခခံစားနေရ၊ ၄၃ ဦး သေဆုံး



**နယူးဒေလီ ဩဂုတ် ၂၄**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥဒရာပရာဒေ့ရှ်ပြည်နယ် အယ်လာဟာဘတ်မြို့နှင့် ဗာရာဏသီမြို့များတွင် လွန်ခဲ့သော ရက်အနည်းငယ်ကတည်းက မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ရေကြီးမှုများဖြစ်ပေါ်ခဲ့ရာ ပြည်နယ် ၂၅ ခုခန့် ရေဘေးဒုက္ခခံစားနေရကြောင်း သိရပြီး ယင်းဒေသများရှိ စာသင်ကျောင်းများကို ပိတ်ထားခဲ့ရကြောင်း ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့က ကြေညာခဲ့သည်။

ရေကြီးမှုများကြောင့် လူပေါင်း ၄၃ ဦးသေဆုံးခဲ့ပြီး ဥဒရာပရာဒေ့ရှ်ပြည်နယ် အရှေ့ဘက်၊ ဘွန်ဒယ်ခန်နှင့် တရိုင်းဒေသများတွင် ရောဂါဝင်ရောက်မှုများ ခံစားနေရကြောင်း သက်ဆိုင်ရာအာဏာပိုင်များကပြောခဲ့သည်။ ယင်းရောဂါခံစားနေရသူများမှာ ရှစ်သိန်းနီးနီးရှိကြောင်း ၄င်းအာဏာပိုင်များက ဆက်လက်ပြောကြားခဲ့သည်။ ရေဘေးကယ်ဆယ်ရေးအဖွဲ့များနှင့် ပြည်နယ်တပ်ဖွဲ့များသည် ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများကို အားကြိုးမာန်တက်ဆောင်ရွက်လျက်ရှိကြောင်း အာဏာပိုင်များက ပြောကြားသည်။

ပြည်နယ်ရှစ်ခုတွင် ရေကြီးမှုကြောင့် ကောက်ပဲသီးနှံများ ရူပီး ၁၂၁၆ သိန်းနီးနီးဆုံးရှုံးခဲ့ကြောင်းသိရသည်။ ပြည်နယ် ၁၀ခုကျော်တွင် စိုက်ပျိုးမြေဟက်တာပေါင်း သုံးသောင်းဝန်းကျင်ခန့်ပျက်စီးဆုံးရှုံးခဲ့သည်။

ထို့အပြင် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ဂင်္ဂါနှင့် ယမုံနာမြစ်များ၏ စိုးရိမ်ရေမှတ်ထက် တစ်မီတာကျော်လွန်လျက်ရှိကြောင်း သိရသည်။
**(ဆင်ဟွာ)**

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဒုတိယအကြိမ် ပါတီညီလာခံကျင်းပပြီးစီး

**နေပြည်တော် ဩဂုတ် ၂၄**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဒုတိယအကြိမ်ပါတီညီလာခံ တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသည်။

ပါတီဥက္ကဋ္ဌ ဦးသန်းဌေးက ဖွဲ့စည်းမှုအသစ်၊ သွေးသစ်၊ လူသစ်ပါတီဝင်များအနေဖြင့် ပါတီ၏ရည်ရွယ်ချက်များသည် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များပင်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၌ လတ်တလောကြုံတွေ့နေရသည့် လူမှုရေး၊ စီးပွားရေး၊ တည်ငြိမ်အေးချမ်းရေး၊ သဘာဝဘေးစသည့် အခြေအနေများတွင် ပြည်သူ့ပါတီတစ်ရပ်အနေဖြင့် လုပ်ငန်းစဉ်များချမှတ်၍ တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပါတီညီလာခံ (၂၀၁၆) ကျင်းပခြင်းနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ပါတီဌာနချုပ်၌ ကျင်းပသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံနှင့် စပ်လျဉ်း၍ ပါတီဥက္ကဋ္ဌ ဦးသန်းဌေးက ဩဂုတ် ၃၁ ရက်တွင် ကျင်းပမည့် ငြိမ်းချမ်းရေးညီလာခံသို့ မိမိတို့တက်ရောက်မည်ဖြစ်ပြီး ပါတီ၏သဘောထားနှင့် အတွေ့အကြုံများကို တင်ပြသွားမည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်း အောင်မြင်သည်အထိ တတ်နိုင်သမျှ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးသည် အစိတ်အပိုင်းတစ်ခုဖြစ်ပြီး တိုင်းပြည်ကြီးပွားချမ်းသာရေးနှင့် ဒီမိုကရေစီအရေးတို့လည်းရှိပါကြောင်း၊ မိမိတို့ပါတီအနေဖြင့် အစိုးရ၏လုပ်ရပ်များ မှန်ကန်ပါကလက်တွဲ လုပ်ဆောင်သွားမည်ဖြစ်ပြီး လိုအပ်ပါကလည်း ထောက်ပြသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ဖက်ဒရယ်စနစ်**နှင့်ပတ်သက်၍ ပါတီစည်းကမ်း ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဦးခင်ရီက ဖက်ဒရယ်အမျိုးမျိုး ရှိပါကြောင်း၊ မိမိတို့နှင့်ကိုက်ညီသည့် ဖက်ဒရယ်မျိုးကို လက်ခံပါကြောင်း၊ ဖက်ဒရယ်၌ ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရများရှိသကဲ့သို့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင်လည်း အစိုးရ နှစ်ရပ်ပါရှိပါကြောင်း၊ ထို့ကြောင့် ဖက်ဒရယ်စနစ်အပေါ် အခြေခံသည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအပါ အရင်းအမြစ်များနှင့် သယံဇာတများ ခွဲဝေခြင်းအပိုင်းတို့တွင် လိုအပ်သလို ပြင်ဆင်ဆောင်ရွက်သွားမည်ဟု ယူဆပါကြောင်း၊ မိမိတို့ပါတီအနေဖြင့် နိုင်ငံနှင့်အံဝင်ခွင်ကျဖြစ်သည့် ဖက်ဒရယ်စနစ်ကို လက်ခံသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**

# ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ ၂၀၁၇ ခုနှစ်တွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအတွက် ကြေညာချက်ထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၂၄**

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ ၂၀၁၇ ခုနှစ်တွင်ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ သိရှိနိုင်ရန် ကြေညာချက်တစ်ရပ်ထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါကြေညာချက်တွင် တက္ကသိုလ်ဝင်စာမေးပွဲဝင်ခွင့် လျှောက်လွှာပုံစံများကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတွင် စက်တင်ဘာ ၁ ရက်မှစ၍ သတ်မှတ်ထားသောနှုန်းထားဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း။

စာမေးပွဲဝင်ခွင့် လျှောက်လွှာတင်သွင်းရာ၌ ဘာသာတွဲ အမှတ်စဉ် (၁)၊ (၅)၊ (၆)၊ (၇)၊ (၈)များဖြင့် ဖြေဆိုမည့်သူများအတွက် အစိမ်းရောင်ဝင်ခွင့် လျှောက်လွှာနှင့် ကတ်ပြားပုံစံဖြင့် လည်းကောင်း၊ ဘာသာတွဲအမှတ်စဉ် (၂)၊ (၃)၊ (၄) များဖြင့် ဖြေဆိုမည့်သူများအတွက် ပန်းရောင်ဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားပုံစံဖြင့်တင်သွင်းရန် အရောင်နှစ်မျိုး ခွဲခြားသတ်မှတ်ထားကြောင်း။

ပြင်ပဖြေဆိုရန် လျှောက်လွှာတင်သွင်းသူများ၏ စာမေးပွဲဝင်ကြေးငွေကို သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးများတွင် ကျသင့်ငွေသွင်းတံဆိပ်ခေါင်းများ ဝယ်ယူပြီး ဝင်ခွင့်လျှောက်လွှာ၏ လက်ဝဲဘက်ထိပ်ပိုင်းတွင်ကပ်၍ မိမိတို့ အမှန်တကယ်နေထိုင်သည့် မြို့နယ်ပညာရေးမှူးရုံးတွင် စက်တင်ဘာ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အတွင်း တင်သွင်းကြရမည် ဖြစ်ကြောင်း။

အခြေခံပညာအထက်တန်းကျောင်းများ၊ ကျောင်းခွဲများ၊ တွဲဖက်ကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ဖြေဆိုရန် လျှောက်လွှာတင်သွင်းမည့် ကျောင်းသား ကျောင်းသူများ၏ စာမေးပွဲဝင်ကြေးအတွက် ကျောင်းအုပ်ကြီးများသည် ကျသင့် ငွေသွင်းတံဆိပ်ခေါင်းများဝယ်ယူပြီး လျှောက်လွှာတစ်စောင်ချင်းတွင်ကပ်၍ စုပေါင်းပြီး မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသို့ စက်တင်ဘာ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အတွင်း သတ်မှတ်ရက်အမီ တင်သွင်းကြရမည်ဖြစ်ကြောင်း။

သတ်မှတ်ထားသောရက်များအတွင်း အချိန်မီပေးပို့ခြင်းမရှိသူများသည် စာမေးပွဲဖြေဆိုခွင့် ရရှိကြမည် မဟုတ်ကြောင်းနှင့် စာဖြေသူတင်သွင်းသည့် စာမေးပွဲဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားတွင် ဖော်ပြပါရှိသည့် ဘာသာတွဲမှအပ အခြားဘာသာတွဲသို့ ပြောင်းလဲဖြေဆိုခွင့်ပြုမည်မဟုတ်သဖြင့် မိမိဖြေဆိုမည့် ဘာသာတွဲအလိုက် ပုံစံများ မှန်ကန်မှု ရှိ/မရှိ သေချာစွာ စစ်ဆေးပြီး မှန်ကန်စွာဖြည့်စွက်ပေးပို့ကြရန် ဖြစ်ကြောင်း။

လျှောက်လွှာပုံစံများနှင့် ငွေသွင်းတံဆိပ်ခေါင်းများကို နေပြည်တော်၊ ရုံးအမှတ် (၅၂)၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန (ရုံးချုပ်)၊ ရန်ကုန်မြို့ လှိုင်မြို့နယ်၊ လှိုင်တက္ကသိုလ်နယ်မြေ၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန (ဇွဲကပင်ဆောင်) နှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၊ အမှတ်(၁၆၆)၊ လသာလမ်း၊ ရန်ကုန်မြို့တို့တွင် လာရောက်ဝယ်ယူနိုင်ပါကြောင်း ဖော်ပြထားသည်။

**(သတင်းစဉ်)**




# ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်

**ရေကြည် ဩဂုတ် ၂၄**

ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် နတ်စင်ကွင်းကျေးရွာအုပ်စုနှင့် သစ်ငုတ္တထောင်ကျေးရွာအုပ်စုတို့မှ ရေဘေးသင့်အိမ်ထောင်စုများနှင့် မိသားစုဝင် ကျောင်းသား ကျောင်းသူများအား အလှူရှင် အောင်ပန်းမြိုင်လူမှုကူညီရေးအသင်း နေပြည်တော်က လှူဒါန်းသော ထောက်ပံ့ပစ္စည်းများကို ဩဂုတ် ၂၃ ရက်က ဆရာတော်ဦးစာရိတ္တသဒ္ဓမ္မ ဝေပုလ္လပရိယတ္တိစာသင်တိုက် နေပြည်တော်က ဦးဆောင်၍ ရောဝတီဖောင်ဒေးရှင်းက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါ ရေဘေးသင့်ကျေးရွာအုပ်စုတို့မှ ပြည်သူများအား ထောက်ပံ့ပစ္စည်း ဆန်အိတ် ၃၀၊ ထရံအချပ် ၁၈၀၊ ဝါး အလုံး ၉၀၀၊ အဝတ်အထည်နှင့် မိသားစုဝင် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်နှင့် အလှူငွေကျပ် ၁၈ သိန်း တစ်သောင်းတို့ကို ထောက်ပံ့လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်သူဟန်(ပြန်/ဆက်)**

## ကျိုးပေါက်သွားသောရေကာတာအား ပြန်လည်ပြုပြင်

**မိုးညို ဩဂုတ် ၂၄**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် ဆုံကုန်းအုပ်စု ပုညဝတီရွာမြောက်ပိုင်း အပြင်ဘက်ရှိ ကျိုးပေါက်သွားသော ရေကာတာအား ဩဂုတ် ၂၃ ရက် ညနေပိုင်းက ထုပ်တန်းရိုက် ကာရံခြင်းလုပ်ငန်း ပြီးစီးနေသည့် မိုင်တိုင်အမှတ် ၁၉/၇ မှ ၂၀/၀ အတွင်း ရေကာတာ ထုပ်တန်းရိုက်ခြင်း၊ သဲအိတ်များချခြင်းလုပ်ငန်းများကို စက်ယန္တရားများနှင့် လူအင်အား ၃၀၀ ကျော်ခန့်ဖြင့် ဆောင်ရွက်နေမှုကို လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့်အဖွဲ့က လာရောက်စစ်ဆေးပြီး ရောဝတီမြစ်ရေကျဆင်းချိန်တွင် အမြန်ပြီးစီးရေး ဆောင်ရွက်ရန် ပြောကြားခဲ့သည်။

**(ဝ၆၃)**

## အင်းတော်၌ လေပြင်းတိုက်ခတ်ပြီး မိုးကြိုးပစ်သဖြင့် နှစ်ဦးသေ

**ကသာ ဩဂုတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်၌ ဩဂုတ် ၂၃ ရက် နံနက် ၁၀ နာရီခန့်က လေပြင်းတိုက်ခတ်ပြီး မိုးကြိုးပစ်သဖြင့် လူနှစ်ဦး သေဆုံးခဲ့သည်။ အဆိုပါ လေပြင်းတိုက်ခတ်ပြီး မိုးကြိုးပစ်မှုကြောင့် မဲဇာကျေးရွာ မဲဇာချောင်းအနောက် လယ်ကွင်းထဲတွင် မကျည်းပင်ကျေးရွာနေ ဒေါ်လှအိုးနှင့် ဒေါ်မနီတို့ မိုးကြိုးထိမှန်၍ သေဆုံးခဲ့ကြောင်း သိရသည်။

**မြင့်ကေခိုင်(ပြန်/ဆက်)**

## လျှော်လှုပ်ခတ်စဉ် နိုင်ငံခြားသူတစ်ဦး ဘုရားပေါ်မှ ပြုတ်ကျ၍ ဒဏ်ရာရ

**နေပြည်တော် ဩဂုတ် ၂၄**

ချောက်မြို့၏ အနောက်ဘက် ၁၂ မိုင်အကွာကို ဗဟိုပြု၍ ယနေ့ ညနေပိုင်းက လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ကြောင့် ပုဂံမြို့သို့ လာရောက်လည်ပတ်လျက်ရှိသည့် နိုင်ငံခြားသူတစ်ဦး ဘုရားပေါ်မှ ပြုတ်ကျ၍ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ငလျင်လှုပ်ခတ်စဉ် စပိန်နိုင်ငံသူတစ်ဦး ဘူးလည်းသီးဘုရားပေါ်မှ ပြုတ်ကျ၍ အနည်းငယ် ဒဏ်ရာရရှိသွားသဖြင့် ညောင်ဦးဆေးရုံမှတစ်ဆင့် ည ၈ နာရီခွဲခန့်တွင် မန္တလေးဆေးရုံကြီးသို့ လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**(မြန်မာ့အလင်း)**

# မလေးရှားနိုင်ငံမှ မြန်မာအလုပ်သမား ၁၃၆ ဦး MAI လေယာဉ်ဖြင့် ပဉ္စမအကြိမ် ပြန်လည်ခေါ်ယူ

**ရန်ကုန် ဩဂုတ် ၂၄**

မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်း ၁၁ ခု၌ ဖမ်းဆီးထိန်းသိမ်းခံရသည့် မြန်မာနိုင်ငံသားများအနက် မြန်မာနိုင်ငံသို့ ပြန်ရန် လေယာဉ်စရိတ်မတတ်နိုင်သူ C of I ရရှိပြီးသည့် မြန်မာနိုင်ငံသား ၁၃၆ ဦးအား ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ အစီအစဉ်ဖြင့် မလေးရှားနိုင်ငံမှ ဩဂုတ် ၂၄ ရက်တွင် ပဉ္စမအကြိမ် ပြန်လည်ခေါ်ဆောင်ခဲ့သည်။

အဆိုပါ ထိန်းသိမ်းခံရသည့် မြန်မာနိုင်ငံသားများ ပြန်လည်ခေါ်ယူရေးအတွက် ကာကွယ်ရေးဝန်ကြီးဌာနမှ တတိယအကြိမ် မြန်မာနိုင်ငံသား ၁၃၆ ဦးအား လေယာဉ်ဖြင့် အခမဲ့ပို့ဆောင်နိုင်ရေး လှူဒါန်းခဲ့ပြီး မလေးရှားနိုင်ငံ ကွာလာလမ်ပူလေဆိပ်မှ မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း MAI လေယာဉ်ဖြင့် ယနေ့ ည ၈ နာရီ မိနစ် ၄၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရောဝတီရေတပ်စခန်းဌာနချုပ်မှူး၊ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အလုပ်သမားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ပြည်ပနိုင်ငံများတွင်ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ နေရပ်ပြန်ပို့ရေးကော်မတီဝင်များဖြစ်သည့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကမ္ဘောဇအေနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ IOM ရုံးမှ တာဝန်ရှိသူများနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။


မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာအလုပ်သမားများကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်

အဆိုပါ မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည့် အလုပ်သမားများအား ကမ္ဘောဇအေနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ အလုပ်သမားတစ်ဦးလျှင် ငွေကျပ် တစ်သိန်းစီ ထောက်ပံ့ကူညီပေးသည်။ ထို့အပြင် IOM အဖွဲ့မှ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အလိုက် နေရပ်ပြန် ခရီးစရိတ်၊ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများကို ထောက်ပံ့ပေးကာ ကျန်းမာရေးစောင့်ရှောက်မှုကိုလည်း ကူညီဆောင်ရွက်ပေးခဲ့ပြီး နေရပ်သို့ ချက်ချင်းပြန်နိုင်ခြင်းမရှိသူများကိုလည်း ခေတ္တနေရာချထားပေးသည်။

မလေးရှားနိုင်ငံ ထိန်းသိမ်းရေးစခန်းများမှ C of I ဖြင့် ပြန်လာသည့် အလုပ်သမားများအား နိုင်ငံတော်အစီအစဉ်ဖြင့် ဩဂုတ် ၈ ရက်မှစ၍ ပြန်လည်ခေါ်ယူလျက်ရှိရာ ပထမအကြိမ်မှ ပဉ္စမအကြိမ်အထိ စုစုပေါင်း ၆၈၆ ဦး ပြန်လည်ခေါ်ယူပေးပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ထိုင်းနိုင်ငံအတွင်း တရားဝင်ရွှေ့ပြောင်းအလုပ်သမားများ၏ စာရွက်စာတမ်းများအား အလုပ်ရှင်က သိမ်းဆည်းထားခြင်းမပြုရန် အလုပ်သမားဝန်ကြီးဌာနမှထုတ်ပြန်ကြေညာ



**ဗန်ကောက် ဩဂုတ် ၂၄**

ထိုင်းနိုင်ငံအတွင်း တရားဝင်လာရောက်အလုပ်လုပ်ကိုင်လျက်ရှိသည့် ရွှေ့ပြောင်းအလုပ်သမားများ၏ စာရွက်စာတမ်း အထောက်အထားများအား သက်ဆိုင်ရာ အလုပ်ရှင်သူဌေးများမှ သိမ်းဆည်းထားခြင်းမပြုကြရန် ဩဂုတ် ၂၂ ရက်က ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန အလုပ်အကိုင်နှင့်လူမှုဖူလုံရေးညွှန်ကြားရေးမှူး မစ်ဖန်ဏီဆီယွတ်ထစတ်က ညွှန်ကြားချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်တွင် ထိုင်းနိုင်ငံတွင်း တရားဝင်လာရောက် အလုပ်လုပ်ကိုင်ကြသည့် ပြည်ပအလုပ်သမားများ၏ ပတ်စ်ပို့၊ ဝ့ါပါမစ်နှင့် ပန်းရောင်ကတ်များအား အလုပ်ကုမ္ပဏီများ၊ အလုပ်ရှင်သူဌေးများက သိမ်းဆည်းထားခြင်းမပြုရန်၊ သိမ်းဆည်းထားပါက ၁၉၉၈ ခုနှစ် အလုပ်သမားကာကွယ်စောင့်ရှောက်ရေး အက်ဥပဒေပုဒ်မ ၁၀ ပြဋ္ဌာန်းထားချက်အရ အရေးယူဆောင်ရွက်မည်ဖြစ်ပြီး ထောင်ဒဏ် ခြောက်လ ဒဏ်ငွေတစ်သိန်းထိ သိမ်းဆည်းထားသည့် အလုပ်ရှင်အား ပြစ်ဒဏ်ချမှတ်သွားမည်ဖြစ်ကြောင်း၊ အလုပ်ရှင်သူဌေးမှ ယင်းဥပဒေကို ဖောက်ဖျက်ပါက အလုပ်သမားများအနေဖြင့် ထိုင်းနိုင်ငံအလုပ်သမား ကာကွယ်စောင့်ရှောက်ရေးဌာန (ဆဝါဒီကန်ခုန့်ခေါင်လိုင်ငန်)နှင့် ထိုင်းနိုင်ငံအတွင်းရှိ ခရိုင်နှင့် မြို့နယ်တိုင်းရှိ အလုပ်သမားကာကွယ်ရေးဌာနခွဲများတွင် တိုင်ကြားနိုင်ကြောင်း၊ စစ်ဆေးဖော်ထုတ်တွေ့ရှိပါက အဆိုပါအလုပ်ရှင်အား အရေးယူသွားမည်ဖြစ်ကြောင်း၊ ရွှေ့ပြောင်းအလုပ်သမားများကလည်း မိမိအလုပ်လုပ်ကိုင်လျက်ရှိသည့် ခရိုင်နှင့်မြို့နယ်များတွင် အလုပ်သမားကာကွယ်ရေးဌာန (ဆဝါဒီကန်ခုန့်ခေါင်လိုင်ငန်) ရုံးတည်ရှိရာနေရာအား လေ့လာသိရှိထားရန်လိုအပ်ကြောင်း ထိုင်းနိုင်ငံမှလာသည့်သတင်းများအရ သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# ဘားအံစက်မှုဇုန်၌ လက်လုပ်ချိန်ကိုက်မိုင်းတစ်လုံး ပေါက်ကွဲမှုဖြစ်၊ လူထိခိုက်မှုမရှိ



**ဘားအံ ဩဂုတ် ၂၄**

ကရင်ပြည်နယ် ဘားအံမြို့စက်မှုဇုန်(၂)၊ ဘားအံ-ထီးဖိုးကလုံးကျေးရွာသွား ကားလမ်းမဟာအထည်ချုပ်စက်ရုံရှေ့၌ ဩဂုတ် ၂၄ ရက် နံနက် ၉ နာရီ ၁၅ မိနစ်ခန့်က လမ်းဘေးရှိ လုံးပတ် ငါးပေခန့်ရှိသော ညောင်ပင်ခြေရင်း၌ လက်လုပ်ချိန်ကိုက်မိုင်းတစ်လုံး ပေါက်ကွဲခဲ့ကြောင်း သိရသည်။

ချိန်ကိုက်မိုင်းပေါက်ကွဲမှု ဖြစ်ပွားရာနေရာသို့ ဘားအံတပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီး ဇော်ခိုင်ထွန်း၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကြည်လင်းနှင့် တာဝန်ရှိသူများ သွားရောက်စစ်ဆေးရာ ဖြစ်စဉ်နေရာနှင့် ကိုက် ၅၀ ခန့်အကွာတွင် မိုင်းအပိုင်းအစ ၁၃ ခု၊ အနီရောင်ဝိုင်ယာယမ်းကြိုးစတစ်ချောင်းတို့ တွေ့ရှိခဲ့သည်။ ပေါက်ကွဲမိုင်းမှာ နှစ်လက်မပတ်လည် အရှည်ခြောက်လက်မခန့်ရှိ သံပိုက်လုံးအတွင်း၌ TNT ယမ်း၊ ပန်တိုပလပ်ယမ်းများ ထည့်ထားသည့်အပြင် ကော့တက်စ်အားမြင့် ယမ်းကြိုးတစ်ချောင်းကို ထပ်မံဖြည့်သွင်း၍ ခာတ်ခဲနှစ်လုံးဖြင့် ချိန်ကိုက်ဖောက်ခွဲခြင်း ဖြစ်နိုင်ကြောင်း သိရသည်။

မိုင်းပေါက်ကွဲမှုဖြစ်ပွားစဉ် ကားလမ်းမပေါ်၌ လူနှင့်ယာဉ်များ ဖြတ်သန်းသွားလာခြင်းမရှိသဖြင့် ထိခိုက်သေဆုံးမှုမရှိဘဲ ညောင်ပင်မှာကားလမ်းပေါ်သို့ လဲကျသွားခဲ့ကြောင်း၊ အဆိုပါညောင်ပင်အား အနီးဝန်းကျင်ရှိ စက်ရုံမှ အလုပ်သမားများနှင့် ရဲတပ်ဖွဲ့ဝင်များက ရှင်းလင်းခဲ့ပြီး မည်သည့်အဖွဲ့အစည်းမှ ဖောက်ခွဲသည်ကို မသိရှိသေးကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# (၂၁) ရာစု ပင်လုံညီလာခံ၌ ရှမ်းတိုင်းရင်းသားအရေး တင်ပြနိုင်ရန် တွေ့ဆုံပွဲကျင်းပ

**ဗန်းမော် ဩဂုတ် ၂၄**

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ၂၁ ရာစု ပင်လုံညီလာခံ၌ အတူနေတိုင်းရင်းသားအရေးတင်ပြနိုင်ရန် ရှမ်းမိသားစုတွေ့ဆုံပွဲအခမ်းအနားကို ဩဂုတ် ၂၃ ရက်က ဗန်းမော်မြို့ ရွှေကျင်ကျောင်းတိုက်၌ ကျင်းပရာ မြို့နယ်တိုင်းလိုင်(ရှမ်းနီ) အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ နာယကဦးဌေးက အမှာစကားပြောကြားပြီး ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးစိုင်းမိုးဟိန်းက (၂၁)ရာစုပင်လုံညီလာခံတွင် အတူနေတိုင်းရင်းသားအရေး တင်ပြနိုင်ရန် ဆွေးနွေးတင်ပြခဲ့ရာ တက်ရောက်လာသူများက အပြန်အလှန်ဆွေးနွေး အကြံပြုခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ပျောက်ဆုံးသွားသည့်အိတ် ပိုင်ရှင်ထံပြန်လည်ပေးအပ်

**ညောင်ဦး ဩဂုတ် ၂၄**

ဆွစ်ဇာလန်နိုင်ငံသူ တစ်ဦးသည် ညောင်ဦးမြို့မရဲစခန်းသို့ ရောက်ရှိလာပြီး မိမိအနေဖြင့် ဩဂုတ် ၂၂ ရက်က ပြဿကြီးဘုရားတွင် ဘေးလွယ်အိတ် ပျောက်ဆုံးသွားခဲ့သဖြင့် စုံစမ်းအကူအညီတောင်းခံခဲ့ကြောင်း သိရသည်။

ညောင်ဦးမြို့မရဲစခန်းမှ ဒုရဲမှူးမြင့်စိုးဦးဆောင်သည့် တပ်ဖွဲ့ဝင်များက ၎င်းသွားရောက်ခဲ့သည့်နေရာများကို လိုက်လံရှာဖွေခဲ့စဉ် ညောင်ဦးမြို့ ဝင်းနားတည်းခိုခန်းတွင် တည်းခိုနေထိုင်သည့် စပိန်နိုင်ငံသူက ပြဿကြီးဘုရားသို့ သွားရောက်စဉ် ဘေးလွယ်အိတ်တစ်လုံးအား တွေ့ရှိခဲ့သဖြင့် ထိန်းသိမ်းယူဆောင်လာပြီး တည်းခိုခန်းမှမန်နေဂျာ ဦးမောင်မောင်စိုးထံသို့ အပ်နှံထားကြောင်းသိရ၍ ဝင်းနားတည်းခိုခန်းမန်နေဂျာထံမှ ဘေးလွယ်အိတ်အား သွားရောက်ယူဆောင်ခဲ့ပြီး



ဆွစ်ဇာလန်နိုင်ငံသူအား ဆက်သွယ်ကာ ပျောက်ဆုံးသွားခဲ့သည့် ဘေးလွယ်အိတ် ဟုတ်မဟုတ်ပြသခဲ့ရာ ဟုတ်မှန်ကြောင်း ပြောသဖြင့် ဩဂုတ် ၂၂ ရက် နံနက် ၁၀ နာရီက ဆွစ်ဇာလန်နိုင်ငံသူထံသို့ ပြန်လည်လွှဲပြောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ရေချောင်းတံတား ပြုပြင်တည်ဆောက်

**နောင်ချို ဩဂုတ် ၂၄**

နောင်ချိုမြို့ ဘူတာရပ်ကွက် ဇီဝကလမ်းသွယ်ပေါ်ရှိအမှတ်(၃)တံတားသည် ပျက်စီးလျက်ရှိရာ မြို့နယ်စည်ပင်သာယာရေးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဒုတိယသုံးလပတ်အတွင်း တံတားတည်ဆောက်ရေးလုပ်ငန်းများစတင်ဆောင်ရွက်လျက်ရှိရာ ပထမလုပ်ငန်းအဖြစ် ဩဂုတ် ၂၂ ရက်မှ စတင်ပြီး အောက်ခံအုတ်ရိုး ကျောက်စီခြင်းလုပ်ငန်းများဆောင်ရွက်နေပြီဖြစ်သည်။ အဆိုပါတံတားပြီးစီးသွားပါက ရပ်ကွက်အတွင်းရှိပြည်သူများ ယခင်ကထက်သွားလာရေးလွယ်ကူ မြန်ဆန်လာတော့မည်ဖြစ်ကြောင်း သိရသည်။ **စိုးဝင်း(နောင်ချို)**

MYANMAR ENGINEERING SOCIETY
M.E.S Affiliated Centre

CHINDWIN COLLEGE
helping you engineer your future

PEARSON
BTEC



တက္ကသိုလ်ဝင်တန်း မအောင်သေးသူတွေအတွက် ရွေးချယ်စရာ အခွင့်အလမ်းသစ်

တက္ကသိုလ်ဝင်တန်းကို တစ်ကြိမ်ဖြေဆိုပြီးသူတွေအနေနဲ့ Pearson BTEC Level 3 Program ကို ချင်းတွင်းကောလိပ်မှာ တက်ရောက်နိုင်ပါပြီ။

အလွတ်ကျက်ပြီး စာမေးပွဲဖြေရတာ မဟုတ်ဘဲ သဘောတရား သိပြီး အသုံးချတတ်မှုကို ဆန်းစစ်တဲ့ assignment တွေနဲ့ အတန်းတင်ပေးတဲ့ သင်ကြား၊ သင်ယူမှု ပုံစံကို အသုံးပြုပါတယ်။

Engineering နဲ့ Business ရွေးချယ်တက်ရောက်နိုင်ပြီး၊ အင်္ဂလိပ်စာအရည်အချင်းပြည့်မီပြီးရင် သင်တန်းကာလ two semester ဖြစ်ပါတယ်။

Level 3 Program အောင်မြင်ပြီးရင် HND ဆက်တက်နိုင်ပါတယ်။ HND ရပြီးရင် UK Bachelor Degree ရယူနိုင်တဲ့ နိုင်ငံတကာ ပညာရေးလမ်းကြောင်းပေါ် ရောက်ရှိမှာ ဖြစ်ပါတယ်။

၂၀၁၆ ဩဂုတ်လ နောက်ဆုံးပတ်မှာ စတင်ဖွင့်လှစ်မှာ ဖြစ်ပြီး အောက်ပါနေရာတွေမှာ ဆက်သွယ်စုံစမ်းနိုင်ပါတယ်။
ဩဂုတ်လ မကုန်မီ စာရင်းပေးသွင်းလျှင် ၂၀ % လျှော့ပါမယ်။

ချင်းတွင်းကောလိပ်(ရန်ကုန်) - အမှတ် (၇၅) သိမ်ဖြူလမ်း (အောက်ဘလောက်)၊ ဗိုလ်တစ်ထောင်မြို့နယ်။ ဖုန်း - ၀၁ ၂၉၈၁၃၇ ၊ ၂၉၇၆၇၃။
ချင်းတွင်းကောလိပ် (မန္တလေး) - စံပယ်ဆောင်၊ ဂရိတ်ဝေါတိုက်ခန်းများ၊ ၇၇ x ၇၈ နှင့် ၃၁ x ၃၂ ကြား။ ဖုန်း - ၀၂ ၇၄၁၇၉၊ ၆၈၂၄၉။
ချင်းတွင်းကောလိပ် (တောင်ကြီး) - အမှတ် (၅၇/၁၆) မြတ်ရတနာလမ်း၊ ရေအေးကွင်းရပ်။ ဖုန်း - ၀၉ ၇၈၄၀၃၈၉၉၅၊ ၇၈၄၀၃၈၉၉၆။
စိုးစံ ကိုယ်ပိုင် အထက်တန်းကျောင်း (ပြင်ဦးလွင်) - အမှတ် (၂၀၆)၊ ဘီလမ်း။ ဖုန်း - ၀၈၅ ၂၂၁၂၈၊ ၂၁၃၉၉။
စိုးစံ ကိုယ်ပိုင် အထက်တန်းကျောင်း (နေပြည်တော်) - ဥဂ္ဂအောင်မြေလမ်း၊ MICC နှင့် မြို့မဈေးအနီး။ ဖုန်း - ၀၆၇ ၄၂၁၇၁၈၊ ၄၂၁၇၁၉။

# တက္ကသိုလ်များသို့ ဝင်ခွင့်လျှောက်ထားသူများ များပြား



**ရန်ကုန် ဩဂုတ် ၂၄**

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအနေဖြင့် တက္ကသိုလ်များသို့ ဝင်ခွင့်လျှောက်ထားလျက်ရှိရာ ရန်ကုန်ပညာရေး တက္ကသိုလ်အနီးရှိ အားကစားရုံတွင် ဝင်ခွင့်လျှောက်ထားသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

တက္ကသိုလ်အသီးသီးသို့ ဝင်ခွင့်လျှောက်ထားရာတွင် ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့တွင် ဝိဇ္ဇာနှင့် သိပ္ပံဘာသာရပ်အလိုက် ကျောင်းသားများရွေးချယ်၍ အထူးလေ့ကျင့်ပြုစုပျိုးထောင်ရေးအစီအစဉ်ဖြင့် ကျောင်းသား ကျောင်းသူ ၂၀၀၀ ခန့်စီကို လက်ခံသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ဝင်ခွင့်လျှောက်ထားသူများကို ရွေးချယ်ရာတွင် အမှတ်အနည်းအများစီပြီး ရွေးချယ်သွားမည်ဟု အဆင့်မြင့်ပညာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ရွေးချယ်ခံရသူများထဲမှ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများကို ဝိဇ္ဇာချွန်ဆု၊ သိပ္ပံချွန်ဆုများ ချီးမြှင့်သွားမည်ဖြစ်ပြီး ဆုချီးမြှင့်ခြင်းခံရပါက နိုင်ငံတော်မှ လစဉ်ငွေကျပ်တစ်သိန်း ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တက္ကသိုလ်မှ ဆရာမတစ်ဦးက "ဘာသာရပ်အပေါ် အမှန်ပဲ ချစ်မြတ်နိုးပြီး စိတ်ဝင်စားတော့မှ လျှောက်စေချင်တယ်။ ထူးချွန်ကျောင်းသားဖြစ်ရင် အခွင့်အရေးရမယ်ဆိုတဲ့ မျှော်လင့်ချက်မျိုးထက်စာရင် ဘာသာရပ်ကို ချစ်မြတ်နိုးတဲ့စိတ်နဲ့ ထဲထဲဝင်ဝင် သိချင်ပြီးတော့မှ တတ်မြောက်ချင်တဲ့စိတ်နဲ့ လျှောက်စေချင်ပါတယ်"ဟု ပြောကြားသည်။

ထူးချွန်ကျောင်းသား ကျောင်းသူများကို ၂၀၁၃ ခုနှစ် ပညာသင်နှစ်မှ စတင်သင်ကြားပေးလျက်ရှိရာ ဘာသာရပ်အလိုက် ယခင်က ကျောင်းသား ကျောင်းသူ ၅၀ သာ လက်ခံသင်ကြားပေးခဲ့ရာမှ ယခုနှစ်တွင် ဘာသာရပ်တစ်ခုလျှင် ကျောင်းသား ကျောင်းသူ ၁၀၀ ခန့်စီကို လက်ခံသင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာများကို ဩဂုတ် ၁၈ ရက်မှ စတင်၍ ၃၁ ရက်အထိ လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း (ကမာရွတ်)**

# တရုတ်နိုင်ငံအတွင်း အကျဉ်းကျခံနေရသော ရွှေ့ပြောင်းအလုပ်သမား ၆၀ မြန်မာနိုင်ငံဘက်သို့ ပြန်လည်ရောက်ရှိ

**မူဆယ် ဩဂုတ် ၂၄**

တရုတ်-မြန်မာနယ်စပ်၌ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ ဌာနခွဲ(၇) မူဆယ်နှင့် ရွှေလီနယ်စပ် ကာကွယ်စုံစမ်းစစ်ဆေးရေးဌာနတို့ ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုအရ တရုတ်



နိုင်ငံ နေရာဒေသအသီးသီး၌ အကြောင်းအမျိုးမျိုးကြောင့် သွားရောက် အလုပ်လုပ်ကိုင်နေကြသော ရွှေ့ပြောင်းမြန်မာအလုပ်သမားများသည် တရုတ်နိုင်ငံမှ သတ်မှတ်ထားသည့် စာရွက်စာတမ်းများ ခိုင်လုံစွာ မပြသနိုင်ခြင်းနှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် ဖမ်းဆီးချုပ်နှောင်ထားခြင်းတို့ကို တရုတ်နိုင်ငံမှ ပြန်လည်စိစစ်မှုများ ပြုလုပ်ခဲ့ပြီး အလုည့်ကျပြန်လည်လွှဲပြောင်းပေးခဲ့သည်။

ဩဂုတ် ၂၃ ရက်တွင်လည်း နှစ်နိုင်ငံညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုများအရ တရုတ်နိုင်ငံ စန်းတုံးမြို့နှင့် ကူမင်းမြို့အကျဉ်းထောင်များတွင် ဖမ်းဆီးချုပ်နှောင်ထားသော မြန်မာနိုင်ငံသား မချိုပါ အမျိုးသား ၄၀၊ အမျိုးသမီး ၂၀ စုစုပေါင်း ၆၀ အား ဩဂုတ် ၂၃ ရက် ညနေ ၄ နာရီခန့်က ရွှေလီနယ်စပ်စုံစမ်းစစ်ဆေးရေး အရာရှိ မစ္စတာ ကျောက်ကျိနီက မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန လဝက ဌာနခွဲ(၇) မဆ/လဝကမှူး ဦးစောထွန်းမင်းထံသို့ လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။ (ဓာတ်ပုံ)

တရုတ်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများသည် တရုတ်နိုင်ငံ ရွှေလီမြို့ နိုင်ငံခြားသားများအကူအညီပေးရေးနှင့် အုပ်ချုပ်ရေးစင်တာမှ ထုတ်ပေးသော အလုပ်လုပ်ကိုင်ခွင့်လက်မှတ်များ မပါရှိသဖြင့် တရုတ်ဥပဒေအရ ရွှေလီမြို့ စီကိုင်အကျဉ်းထောင်၌ ဖမ်းဆီးချုပ်နှောင်ခြင်းခံရသူများဖြစ်ကြောင်း စိစစ်တွေ့ရှိကြောင်း တရုတ်နိုင်ငံ၏တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ပြန်လည်ရောက်ရှိလာကြသော ရွှေ့ပြောင်းအလုပ်သမားများကို မြန်မာဘက်မှ တာဝန်ရှိသူများက အသိပညာပေးဟောပြောခဲ့ပြီးနောက် မချိုပါ ၆၀ တို့သည် မိမိတို့အစီအစဉ်ဖြင့် နေရပ်ဒေသအသီးသီးသို့ ဩဂုတ် ၂၃ ရက် ညနေ ၅ နာရီခန့်တွင် ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။ တရုတ်နိုင်ငံအတွင်း ဖမ်းဆီးချုပ်နှောင်ခြင်းခံနေရသော မြန်မာနိုင်ငံသားများကို လဝကဌာနခွဲ(၇)မှ ဌာနခွဲမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစောနိုင်က တရုတ်အစိုးရ၏ တာဝန်ရှိသူများထံသို့ ဆက်လက် တောင်းဆိုထားကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**သန့်ဇင်(မူဆယ်)**

## မောင်တောမြို့နယ်၌ ကျပ်သိန်းပေါင်း ၃၁၂၅ သိန်း တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ

**နေပြည်တော် ဩဂုတ် ၂၄**

မောင်တောမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မောင်တောမြို့ ဦးဥတ္တမလမ်းမပေါ်၌ ဩဂုတ် ၂၂ ရက်က မောင်တော - တောင်ပြိုသွား ခရီးသည်တင်မှန်လုံယာဉ်ကို ရှာဖွေရာ ခရီးသည် ဒီမူဟာမောက် ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀၀ ( ဒေသတန်ဖိုးငွေကျပ် သိန်း ၇၈၀)၊ ခရီးသည် ဂျင်းကီး ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀ (ဒေသတန်ဖိုးငွေကျပ် ၁၉၅ သိန်း) သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ မူးယစ်တပ်ဖွဲ့စု(၄၆) မောင်တောမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မာမတ်ဟူဆိန်း၏ နေအိမ်ကို ရှာဖွေရာ ၎င်းအားမတွေ့ရှိဘဲ ဇာရနှင့် နူရ်ဘော်ရှေတို့ နှစ်ဦးအားတွေ့ရှိပြီး ၎င်းတို့သည် အထုပ်တစ်ထုပ်ကို ရေတွင်းအတွင်းသို့ လွှင့်ပစ်သဖြင့် ၎င်းတို့ လွှင့်ပစ်ခဲ့သည့် ရေတွင်းအတွင်းမှ အထုပ်ကို ဖွင့်ဖောက်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၇၂၅၀ (ဒေသတန်ဖိုးငွေကျပ် ၂၁၄၅ သိန်း) ကို ထပ်မံသိမ်းဆည်းရမိသည်။

အလားတူ ဩဂုတ် ၂၃ ရက်က မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သိန်းနီမြို့ အဝင် အိုရီယမ်တယ်တိုးဂိတ်အနီးတွင် ကွတ်ခိုင်-သိန်းနီ ရှမ်းမန်းခရီးသည်တင်မော်တော်ယာဉ်ကို ရှာဖွေရာ မခင်ထွေးနှင့် မလီကွေ့စုတို့ထံမှ ဘိန်းဖြူဆပ်ပြာခွက် ၆၆ ခွက်(အလေးချိန် ၇၉၂ ဂရမ်) (ဒေသတန်ဖိုးငွေကျပ် ၁၅၀ ဒသမ ၄၈ သိန်း)ကို လည်းကောင်း၊ မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီး၌ လားရှိုးမြို့- ရန်ကုန် ရွှေမန္တလာခရီးသည်တင် မော်တော်ယာဉ်ကို ရှာဖွေရာ ခုံအမှတ် C-1 တွင် လိုက်ပါလာသူ စိုင်းချစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၄၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**


တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်

ဆရာအာသာ SUCCESS Language Academy လှည်းတန်းကျောင်းခွဲ

(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048, 256954

ဦးထွန်းလင်းခြံလမ်း အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှည်းတန်းယဉ်တိုက်)
Ph: 01-503472, 09 73001453, 09 30775232

BASIC ENGLISH SPEAKING
1 - 2:30 (Mon ~ Thurs) 29 Aug
9 - 12:00 (Sat + Sun) 4 Sep
6 - 7:30 (Mon ~ Thurs) 6 Sep
1 - 4:00 (Sat + Sun) 10 Sep
7:30 - 9 (Mon ~ Thurs) 12 Sep

BASIC FOUR SKILLS ENGLISH
1 - 4:00 (Sat + Sun) 27 Aug
3:30 - 5 (Mon ~ Thurs) 30 Aug
9 - 12:00 (Sat + Sun) 10,17 Sep
10-11:30 (Mon~Thurs) 13,26 Sep
3:30 - 5 (Mon ~ Thurs) 13 Sep
7:30 - 9 (Mon ~ Thurs) 19 Sep

BASIC WRITING
1 - 4:00 (Sat + Sun) 28 Aug

PRE-INTERMEDIATE (4-SKILL ENGLISH)
7:30 - 9 (Mon ~ Thurs) 29 Aug
7:30-10:30 (Sat + Sun) 4 Sep
1 - 2:30 (Mon ~ Thurs) 5 Sep
7:30 - 9 (Mon ~ Thurs) 13 Sep
1 - 4:00 (Sat + Sun) 24 Sep
1 - 2:30 (Mon ~ Thurs) 26 Sep

INTERMEDIATE (ACADEMIC ENGLISH)
3:30 - 5 (Mon ~ Thurs) 5 Sep
10-11:30 (Mon ~ Thurs) 13 Sep
1 - 2:30 (Mon ~ Thurs) 26 Sep

VOCAB ENRICHMENT
9 - 12:00 (Sat + Sun) 20 Aug
1 - 2:30 (Mon ~ Thurs) 30 Aug

BASIC GRAMMAR
3:30 - 5 (Mon ~ Thurs) 23 Aug
1- 4:00 (Sat + Sun) 17 Sep

BASIC ENGLISH SPEAKING
1 - 2:30 (Mon ~ Thurs) 29 Aug
10-11:30 (Mon ~ Thurs) 13 Sep
12 - 3:00 (Sat + Sun) 17 Sep

BASIC FOUR SKILLS ENGLISH
1 - 2:30 (Mon~Thurs) 30 Aug
1 - 4:00 (Sat + Sun) 3 Sep
7:30-10:30 (Sat + Sun) 4 Sep
10-11:30 (Mon~Thurs) 5 Sep

IELTS (Preparation)
1 - 4:30 (Sat + Sun) 27 Aug
7:30-9:30 (Mon~Thurs) 12 Sep

IELTS (Speaking + Vocab)
7:30 - 9 (Mon~Thurs) 5 Sep

IELTS (Reading + Vocab)
1 - 3:00 (Mon~Thurs) 29 Aug

BASIC GRAMMAR
1- 2:30 (Mon ~ Thurs) 6 Sep

PRE-INTERMEDIATE (4-SKILL ENGLISH)
10-11:30 (Mon ~ Thurs) 6 Sep
3:30 - 5 (Mon ~ Thurs) 13 Sep

INTERMEDIATE (ACADEMIC ENGLISH)
4:30-7:30 (Sat + Sun) 27 Aug

IELTS (Preparation)
4:30-7:30 (Sat + Sun) 24 Sep

IELTS (Writing+Grammar)
12:30-3:30 (Sat + Sun) 24 Sep

IELTS (Grammar + Vocab)
10-11:30 (Mon~Thurs) 22 Aug

IELTS (Writing+Grammar)
7:30 - 9 (Mon~Thurs) 26 Sep



**မိခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ အထက (၂) အဋ္ဌမတန်း(A)မှ မောင်ရဲပြည့်စုံ၏ မိဘအမည်မှန်မှာ ဦးရဲကျော်သူ-ဒေါ်ရီရီ ဖြစ်ပါကြောင်း။

**ဦးရဲကျော်သူ-ဒေါ်ရီရီ**

**ဖခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ရွှေတံခါး အထက (ခွဲ) ဆဋ္ဌမတန်း (B)မှ မနှင်းဂျူလိုင်အောင်၏ ဖခင်အမည်မှန်မှာ ဦးကျော်သူရ ၇/ပကခ(နိုင်)၀၂၁၃၁၀ ဖြစ်ပါကြောင်း။

**ဦးကျော်သူရ**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၇-ဒီ)၊ ရတနာလမ်း၊ မြေကွက်အမှတ် ၄၆၊ အကျယ်အဝန်းပေ(၁၀၀×၁၀၀)ရှိ မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးမျိုးဟန်ကြွယ် ၁၂/စခန(နိုင်)၀၆၂၀၆၉ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာချက်ပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ခုနစ် ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ထားနွယ်ခင်(LL.B,D.I.R,D.I.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၂၁)**
**ဖုန်း-၀၉-၅၁၉၇၉၃၂၊ ၀၉-၉၆၅၁၉၇၉၃၂**

**ဦးတင့်ကျော်(LL.B,စဉ်-၃၀၉၁၃)**
**ဦးကျော်မိုးလွင်(LL.B,D.I.L,**
**(စဉ်-၃၇၉၂၃)**
**ဒေါ်ခိုင်ဇင်ဝင်း(LL.B,D.B.L**
**(စဉ်-၃၉၇၅၁)**
**အထက်တန်းရှေ့နေများ**

**ရှေ့နေနားနေခန်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ တရားရုံးအတွင်း**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၇ယ/၂၇၈၅၁ Suzuki Smash 112 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇင်ဝင်း ၇/မညန(နိုင်)၀၇၇၇၅၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ပြည်)**

**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ နဝဒေးလမ်း၊ အထက(၁)ဒဂုံကျောင်းဝင်း ဝန်ထမ်းအိမ်ရာအခန်း(၂)တွင် နေထိုင်သော ကျွန်မ ဒေါ်လှတိုးတိုးလှိုင်၏သား မောင်မင်းသူခန့်(ခ)ဂျွန်ဆန် ၁၂/ဒဂန(နိုင်)၀၃၃၉၇၇သည် မိဘကို စိတ်ဆင်းရဲ ဒုက္ခရောက်အောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝနှင့် မည်သည့်ပြဿနာမျိုးကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**မိခင်-ဒေါ်လှတိုးတိုးလှိုင်**

**ဖခင်အမည်မှန်**

သထုံမြို့နယ်၊ အထက(ခွဲ) (ညောင်ချောင်း) အဋ္ဌမတန်းမှ နော်သက်သက်ထွေးနှင့် သတ္တမတန်းမှ မောင်ဝေနိုင်ထူးတို့၏ဖခင်အမည်မှန်မှာ ဦးဘဲ့ ၁၀/သထန(နိုင်)၂၅၁၀၉၈ ဖြစ်ပါကြောင်း။

**ဦးဘဲ့ ၁၀/သထန(နိုင်)၂၅၁၀၉၈**

**မိခင်အမည်မှန်**

သထုံမြို့နယ်၊ အထက(ခွဲ) (ညောင်ချောင်း) တက္ကသိုလ်ဝင်တန်း(A)မှ မယမုံထူး၏ မိခင်အမည်မှန်မှာ ဒေါ်မြကြည် ၁၀/သထန(နိုင်)၀၇၇၈၆၈ ဖြစ်ပါကြောင်း။

**ဒေါ်မြကြည် ၁၀/သထန(နိုင်)၀၇၇၈၆၈**

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(B)မှ မောင်ပြည့်ဖြိုးပိုင်၏မိခင် ဒေါ်ခင်မြင့်(ခ)ဒေါ်ကံ ၉/မခန(နိုင်)၀၂၆၄၇၈ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ခင်မြင့်(ခ)ဒေါ်ကံ**

**အများသိစေရန်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ သီတာနွယ်(၃) လမ်း၊ တိုက်အမှတ်(၂၅၇)နေ ဒေါ်သန်းသန်းအေး၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည် ဒေါ်သန်းသန်းအေး ၁၂/ဒပန(နိုင်)၀၅၈၆၄၁နှင့် ဦးအွစ်မံ KMW-၁၄၄၂၆၅ တို့သည် ၁၄-၈-၂၀၁၆ ရက်တွင် အသိသက်သေလူကြီးများ၏ရှေ့မှောက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။ နောက်နောင် ဦးအွစ်မံ၏ကိစ္စအဝဝ၊ လုပ်ရပ်အသီးသီးတို့သည် ကျွန်ုပ်၏အမှုသည်ဒေါ်သန်းသန်းအေးနှင့် လုံးဝပတ်သက်စပ်ဆိုင်မှုမရှိပါ။ ဒေါ်သန်းသန်းအေးအပေါ် ဂုဏ်သိက္ခာကျဆင်းအောင်ပြုမူပြောဆို အနှောင့်အယှက်ပြုလာသူ မည်သူ့ကိုမဆို ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငုဝါဝင်း LL.B**
**အထက်တန်းရှေ့နေ(စဉ်-၄၅၃၄၇)**
**အမှတ် ၁၀/၁၂၊ ပထပ်၊ အခန်းအမှတ် ၁၀၃(I)၊ ၃၅ လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

**မိခင်အမည်မှန်**

သထုံမြို့နယ်၊ အထက(ခွဲ) (ညောင်ချောင်း) တက္ကသိုလ်ဝင်တန်း (B)မှ နော်ရှဲခု၊ သတ္တမတန်း(A)မှ စောဇော်ထိုက်နှင့် တက္ကသိုလ်ဝင်တန်းအောင် နော်မေချယ်ရီအေးတို့၏ မိခင်အမည်မှန်မှာ ဒေါ်ရွှေဇင် ၁၀/သထန(နိုင်)၁၁၅၆၇၂ ဖြစ်ပါကြောင်း။

**ဒေါ်ရွှေဇင် ၁၀/သထန(နိုင်)၁၁၅၆၇၂**

**ဖခင်အမည်မှန်**

သထုံမြို့နယ်၊ အထက(ခွဲ) (ညောင်ချောင်း) နဝမတန်း(A)မှ နော်ဖောခုဆဲနှင့် သတ္တမတန်း(A)မှ နော်ဖောခုရှီးတို့၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင် ၁၀/သထန(နိုင်)၁၁၆၅၂၀ ဖြစ်ပါကြောင်း။

**ဦးမောင်မောင်**
**၁၀/သထန(နိုင်)၁၁၆၅၂၀**

Life and Challenge Co., Ltd.

**ဝန်ထမ်းအလိုရှိသည်**

Assistant Manager (Procurement) 1 Post (M/F)
လုပ်ငန်းအတွေ့အကြုံ (၃) နှစ် ရှိရမည်။ English (4) skills ကျွမ်းကျင်ရမည်။
Procurement Officer 1 Post (M/F)
လုပ်ငန်းအတွေ့အကြုံ (၁) နှစ် ရှိရမည်။ English (4) skills ကျွမ်းကျင်သူ ဦးစားပေးမည်။
Service Engineer 2 Posts (M)
AGTI, B.Tech, B.E, M.E (Electrical, Electronics, Mechanical & other relevant) လုပ်ငန်းအတွေ့အကြုံ (၂) နှစ် ရှိရမည်။
(၂၀၁)၊ သီဟသုလမ်း (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်သို့လာရောက်လျှောက်ထားနိုင်သည်။ email လိပ်စာ info@lifeandchallenge.com သို့လည်းလျှောက်ထားနိုင်သည်။ ဖုန်း ၀၉ ၅၁၈၈၆၅၁၊ ၀၉ ၂၆၃၇၄၇၂၁၃

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# တိုင်းဒေသကြီးနှင့် ပြည်နယ်ရိုးရာလက်ဝှေ့ပြိုင်ပွဲ စတင်၊ ဒေါင်းဖြူ(ရန်ကုန်)က ကိုရှိန်း(ဧရာဝတီ)ကို အလဲထိုးဖြင့် အနိုင်ယူ

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်**

**ရန်ကုန် ဩဂုတ် ၂၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကကြီးမှူးပြီး မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ဦးဆောင်ကျင်းပသည့် (၁၄)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူရိုးရာလက်ဝှေ့ အားကစားရုံ၌ကျင်းပရာ (ခ) အဆင့် ၅၄ ကီလိုတန်း လေးချီပွဲတွင် ဒေါင်းဖြူ (ရန်ကုန်) က ကိုရှိန်း (ဧရာဝတီ) ကို အလဲထိုးဖြင့် ပွဲထွက်အနိုင်ယူခဲ့သည်။

ယနေ့ စတင်ကျင်းပသည့် (၁၄)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် ကီလိုတန်းရှစ်တန်းမှ လက်ဝှေ့တွဲဆိုင်း ၁၃ ဆိုင်း ယှဉ်ပြိုင်ထိုးသတ်ခဲ့သည်။ ပထမပွဲစဉ်အနေဖြင့် သုံးချီလူသစ်တန်း ၅၁ ကီလိုတန်းတွင် မောင်မောင် (ရှမ်းပြည်နယ်) နှင့် မျိုးမင်းအေး(ပဲခူး)တို့ယှဉ်ပြိုင်ထိုးသတ်ရာ ပထမအချီ ၂၅ စက္ကန့်မှာပင် မျိုးမင်းအေးက အလဲထိုးအနိုင်ရခဲ့သည်။ ဒုတိယပွဲစဉ်ဖြစ်သည့် ဝဏ္ဏ (မွန်ပြည်နယ်)နှင့် မင်းမင်းသူ (တနင်္သာရီ) ပွဲစဉ်တွင် ဝဏ္ဏတတိယအချီတွင် မျက်ခုံးကွဲဆေးရုံးခဲ့သဖြင့် မင်းမင်းသူအနိုင်ရခဲ့သည်။ ၅၄ ကီလိုတန်းသုံးချီ လူသစ်တန်းပြိုင်ပွဲတွင် ဇွဲရန်နိုင်(ရန်ကုန်)နှင့် ညီညီထွန်း (တနင်္သာရီ) ပွဲ၌ ညီညီထွန်းက အမှတ်ဖြင့် အနိုင်ယူခဲ့ပြီး အွမ်ကီးဂေ(ချင်းပြည်နယ်)နှင့် ဗျက္ခ(မန္တလေး)တို့ပွဲတွင် ဒုတိယအချီအပြီး အွမ်ကီးဂေက ဆက်လက်ယှဉ်ပြိုင်နိုင်စွမ်းမရှိတော့သဖြင့် ဗျက္ခအနိုင်ရခဲ့သည်။ လူသစ်တန်း ၅၇ ကီလိုတန်းပြိုင်ပွဲတွင် ကိုကိုကျော်(ဧရာဝတီ)နှင့် ဝဏ္ဏ(မန္တလေး)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ပထမအချီ ၂၃ စက္ကန့်မှာပင် ကိုကိုကျော် ဘယ်ဘက်မျက်ခုံးကွဲဆေးရုံးခဲ့သဖြင့် ဝဏ္ဏအနိုင်ရရှိခဲ့သည်။


ဒေါင်းဖြူ(ရန်ကုန်) နှင့် ကိုရှိန်း(ဧရာဝတီ)တို့ ယှဉ်ပြိုင်ထိုးသတ်စဉ်

လူသစ်တန်း ၆၃ ဒသမ ၅ ကီလိုတန်းပြိုင်ပွဲ၌ ထွန်းလင်း (ချင်းပြည်နယ်)နှင့် စောခဲမရယ်(ပဲခူး)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ဒုတိယအချီ ၁ မိနစ် ၂၃ စက္ကန့်တွင် စောခဲမရယ် အလဲထိုးဖြင့် အနိုင်ရရှိပြီး ရန်နိုင်စိုး (ကချင်)နှင့် ဆောင်းကိုဦး (တနင်္သာရီ) တို့ပွဲတွင် ပထမအချီ၌ပင် လက်ရည်မမျှသဖြင့် ဆောင်းကိုဦးကို ဒိုင်ပွဲရပ်ဖြင့် အနိုင်ပေးခဲ့သည်။ ရဲမောင်မောင်(မန္တလေး)နှင့် ဗိုလ်ခါချဉ်(မွန်)တို့ ယှဉ်ပြိုင်ထိုးသတ်ရာတွင်လည်း ပထမအချီ ၁ မိနစ် ၂၄ စက္ကန့်တွင် ရဲမောင်မောင် ညာမျက်ခုံးကွဲဆေးရုံးခဲ့သဖြင့် ဗိုလ်ခါချဉ် အနိုင်ရခဲ့သည်။

၇၅ ကီလိုလူသစ်တန်းပြိုင်ပွဲတွင် စိုးမောင်ဦး (မန္တလေး)နှင့် ဥက္ကာထူး(ကရင်)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ဒုတိယအချီ ၂ မိနစ် ၂၅ စက္ကန့်တွင် စိုးမောင်ဦးအလဲထိုးဖြင့် အနိုင်ရရှိပြီး သားနဂါး(မကွေး)နှင့် ဘိုဘိုထွန်း(ပဲခူး)တို့ပွဲတွင် ဒုတိယအချီ ၂ မိနစ် ၁၄ စက္ကန့်၌ သားနဂါးက အနိုင်ရခဲ့ခြင်းဖြစ်သည်။ (ဂ) အဆင့် ၄၈ ကီလိုတန်းပြိုင်ပွဲတွင် မိုးထက်အောင်(ရန်ကုန်)နှင့် စောရိုစီဝင်း (ပဲခူး) တို့ ယှဉ်ပြိုင်ထိုးသတ်ရာ မိုးထက်အောင်က အမှတ်ဖြင့်အနိုင်ရခဲ့ပြီး (ဂ)အဆင့် ၆၀ ကီလိုတန်းပြိုင်ပွဲတွင် ဇွဲရွှေကို(မွန်) နှင့် သွေးသစ်မောင်(ရန်ကုန်)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ဇွဲရွှေကိုက အမှတ်ဖြင့် အနိုင်ရခဲ့သည်။

ပွဲစဉ် နောက်ဆုံး(ခ)အဆင့် ၅၄ ကီလိုတန်းပြိုင်ပွဲတွင် ဒေါင်းဖြူ(ရန်ကုန်)နှင့် ကိုရှိန်း(ဧရာဝတီ)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ပထမအချီ၌ သူပြိုင်ကိုယ်ပြိုင် အသည်းမာမာ ဇွဲပါပါနှင့် မာန်ဟုန်အပြည့် ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း ဒုတိယအချီပြန်အစတွင် ဒေါင်းဖြူက အတင်းဝင်အတင်းထွက် ပင့်ထောက်လက်သီး၊ ဒူးပျံတိုက်ချက်များနှင့် ပညာစုံယှဉ်ပြိုင်ထိုးသတ်ခဲ့သောကြောင့် ကိုရှိန်း (ဧရာဝတီ) ဒုတိယအချီ ၁ မိနစ် ၁၇ စက္ကန့်တွင် ဒေါင်းဖြူ၏ ဘယ်ဒူးတိုက်ချက်ကြောင့် ပြန်မထနိုင်တော့ဘဲ အလဲထိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

ယနေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် ဒုတိယနေ့ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်ပြီး လူသစ်တန်း ၄၈ ကီလိုတွင် သုံးပွဲ၊ လူသစ်တန်း ၆၀ ကီလိုတွင် လေးပွဲ၊ လူသစ် ၆၇ ကီလိုတန်းတွင် နှစ်ပွဲနှင့် (ဂ)အဆင့် ၅၁ ကီလိုတန်းတွင် နှစ်ပွဲ စုစုပေါင်း ၁၁ပွဲ ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

# ပယ်နယ်တီသွင်းဂိုးများဖြင့် မြန်မာနှင့် ဗီယက်နမ်သရေကျ

**မန္တလေး ဩဂုတ် ၂၄**

လေးနိုင်ငံ ယူ -၁၉ ဖိတ်ခေါ်ပြိုင်ပွဲ (KBZ Bank U-19 Cup 2016)အုပ်စု ဒုတိယနေ့ကို ယနေ့ညနေပိုင်းက မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ကျင်းပရာ မြန်မာနှင့် ဗီယက်နမ်တို့ သရေကျပြီး ထိုင်းအသင်းနိုင်ပွဲရရှိခဲ့သည်။

အိမ်ရှင်မြန်မာယူ-၁၉အသင်းနှင့် ဗီယက်နမ်ယူ -၁၉ အသင်းတို့ပွဲတွင် ပယ်နယ်တီသွင်းဂိုးများဖြင့် တစ်ဂိုးစီသရေကျခဲ့သည်။ အိမ်ရှင်မြန်မာအသင်းသည် ယခုပွဲတွင် ဗိုလ်လုပွဲတက်ရန် မျှော်လင့်နိုင်ခဲ့ပြီး ထိုင်းအသင်းကို အနိုင်ရရန်လိုအပ်သကဲ့သို့ ဗီယက်နမ်-ဆာပေါ်ရိုပွဲ ရလဒ်ကိုလည်း စောင့်ကြည့်ရမည်ဖြစ်သည်။

မြန်မာယူ-၁၉ အသင်းသည်ပထမပွဲကစားခဲ့သည့် ပွဲထွက်လူစာရင်းကို အပြောင်းအလဲများစွာပြုလုပ်ခဲ့ပြီး ဆာပေါ်ရိုကို ရှုံးနိမ့်ခဲ့သည့် ပွဲထွက်လူစာရင်းမှ အနည်းငယ်သာ ပါဝင်လာသည်။ ဗီယက်နမ် ယူ-၁၉ အသင်းမှာလည်း ပွဲထွက်လူစာရင်းကို အပြောင်းအလဲပြုလုပ်ခဲ့သည်။ ကစားသမားအပြောင်းအလဲ ပြုလုပ်ခဲ့သည့် မြန်မာအသင်းသည် ပွဲအစတွင် ကစားကွက်တည်မရဖြစ်နေပြီး ဗီယက်နမ်အသင်း၏ ဖိအားပေးခြင်းကို ခံခဲ့ရသည်။ ၂၂ မိနစ်တွင် ဗီယက်နမ်အသင်း ဦးဆောင်ဂိုးရခဲ့ပြီး ပယ်နယ်တီမှတစ်ဆင့် ဟူယောင်တန်က သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားသမားအပြောင်းအလဲလုပ်ခဲ့ပြီး မြန်မာအသင်းသည် မိနစ် ၇၀ နောက်ပိုင်းမှ ကစားပုံပြန်ကောင်းလာပြီး ဗီယက်နမ်ဘက်သို့ ဖိအားပေးနိုင်ခဲ့သည်။ ၈၂ မိနစ်တွင် မြန်မာအသင်း ပယ်နယ်တီကန်ခွင့်ရခဲ့ပြီး အသင်းခေါင်းဆောင်ရွှေကိုက အမှားအယွင်းမရှိ သွင်းယူခဲ့သောကြောင့် ချေပဂိုးရရှိခဲ့ခြင်း ဖြစ်သည်။

ညနေ ၃ နာရီကကျင်းပသည့် ပထမပွဲတွင် ထိုင်းယူ-၁၉ အသင်းက ဂျပန်ဒုတိယတန်းကလပ် ဆာပေါ်ရိုယူ-၁၈ အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ထိုင်းအသင်းသည် ပွဲစကတည်းက ဖိကစားနိုင်ခဲ့ပြီး ၂၁ မိနစ်တွင် ဂျာကစ်၊ ၂၇ မိနစ်တွင် ဆူရာချိုင်း၊ ၆၂ မိနစ်တွင် ပိုရာချစ်တို့က သွင်းယူခဲ့သည်။ ဆာပေါ်ရို အတွက်ချေပဂိုးကို ၅၈ မိနစ်တွင် တာကာဆိုက သွင်းယူခဲ့သည်။

အုပ်စုနှစ်ပွဲစီကစားအပြီးတွင် ဗီယက်နမ်ယူ-၁၉ အသင်းကလေးမှတ်၊ ဆာပေါ်ရိုယူ-၁၈ အသင်းနှင့် ထိုင်းယူ-၁၉ အသင်းတို့က သုံးမှတ်စီ၊ အိမ်ရှင်မြန်မာအသင်းက တစ်မှတ်တို့ ရရှိထားသည်။

အုပ်စုနောက်ဆုံးပွဲကို ဩဂုတ် ၂၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ညနေ ၃ နာရီတွင် ဗီယက်နမ်ယူ-၁၉ အသင်းနှင့် ဆာပေါ်ရိုယူ-၁၈ အသင်း၊ ညနေ ၆ နာရီတွင် မြန်မာယူ-၁၉ အသင်းနှင့် ထိုင်းယူ-၁၉ အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# အာရှကလပ် ဘော်လီဘောပြိုင်ပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၂၄**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပနေသည့် ၂၀၁၆ အာရှကလပ်ဘော်လီဘောပြိုင်ပွဲ အုပ်စုဒုတိယနေ့ပွဲများကို ယနေ့နံနက်ပိုင်းမှစတင်ကာ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ကျင်းပသည်။

ဒုတိယနေ့တွင် ဂျပန်ကလပ်က အင်ဒိုနီးရှားကလပ်ကို သုံးပွဲပြတ်၊ တရုတ်(တိုင်ပေ)ကလပ်က အီရန်ကလပ်အသင်းကို သုံးပွဲပြတ်၊ တရုတ်ကလပ်အသင်းက ထိုင်းကလပ်အသင်းကို သုံးပွဲပြတ်၊ ကာတာကလပ်က ယူအေအီးကလပ်အသင်းကို သုံးပွဲပြတ်တို့ဖြင့် အနိုင်ရရှိခဲ့သည်။ ယခုပွဲအပြီးတွင် အုပ်စု(ခ)မှ ဂျပန်နှင့်တရုတ်(တိုင်ပေ)၊ အုပ်စု(ဂ)မှ တရုတ်နှင့် ကာတာကလပ်အသင်းများ နှစ်ပွဲစီအနိုင်ရရှိပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားကာနောက်ဆုံးပွဲတွင် အုပ်စုပထမနေရာအတွက်သာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အုပ်စုနောက်ဆုံးနေ့ပွဲများကို ယနေ့ ဆက်လက်ကျင်းပမည်ဖြစ်သည်။

**ရဲရင့်ရှိန်း**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန**
**ရန်ကုန်ပညာရေးတက္ကသိုလ်**
**(၄၉)ကြိမ်မြောက်ဘွဲ့နှင်းသဘင်ကျင်းပခြင်း**

၂၀၁၅-၂၀၁၆ပညာသင်နှစ်တွင် ရန်ကုန်ပညာရေးတက္ကသိုလ်မှ Ph.D၊ M.Ed၊ M.Phil၊ M.A(TEFL)၊ B.Ed(စာပေးစာယူ)၊ PGDMA အမှတ်စဉ်(၁၆) နှင့် Dip(ELTM)၊ သင်တန်းအောင်မြင်ခဲ့ကြသူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်-

**ကျင်းပမည့်ရက်** - ၁၇-၁၂-၂၀၁၆ရက်(စနေနေ့)နှင့် ၁၈-၁၂-၂၀၁၆ရက် (တနင်္ဂနွေနေ့)
**ကျင်းပမည့်နေရာ** - ဘွဲ့နှင်းသဘင်ခန်းမ၊ ရန်ကုန်တက္ကသိုလ်
**ကျင်းပမည့်အချိန်** - ၁၇-၁၂-၂၀၁၆ရက်(စနေနေ့)နံနက်ပိုင်း ၉း၀၀ နာရီ Ph.D၊ M.Ed၊ M.Phil၊ M.A(TEFL)၊ Dip(ELTM)၊ PGDMA (16)၊ B.Ed (စာပေးစာယူ)၊ မြန်မာစာအထူးပြု
- ၁၇-၁၂-၂၀၁၆ရက်(စနေနေ့)၊ မွန်းလွဲပိုင်း ၁၄း၀၀ နာရီ B.Ed (စာပေးစာယူ) သမိုင်း၊ ပထဝီဝင်၊ သင်္ချာ(အထူးပြုများ)
- ၁၈-၁၂-၂၀၁၆ရက်(တနင်္ဂနွေနေ့)နံနက်ပိုင်း ၉း၀၀ နာရီ B.Ed (စာပေးစာယူ)၊ အင်္ဂလိပ်စာ၊ ဘောဂဗေဒ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ(အထူးပြုများ)

**အစမ်းလေ့ကျင့်မည့်ရက်** - ၁၆-၁၂-၂၀၁၆ရက်(သောကြာနေ့)
**အစမ်းလေ့ကျင့်မည့်အချိန်** - နံနက် ၉း၀၀နာရီ Ph.D၊ M.Ed၊ M.Phil၊ M.A(TEFL)၊ Dip(ELTM)၊ PGDMA(16)၊ B.Ed (စာပေးစာယူ)ဘွဲ့များ
**ဘွဲ့နှင်းသဘင်ကြေး** - ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ)
**အဝေးရောက်ဘွဲ့ကြေး** - ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)
**လျှောက်လွှာစတင်လက်ခံမည့်ရက်** - ၁-၉-၂၀၁၆ရက်(ကြာသပတေးနေ့)
**လျှောက်လွှာပိတ်ရက်** - ၄-၁၁-၂၀၁၆ရက်(သောကြာနေ့)

**မှတ်ချက်။** ။ (၁) လျှောက်လွှာပုံစံများကို ရန်ကုန်ပညာရေးတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် ရယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်)အဝေးရောက်ဘွဲ့ယူရန်အတွက် တစ်လအတွင်း မြန်မာဝတ်စုံဖြင့် ရိုက်ကူးထားသော(၂×၁½) လက်မ ဓာတ်ပုံ(၂)ပုံ ပူးတွဲလျှောက်ထားရမည်။ နောက်ခံအပြာနုဖြစ်ရမည်။ သတ်မှတ်ချက်နှင့်ညီညွတ်သော ဓာတ်ပုံ(၂)ပုံ၏ နောက်ကျောတွင် အမည်၊ ခုံအမှတ်၊ မှတ်ပုံတင်အမှတ် ပီသစွာရေး၍ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူနှင့်အတူ သတ်မှတ်သောလျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။
(၂) ဘွဲ့နှင်းသဘင်တက်ရောက်မည် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားကို တက်ရောက်ရန်ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။
(၃) နယ်မှလျှောက်ထားသူများသည် ဘွဲ့နှင်းသဘင်ကြေးများကို ရန်ကုန်ပညာရေးတက္ကသိုလ် ငွေလက်ခံဌာနသို့ စာတိုက်ငွေပို့လွှာ (Postal Money order)ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာ၏ အောက်ခြေတွင် ဘွဲ့နှင်းသဘင်ကြေးဟု ဖော်ပြရမည့်အပြင် လျှောက်ထားသူ၏အမည်၊ စာမေးပွဲအောင်မြင်သည့် ခုနှစ်၊ လ၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာရပ် နေရပ်လိပ်စာအပြည့်အစုံစသည်တို့ကို တိကျစွာ ဖော်ပြရပါမည်။
(၄) အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်ယူမည့် အမျိုးသားများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံပြည့်နှင့် အမျိုးသမီးများသည် မြန်မာ့ယဉ်ကျေးမှုနှင့်ကိုက်ညီသော မြန်မာထမီအင်္ကျီနှင့် တိုင်းရင်းသားဝတ်စုံကို ဝတ်ဆင်ခွင့်ပြုသည်။
(၅) ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာကို ၇-၁၂-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့)မှ စတင်၍ ရန်ကုန်ပညာရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ဌာနစိတ်တွင် ထုတ်ပေးပါမည်။
(၆) အသေးစိတ်ကို ဘွဲ့နှင်းသဘင်ဌာနစိတ်တွင် စုံစမ်းနိုင်ပါသည်။ ဖုန်း-၀၁-၅၃၄၂၇၃

**(အေးအေးသွင်)**
**မော်ကွန်းထိန်းအဆင့်(၁)**

**ဖခင်အမည်မှန်**
ကျုံပျော်မြို့နယ်၊ တောက်တဲ့ရိုး အထက တက္ကသိုလ်ဝင်တန်းမှ နန့်အိုင်မီထွန်း၏ ဖခင် မန်းဖိုးအေး၏ အမည်မှန်မှာ မန်းသန်းထွန်း ၁၄/ကပန(နိုင်)၁၄၀၂၃၉ ဖြစ်ပါကြောင်း။

**ဖြိုး**
ရာထူးဝင်ခွင့်သင်တန်း
နိုင်ငံခြားရေးဝန်ကြီးဌာန
အငယ်တန်းစာရေး
Assignment ဝယ်ယူနိုင်သည်။
၁၅/F ၊မဟာဗောဓိလမ်း၊မြေနီကုန်း၊ရန်ကုန်။ ဖုန်း-၀၉၅၁ ၃၅၂၄၃

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်**
**ပထမနှစ်ဝင်ခွင့် လျှောက်လွှာ လက်ခံရက်**
**တိုးမြှင့်သတ်မှတ်ခြင်း**

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပထမနှစ်ဝင်ခွင့် လျှောက်လွှာပိတ်ရက်ကို ၁၉-၈-၂၀၁၆ရက် (သောကြာနေ့)အစား လျှောက်ထားသူများ အဆင်ပြေစေရန်အတွက် ၃၁-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)အထိ တိုးမြှင့်လက်ခံမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**အမည်မှန်**
ဦးဝင်းဌေး ၁၀/သထန(နိုင်) ၁၈၃၀၃၄၏သမီး သထုံမြို့နယ် အထက (ကြာပန်း)ကျောင်း၊ နဝမတန်း(A)မှ မချောတင်ဇာညိုဝင်း၏ အမည်မှန်မှာ မချောသဉ္ဇာညိုဝင်း ဖြစ်ပါကြောင်း။ **မချောသဉ္ဇာညိုဝင်း**

**အမည်ပြောင်း**
ဗိုလ်တထောင်မြို့နယ်၊ အထက-၂၊ သူငယ်တန်း (B)မှ ဦးမြတ်ကျော်ဦး ၉/သစန(နိုင်)၀၉၄၂၂၇ ၏သား မောင်ကောင်းမြတ်လွင်အား မောင်ဇွဲမြတ်ထက်ဟုပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဇွဲမြတ်ထက်**

**ဖခင်အမည်မှန်**
သထုံမြို့နယ်၊ အထက(ခွဲ) (ညောင်ချောင်း)ကျောင်း တက္ကသိုလ်ဝင်တန်း(B)မှ မအေးနွယ်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးဝင်းနိုင်ဦး ၁၀/သထန(နိုင်)၁၆၉၃၃၅ဖြစ်ပါကြောင်း။ **ဦးဝင်းနိုင်ဦး**

**ဖခင်အမည်မှန်**
သထုံမြို့နယ်၊ အထက(ခွဲ) (ညောင်ချောင်း)ကျောင်း၊ တက္ကသိုလ်ဝင်တန်း(B)မှမောင်နေအောင်၏ ဖခင်အမည်မှန်မှာ ဦးစိန်သန်း ၁၀/သထန(နိုင်)၀၀၂၀၁၄ ဖြစ်ပါကြောင်း။ **ဦးစိန်သန်း**

**ဖခင်အမည်မှန်**
ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့ အထက တက္ကသိုလ်ဝင်တန်း (ဂ)မှ မောင်ဇူလိုင်ဦး၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ဌေး ၇/အတန(နိုင်) ၀၁၁၆၃၄ ဖြစ်ပါကြောင်း။ **ဦးခင်မောင်ဌေး**

**ဖခင်အမည်မှန်**
ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့ အထက တက္ကသိုလ်ဝင်တန်း(ဂ)မှ မဝါဇင်မိုး၏ ဖခင်အမည်မှန်မှာ ဦးတင်အောင်မိုး ၇/အတန(နိုင်)၀၆၂၇၇၄ ဖြစ်ပါကြောင်း။ **ဦးတင်အောင်မိုး**

**ဖခင်အမည်မှန်**
အထက(၂)ကျိုက်ထို၊ တက္ကသိုလ်ဝင်တန်း(D)မှ ခွန်ပန်းရွှေ (ကျောင်းဝင်အမှတ်-၀၈၀၁)၏ ဖခင်အမည်မှန်မှာ ဦးစိန်း ဖြစ်ပါကြောင်း။
**ဦးစိန်း ၁၃/ဆဆန(နိုင်) ၀၂၀၁၅၁**

**ဖခင်အမည်မှန်**
အထက(၂)ကျိုက်ထို၊ တက္ကသိုလ်ဝင်တန်း(D)မှ မောင်ဇွဲဇာနည်အောင် (ကျောင်းဝင်အမှတ်- ၈၅၂၈)၏ ဖခင်အမည်မှန်မှာ (ဦးပန်းအောင်)ဖြစ်ပါကြောင်း။ **ဦးပန်းအောင်**
**၁၀/ကထန(နိုင်) ၀၉၇၂၄၀**

**ဖောင်းကြွပျောက်ဆုံးကြောင်း**
ယာဉ်အမှတ် YGN/6K-6289 ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဦးညီညီလွင်**
**၇/သကန(နိုင်)၀၀၀၇၅၇**
**ဖုန်း-၀၉-၂၆၀၂၃၉၅၆၄**

**ဖောင်းကြွပျောက်ဆုံးကြောင်း**
ယာဉ်အမှတ် BGO/7L-3563 ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဦးညီညီလွင်**
**၇/သကန(နိုင်)၀၀၀၇၅၇**
**ဖုန်း-၀၉-၂၆၀၂၃၉၅၆၄**

**ယာဉ်မှတ်ပုံတင်စာအုပ် ပျောက်ဆုံးကြောင်း**
ယာဉ်အမှတ် TNI/9K -1393 ယာဉ်မှတ်ပုံတင်စာအုပ်သည် နေပြည်တော်မှ December -9 ကုမ္ပဏီရုံးသို့ ပို့ဆောင်စဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**December -9-Co.,Ltd.**
**09-260239564**

**ယာဉ်မှတ်ပုံတင်စာအုပ် ပျောက်ဆုံးကြောင်း**
ယာဉ်အမှတ် GN/1J -5040 ယာဉ်မှတ်ပုံတင်စာအုပ်သည် ခရီးသွားစဉ်လမ်းခရီး၌ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဦးမျိုးထွေး**
**၆/ထဝန(နိုင်)၀၇၁၃၁၈**

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကို သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာ ဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# တစ်ပြည်ထောင်စနစ်ပုံစံနှင့် ပြည်ထောင်စုစနစ်ပုံစံ

**ဦးသန်းငွေ**

ယနေ့ကမ္ဘာပေါ်တွင် နိုင်ငံများကို အဓိကအားဖြင့် ပုံစံ(၂)မျိုးဖြင့် ဖွဲ့စည်းထားရှိကြောင်း တွေ့ရပါသည်။

ပထမပုံစံမှာ တစ်ပြည်ထောင်စနစ် (Unitary State) ပုံစံဖြစ်၍ ဒုတိယပုံစံမှာ ပြည်ထောင်စုစနစ်ပုံစံ (Union သို့မဟုတ် Federation) ပုံစံ ဖြစ်ပါသည်။

တစ်ပြည်ထောင်စနစ်အရ ဖွဲ့စည်းထားသည့် ထင်ရှားသော ကမ္ဘာ့နိုင်ငံများမှာ ဗြိတိန်၊ ပြင်သစ်၊ ဘယ်လ်ဂျီယံ၊ ချက်ကိုဆလိုဗေးကီးယား (ယခင်က)၊ အီတလီ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်တို့ဖြစ်ပါသည်။

ပြည်ထောင်စုပုံစံဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော ထင်ရှားသည့် နိုင်ငံများမှာ အမေရိကန်ပြည်ထောင်စု၊ ဆိုဗီယက်ယူနီယံ (ယခင်က)၊ ဆွစ်ဇာလန်၊ ကနေဒါ၊ ယူဂိုစလားဗီးယား (ယခင်က)၊ ဩစတြေးလျ၊ အိန္ဒိယနိုင်ငံ စသည်တို့ဖြစ်ပါသည်။

တစ်ပြည်ထောင်စနစ်ပုံစံကို ကျင့်သုံးသော နိုင်ငံအများစုမှာ ကမ္ဘာပေါ်ဦးသမိုင်းစတင်သည့် အချိန်မှစ၍ တည်ထောင်ခဲ့သောနိုင်ငံများဖြစ်၍ ပြည်ထောင်စုစနစ်အရ ဖွဲ့စည်းဖြစ်ပေါ်ခဲ့သောနိုင်ငံများမှာ လွန်ခဲ့သောနှစ်ပေါင်း ၂၀၀ ခန့်မှ စ၍မကြာသေးသော ဒုတိယကမ္ဘာစစ်ပြီးဆုံးသည့်နောက်ပိုင်း လွတ်လပ်သောနိုင်ငံသစ်ကြီးများအဖြစ် အသစ်ဖွဲ့စည်းတည်ထောင်ခဲ့သော နိုင်ငံများဖြစ်ကြပါသည်။ အချို့ပြည်ထောင်စုနိုင်ငံများမှာ မူလက တစ်ပြည်ထောင်စနစ် အနေအထားမှ နိုင်ငံရေး၊ စီးပွားရေး ပုံသဏ္ဌာန်ပြောင်းပြီး ပြည်ထောင်စုပုံသဏ္ဌာန်ဖြင့် ပြန်လည်ဖွဲ့စည်းတည်ထောင်သော နိုင်ငံများဖြစ်ကြပါသည်။ ဥပမာအားဖြင့် ဆိုဗီယက် ပြည်ထောင်စု၊ အိန္ဒိယနိုင်ငံ၊ ကနေဒါနိုင်ငံ စသည်တို့ဖြစ်ပါသည်။

**တစ်ပြည်ထောင်စုစနစ်အဓိပ္ပာယ်**

တစ်ပြည်ထောင်စနစ်ဆိုသည်မှာ ၎င်း၏အမည်ကပင် ဖော်ညွှန်းပြီးဖြစ်သည့်အတိုင်း နိုင်ငံအားဖြင့်တစ်ခု၊ အစိုးရအားဖြင့်တစ်ခုတည်း၊ ပြည်နယ်ပြည်မအားဖြင့် သတ်မှတ်ခွဲခြားခြင်းများမရှိသော တိုင်းပြည်၊ နိုင်ငံကို ခေါ်ခြင်းဖြစ်သည်။ တစ်ခုတည်းသော အစိုးရအဖွဲ့အစည်းကပင် အုပ်ချုပ်ပါသည်။ အမေရိကန်ပြည်ထောင်စုသည် ပြည်ထောင်စုပုံသဏ္ဌာန်ဖြင့် ဖွဲ့စည်းထား၍ အမေရိကန်ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရဟူ၍ အစိုးရနှစ်ဖွဲ့ရှိပြီး နိုင်ငံသားအဖြစ်၌ပင်လျှင် အမေရိကန်ပြည်ထောင်စု နိုင်ငံသားနှင့် ပြည်နယ်ဆိုင်ရာနိုင်ငံသားဟူ၍ နှစ်မျိုးကွဲပြားချက်ရှိပါသည်။ အမေရိကန်ပြည်ထောင်စုတွင် နိုင်ငံတော်၏အချုပ်အခြာအာဏာကိုလည်း ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့က နှစ်ဦးသဘောတူညီ ခွဲဝေကျင့်သုံးကြပါသည်။ တစ်ပြည်ထောင်စနစ်နိုင်ငံတွင် ထိုသို့မဟုတ်ဘဲ အစိုးရတစ်ဖွဲ့တစ်စားတည်းသာရှိ၍ ယင်းအစိုးရကပင် အချုပ်အခြာအာဏာကို ထိထိရောက်ရောက် ချုပ်ကိုင်သုံးစွဲခြင်းပြုပါသည်။ မြန်မာနိုင်ငံအနေအထားကိုကြည့်လျှင် အင်္ဂလိပ်မသိမ်းပိုက်မီကာလ မြန်မာဘုရင်များလက်ထက်ကနှင့် အင်္ဂလိပ်များသိမ်းပိုက်ပြီး လွတ်လပ်ရေးမရမီ အင်္ဂလိပ်ခေတ် အင်္ဂလိပ်က ခွဲခြားပြီး အုပ်ချုပ်သည့်စနစ် Divide and Rule Policy ကို လျစ်လျူပြုထား၍ကြည့်လျှင် စီမံအုပ်ချုပ်မှုအနေအထားများမှာ တစ်ပြည်ထောင်စနစ်ပုံသဏ္ဌာန်အနေအထားပင်ဖြစ်ပါသည်။ ပြည်ထောင်စုစနစ်မှာ ယခုလက်ရှိ မြန်မာနိုင်ငံကို ဖွဲ့စည်းထားသောစနစ်ကိုပင်ခေါ်၍ အထူးဖော်ပြရန်မရှိပါ။

**တစ်ပြည်ထောင်စနစ်၏ အနှစ်သာရ သို့မဟုတ် အကျိုးကျေးဇူးများ**

တစ်ပြည်ထောင်စနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သောနိုင်ငံသည် ဖွဲ့စည်းတည်ဆောက်ပုံအရ ပြည်သူလူထုအချင်းချင်းမှာ သဘောတူစာချုပ်တစ်ရပ်ရပ် (treaty) အရမဟုတ်ဘဲ မသိမသာ တဖြည်းဖြည်း တစိမ့်စိမ့်အားဖြင့် ပူးပေါင်းမိကြရာမှ တစ်သွေးတည်း တစ်သားတည်းအဖြစ် ရေကိုတားသော် အကြားမထင်သကဲ့သို့ ပေါင်းစည်းသွားကြခြင်းဖြင့် လူမျိုးကြီးတစ်မျိုး၊ နိုင်ငံကြီးတစ်နိုင်ငံအဖြစ် ပေါ်ပေါက်လာခြင်းပင်ဖြစ်ပါသည်။ ပြည်ထောင်စုစနစ်မှာ အချုပ်အခြာအာဏာတူနိုင်ငံများက အကြောင်းတစ်ခုခုကြောင့် စာချုပ် (Treaty) တစ်ခုပြုလုပ်၍ စုပေါင်းနေထိုင်သော သဘောသာဖြစ်ပါသည်။ တစ်ပြည်ထောင်စနစ်ပုံသဏ္ဌာန်မှာ အိမ်တစ်ဆောင်တွင် လူမျိုးနွယ်စုအားလုံး မိသားစုတစ်ခုတည်း (One And The Same Family) နေထိုင်သော ပုံသဏ္ဌာန်နှင့်တူ၍ ပြည်ထောင်စုစနစ်မှာ အိမ်တစ်ဆောင်တွင် အိမ်ထောင်စုအများအပြား (Differ-Ent Families) စုပေါင်းနေထိုင်ခြင်းနှင့် တူပါသည်။ ဤတွင်မိသားစု နှင့် အိမ်ထောင်စုခြားနားပုံကို သတိပြုရမည်ဖြစ်ပါသည်။ ပြည်ထောင်စုစနစ်တွင် တစိမ်းတရံဆန်များ စုပေါင်းနေထိုင်ပုံနှင့်တူ၍ တစ်ပြည်ထောင်စနစ်မှာ တစ်မိသားစုတည်းမှ ပေါက်ဖွားလာသော ညီအစ်ကိုမောင်နှမချင်း နေထိုင်သောပုံသဏ္ဌာန်ဖြစ်ပါသည်။ အခြားနည်းတစ်ခုအားဖြင့်တင်ပြရလျှင် ပြည်ထောင်စုစနစ်မှာ အခန်းပေါင်းများစွာပါဝင်သော ကန်ထရိုက်တိုက်တစ်တိုက်တွင် အိမ်ထောင်စုအများအပြား စုပေါင်းနေထိုင်ကြခြင်းနှင့်တူ၍ တစ်ပြည်ထောင်စနစ်မှာ ပုဂ္ဂလိက၏ မိသားစုတစ်စုတည်းက နေထိုင်ပုံနှင့်အလားသဏ္ဌာန်တူပါသည်။ မိသားစုတွင် မိဘညီအစ်ကိုမောင်နှမများ ပါဝင်မည်ဖြစ်ရာ မြန်မာနိုင်ငံရှိ မြန်မာလူမျိုးများနှင့် ခိုင်းနှိုင်းရလျှင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းတို့မှာ ၎င်းအိမ်မှ ညီအစ်ကို မောင်နှမများသာလျှင်ဖြစ်ကြောင်း ဥဒါဟရုဏ်အားဖြင့် ဖော်ပြအပ်ပါသည်။ ထို့ကြောင့် တစ်ပြည်ထောင်စနစ်ကို ကျင့်သုံးခြင်းအားဖြင့် ရရှိသောအကျိုးကျေးဇူးများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) အချုပ်အခြာအာဏာကို တစ်ဖွဲ့တည်းက ပိုင်ပိုင်နိုင်နိုင် သုံးစွဲနိုင်ပြီး အာဏာခွဲဝေမှုမရှိသဖြင့် အင်အားရှိသော၊ စည်းလုံးသော အစိုးရအဖွဲ့ကို ဖွဲ့စည်းနိုင်ပါသည်။ အစိုးရအဖွဲ့သည် အင်အားကောင်းမွန် တောင့်တင်းပါသည်။

(၂) တစ်နိုင်ငံလုံးတွင် တစ်ခုတည်းသော အစိုးရအဖွဲ့ရှိသဖြင့် တစ်ညီတည်း၊ တစ်သားတည်း၊ တစ်သမတ်တည်း ဖြစ်သော ဥပဒေမူဝါဒရေးရာနှင့် စီမံအုပ်ချုပ်မှုစနစ်ကို ရရှိစေပါသည်။

(၃) အချုပ်အခြာအာဏာကို ခွဲဝေပေးထားရသော ကွဲပြားခြားနားသည့် အခြားအစိတ်အပိုင်း အဖွဲ့အစည်း မရှိသဖြင့် ပြည်တွင်း၊ ပြည်ပရေးရာကိစ္စများတွင် နိုင်ငံတော်အစိုးရသည် အနှောင့်အယှက်မရှိ လွတ်လပ်စွာဆောင်ရွက်နိုင်ပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်သဖြင့် အစိုးရ၏ဂုဏ်သိက္ခာသည် တိုးတက်မြင့်မားလာ၍ နိုင်ငံအနေဖြင့်လည်း နိုင်ငံတကာအလယ်တွင် အခြားနိုင်ငံများ၏ လေးစားရိုသေခြင်းကို တိုးတက်ရရှိနိုင်ပါသည်။ ၁၉၅၈-၁၉၆၀ ခုနှစ်အတွင်းက မြန်မာနိုင်ငံကို အုပ်ချုပ်ခဲ့သော အိမ်စောင့်အစိုးရနှင့် လွတ်လပ်ရေးရပြီး ၁၉၄၈ မှ ၁၉၆၂ ခုနှစ်အထိ အုပ်ချုပ်ခဲ့သော ပါလီမန်ဒီမိုကရေစီအစိုးရ တို့ကိုကြည့်လျှင် အိမ်စောင့်အစိုးရသည် ပါလီမန် အစိုးရထက် အစိုးရအာဏာကို သိပ်သည်းကျစ်လျစ်စွာ ကျင့်သုံးနိုင်ခဲ့သဖြင့် ပါလီမန်ဒီမိုကရေစီအစိုးရက နှစ်ပေါင်းများစွာ မဖြေရှင်း၊ မဆောင်ရွက်နိုင်သော တရုတ်-မြန်မာ နယ်စပ်ပြဿနာနှင့် ရှမ်းစော်ဘွားများ အာဏာစွန့်လွှတ်ရေး ပြဿနာတို့ကို အိမ်စောင့်အစိုးရသည် တိုတောင်းသောကာလအတွင်း လွယ်ကူထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့သော သက်သေအထောက်အထားကို တွေ့မြင်နိုင်ကြပါသည်။

(၄) တစ်ပြည်ထောင်စနစ်မှာ ရေကိုတားသော် အကြားမထင်သကဲ့သို့ တစ်လုံးတစ်စည်းတည်း၊ တစ်ခုတည်း၊ တစ်သားတည်းအဖြစ်သို့ ရုပ်ပိုင်းရော စိတ်ပိုင်းဆိုင်ရာတို့ပါ ပေါင်းစည်းထားသဖြင့် နိုင်ငံတော်နယ်မြေကို ခွဲခြမ်းစိတ်ဖြာ၍ ခွဲယူဝေယူလိုသည့် အခြေအနေမရှိခြင်းနှင့် မဖြစ်ပေါ်ခြင်းတို့ကြောင့် ခွဲထွက်ရေး (Secession) ဆိုသည့် ပြဿနာအန္တရာယ်မရှိသဖြင့် နိုင်ငံတော်သည် ပိုမိုအင်အားတောင့်တင်းခိုင်မာခြင်း (Consolidation) နှင့်အတူ နိုင်ငံရေးအင်အားစု၊ စီးပွားရေးအင်အားစု (Political And Economic Resources)တို့မှာ ဗဟိုသို့သာ စီးဝင်ပေါင်းဆုံကြသည်ဖြစ်၍ နိုင်ငံရေး၊ စီးပွားရေးတို့ အလွယ် တကူတိုးတက်ဖွံ့ဖြိုးစေနိုင်ရုံမက နိုင်ငံတော်မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို အထူးတလည် အားမထုတ်ရဘဲ အလိုအလျောက်ရရှိသွားနိုင်မည်ဖြစ်ပါသည်။ ကမ္ဘာတွင် တစ်ပြည်ထောင်စနစ်မှာ တဖြည်းဖြည်းတရွေ့ရွေ့ (Evolution)အားဖြင့် နှစ်ကာလပရိစ္ဆေဒအားဖြင့် နှစ်ပေါင်းများစွာ အချိန်ယူခဲ့ပြီးမှ နိုင်ငံနှင့်လူမျိုးတို့ ပီပီပြင်ပြင် တိုးတက်ဖြစ်ပေါ်လာရခြင်းဖြစ်သဖြင့် လူမျိုးရေး၊ နိုင်ငံရေးအားဖြင့်လည်း ပြန်လည်၍ တစ်ဖန်ကွဲပြားခြားနားသွားရန်မှာလည်း တော်ရုံအားဖြင့် အလွယ်တကူမဖြစ်နိုင်တော့ပါ။ ဥပမာ-ယင်းနိုင်ငံမျိုးမှာ ဗြိတိန်နိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ အီတလီနိုင်ငံ၊ ဘယ်လ်ဂျီယံနိုင်ငံ၊ ဂျပန်နိုင်ငံတို့ကို တွေ့မြင်နိုင်ပါသည်။ ယနေ့ကွန်မြူနစ်စနစ်ဖြင့် အင်အားကြီးလျက်ရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံသည်ပင် တစ်ပြည်ထောင်စနစ်ကိုပင် ကျင့်သုံးနေသောနိုင်ငံသာလျှင် ဖြစ်ပါသည်။ ဂျပန်နိုင်ငံတွင် လူမျိုးနွယ်စုအဆင့်တွင် လူမျိုးကွဲပြားခြားနားမှုများ ရှိခဲ့သော်လည်း နောင်အနာဂတ်တွင် ဂျပန်နိုင်ငံသည် ပြည်ထောင်စုနိုင်ငံတစ်ခုဖြစ်လာလိမ့်မည်ဟု ကျွန်ုပ်တို့ အဘယ်သို့မျှော်မှန်းနိုင်မည်နည်း။ ဗြိတိန်နိုင်ငံတွင် စကော့လူမျိုးများ၊ ဝေလလူမျိုးများနှင့် အင်္ဂလိပ်လူမျိုးများဟု အသီးသီးကွဲပြားနေသော်လည်း ရှေးပဝေသဏီကာလမှ ယနေ့ဒီမိုကရေစီစနစ်၊ ဆိုရှယ်လစ်စနစ်တို့ ထွန်းကားလျက်ရှိသော မျက်မှောက်ခေတ်သမယတွင်ပင် တစ်ပြည်ထောင်စနစ်ဖြင့်ပင် တိုးတက်လျက်ရှိပါသည်။ တစ်ချိန်က နေမဝင်အင်ပါယာနိုင်ငံကြီးကိုပင် ထူထောင်နိုင်လောက်အောင် အားကောင်းခဲ့သည်။ အီတလီနိုင်ငံသည်လည်း ၁၈၄၈ ခုနှစ် မတိုင်မီကာလက ဗင်းနစ်၊ လမ္ဗာဒီနေပဲလ်၊ တပ်စကင်နီ၊ မိုဒေနား၊ ပါးမား၊ လူးကီး၊ ဆာဒီးနီးယား စသည်ဖြင့် အစိတ်စိတ် အမြွှာမြွှာကွဲနေသော နိုင်ငံငယ်ကလေးများအဖြစ် တည်ရှိခဲ့ရာမှ မျိုးချစ်စိတ်ပြင်းပြထက်သန်သော ချိုးဇက်မာဇီနီ၊ ဒုတိယမြောက် ဗစ်တာအိမန္နျူယယ်ဘုရင်နှင့် ၎င်း၏ဝန်ကြီးချုပ်ကာဗူးတို့၏ ခေါင်းဆောင်စည်းရုံးမှုဖြင့် အီတလီနိုင်ငံပေါင်းစည်းရေး (Unifcation of Italy) ကို ၁၈၇၀ ပြည့်နှစ်တွင်ရရှိကာ အီတလီနိုင်ငံတော်ကို အောင်မြင်စွာ ထူထောင်နိုင်ခဲ့ပါသည်။ ဤကဲ့သို့ ပေါင်းစည်းရေးတွင် လူမျိုးနွယ်အားဖြင့် အကွဲကွဲအပြားပြားရှိသော်လည်း တစ်ခုတည်းသော အီတာလီယန်လူမျိုးတည်းဟူသော မျိုးချစ်စိတ်ကိုအခြေခံကာ ပေါင်းစည်းနိုင်ခဲ့ခြင်းဖြစ်၍ ပေါင်းစည်းသည့်ပုံသဏ္ဌာန်မှာလည်း တစ်ပြည်ထောင်စနစ်ဖြင့်သာလျှင် ပေါင်းစည်းခဲ့ခြင်းဖြစ်ပါသည်။ အီတလီနိုင်ငံသည် ဒုတိယ ကမ္ဘာစစ်အတွင်းတွင် နာဇီဂျာမနီနှင့်အတူ အဓိကပါဝင်တိုက်ခိုက်ခဲ့သော စစ်အင်အားကြီးနိုင်ငံတစ်နိုင်ငံပင် ဖြစ်ခဲ့လေသည်။ တစ်ပြည်ထောင်စနစ်နိုင်ငံအနေဖြင့် အထက်တွင်ဖော်ပြထားသော အကျိုးစီးပွားများကို တွေ့ရှိရသည်နှင့်အမျှ ၎င်းစနစ်၏ အားနည်းချက်၊ ချွတ်ယွင်းချက်များကိုမူ တစ်စုံတစ်ရာ ရှာဖွေတွေ့နိုင်ခြင်းမရှိပါ။ ပြည်ထောင်စုစနစ်မှာ သူ့အခြေအနေနှင့်သူကောင်းမွန်ထိုက်တန်သော အရည်အသွေးများ၊ ဂုဏ်အင်္ဂါများနှင့် ပြည့်စုံသော်လည်း ချွတ်ယွင်းအားနည်းချက်များနှင့် မကင်းပါ။ အမေရိကန်ပြည်ထောင်စုသည် ပြည်ထောင်စုစနစ်အရ ရှင်သန်အားကောင်းနေခြင်းမှာ သူ့အခြေအနေနှင့် သူသာ ကောင်းမွန်အောင်မြင်နေခြင်းဖြစ်၍ အမေရိကန်ပြည်ထောင်စုနှင့် အခြေအနေမတူသော နိုင်ငံများအနေဖြင့် ပြည်ထောင်စုစနစ်ကို ကျင့်သုံးပါက ဗိုလ်ချုပ်အောင်ဆန်းမိန့်ဆိုသကဲ့သို့ “ပေါင်းကာမှဆေးအတွက်လေးတဲ့ ပြည်ထောင်စုမျိုး၊ တစ်စိတ်၊ တစ်ဒေသက တစ်ခုလုံးကို ဆန့်ကျင်တဲ့ ပြည်ထောင်စုမျိုးဆိုရင် မဖြစ်နိုင်ဘူး” ဆိုသကဲ့သို့ ပေါ့စေလို၍ ကြောင်ရုပ်ထိုး၊ ဆေးအတွက်နှင့်လေး ဖြစ်ရုံမက “အေ” သွေးရှိသော ခန္ဓာကိုယ်ထဲသို့ “ဘီ” အမျိုးအစားသွေးကို သွင်းဘိသကဲ့သို့လည်းကောင်း၊ မြက်သာစားသည့် သတ္တဝါ၏ကိုယ်ခန္ဓာအတွင်းသို့ အသားငါးများကိုပေးသွင်း ကျွေးမွေးဘိသကဲ့သို့လည်းကောင်း၊ အသားစားသည့် သတ္တဝါ၏ခန္ဓာကိုယ်အတွင်းသို့ နွယ်၊ မြက်သစ်ပင်များကို ပေးသွင်းကျွေးမွေးသကဲ့သို့လည်းကောင်း၊ ထိုသတ္တဝါအတွက် အကျိုးထက် အဆိုးသာဖြစ်မည့်နည်းတူ တစ်ပြည်ထောင်စနစ်ဖြင့် ဖွဲ့စည်းသင့်ဖွဲ့စည်းထိုက်သောနိုင်ငံအား ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းမိလျှင်သော်လည်းကောင်း၊ အပြန်အလှန်အားဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံပုံစံဖြင့် ဖွဲ့စည်းတည်ထောင်သင့်သော နိုင်ငံအား တစ်ပြည်ထောင်စနစ်ပုံစံဖြင့် ဖွဲ့စည်းမိလျှင်သော်လည်းကောင်း ထိုနိုင်ငံနှင့်လူမျိုးအတွက် အကောင်းထက်အဆိုးသို့သာ တွန်းပို့သကဲ့သို့ဖြစ်ပြီး တိုးတက်မှုထက် ဆုတ်ယုတ်မှုကိုသာဖြစ်ပေါ်စေမည် ဖြစ်ပါသည်။ ယနေ့ ရုရှားနိုင်ငံသည် အခြားပြည်နယ်များနှင့် တစ်ချိန်ကပြည်ထောင်စုပုံစံဖြင့် မဖွဲ့စည်းခဲ့ဘဲ တစ်ပြည်ထောင်စနစ်ဖြင့်သာ ဖွဲ့စည်းတည်ဆောက်ခဲ့မည်ဆိုလျှင် ယခုကဲ့သို့ အခြေအနေမျိုးဖြင့် ရင်ဆိုင်ရမည်မဟုတ်သည့်အပြင် ဗြိတိန်၊ ပြင်သစ်နိုင်ငံကဲ့သို့ သိပ်သည်းကျစ်လျစ်သော အစိုးရလက်အောက်တွင် တည်တည်ငြိမ်ငြိမ်ဖြင့် ထည်ဝါစွာရပ်တည်နေနိုင်မည်ဖြစ်ပါသည်။ ယခုမူ ရုရှားအမျိုးသားနိုင်ငံကို ယခုမှစတင်တည်ဆောက်ရမည့် သမိုင်းကိုနောက်ပြန်လှည့်ရသည့်အခြေအနေဖြင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း လေ့လာသုံးသပ်ရပါမည်။

ရုရှားနိုင်ငံ သို့မဟုတ် ထိုစဉ်က ဆိုဗီယက်ပြည်ထောင်စုနှင့် ယနေ့တရုတ်ပြည်သူ့သမ္မတနိုင်ငံကို နှိုင်းယှဉ်ကြည့်လျှင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည်

**တစ်ပြည်ထောင်စနစ်ဖြင့် ဖွဲ့စည်းသင့်ဖွဲ့စည်းထိုက်သောနိုင်ငံအား ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းမိလျှင်သော်လည်းကောင်း၊ အပြန်အလှန်အားဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံပုံစံဖြင့် ဖွဲ့စည်းတည်ထောင်သင့်သောနိုင်ငံအား တစ်ပြည်ထောင်စနစ်ပုံစံဖြင့် ဖွဲ့စည်းမိလျှင်သော်လည်းကောင်း ထိုနိုင်ငံနှင့်လူမျိုးအတွက် အကောင်းထက်အဆိုးသို့သာ တွန်းပို့သကဲ့သို့ဖြစ်ပြီး တိုးတက်မှုထက် ဆုတ်ယုတ်မှုကိုသာဖြစ်ပေါ်စေမည်**

တစ်ပြည်ထောင်စနစ်ဖြင့်ပင် ရုရှားနိုင်ငံကဲ့သို့ အင်အားကြီးသော ကွန်မြူနစ်နိုင်ငံတစ်နိုင်ငံအဖြစ်သို့ ရောက်အောင်တည်ဆောက်နိုင်ခဲ့ကြောင်းကို တွေ့ရ၍ အကြောင်းကြောင်းကြောင့် ကွန်မြူနစ်စနစ်မှ အခြားစနစ်တစ်ခုခုသို့ ပြောင်းလဲသွားသည့်တိုင်အောင် တစ်ပြည်ထောင်စနစ်အတိုင်းပင် တည်မြဲသွားမည်ဖြစ်ကြောင်းမှာ ယုံမှားသံသယဖြစ်ဖွယ်မရှိပါ။

**ပြည်ထောင်စုစနစ်၏ အားနည်းချက်များ**

(၁) ပြည်ထောင်စုစနစ်ပုံစံ၏ အားနည်းချက်အချို့ကို ဖော်ပြရလျှင်

ပြည်ထောင်စုစနစ်တွင် အောက်ပါအားနည်းချက်များ တွေ့ရှိရပါသည်- ပြည်ထောင်စုစနစ်တွင် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်နယ်အစိုးရအဖွဲ့ဟူ၍ အစိုးရအဖွဲ့ နှစ်မျိုးရှိရာ၊ ပြည်ထောင်စုအစိုးရ၏ အာဏာကိုဖွဲ့စည်းပုံဥပဒေဖြင့် ကန့်သတ်ထားသဖြင့် ပြည်နယ်အစိုးရက သဘောမတူသောကိစ္စများကို ဆောင်ရွက်နိုင်စွမ်းမရှိဖြစ်တတ်၍ ပြည်ထောင်စုအစိုးရမှာ တစ်နိုင်ငံလုံးကို တာဝန်ခံရသည်ဖြစ်သော်လည်း ပြည်ပနိုင်ငံများနှင့် ဆက်သွယ်ရာတွင်လည်းကောင်း၊ နိုင်ငံတကာစာချုပ်များ ချုပ်ဆိုရေးတွင်လည်းကောင်း၊ ပြည်တွင်းရေးရာကိစ္စရပ်များတွင်လည်းကောင်း၊ ဥပဒေပြုလုပ်ဆောင်ရွက်ရာတွင် ပြည်နယ်အစိုးရ အားထောက်ထားငဲ့ကွက်နေရသောကြောင့် ဆောင်ရွက်မှုတွင် အားနည်းခြင်းများ ဖြစ်ပေါ်ရပါသည်။

ဥပမာ-အမေရိကန်ပြည်ထောင်စု

(၂) ပြည်ထောင်စုစနစ်တွင် အဓိကအားနည်းချက်မှာ ခွဲထွက်ခွင့်ဆိုသည့် ပြဿနာဖြစ်ပါသည်။ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များသည် ၎င်းတို့မကျေနပ်ပါက ခွဲထွက်ရန်အလိုရှိကြသည်။ ခွဲထွက်ခွင့်ကို ပြည်နယ်တိုင်းက လိုချင်ကြ၍ ခွဲထွက်နိုင်သည်ဆိုသော အခွင့်အရေးကို ပေးထားရပါသည်။ ပြည်ထောင်စုအစိုးရသည် နိုင်ငံရေး၊ လူမျိုးရေး၊ စီးပွားရေး၊ ဘာသာရေး၊ လူမှုရေး၊ ပညာရေးစသည့် အရေးအရာများကို ပြည်ထောင်စု တစ်ခုလုံးကိုခြုံငုံ၍ စီမံခန့်ခွဲပေးရရာ ပြည်နယ်တစ်ခုက ယင်းသို့ ပြည်ထောင်စု တစ်ခုလုံးကို ခြုံငုံ၍မကြည့်ဘဲ ယင်းပြည်နယ်တစ်ခု၏ ကျဉ်းမြောင်းသော အမြင်ဖြင့်သာကြည့်၍ ယင်း၏အကျိုးကို ထိခိုက်သည်ဟုယူဆပါက ယင်းပြည်နယ်သည် ပြည်ထောင်စုမှခွဲထွက်ရန် ခြိမ်းခြောက်ခြင်း၊ ခွဲထွက်ခြင်းတို့ကိုပြုတတ်သဖြင့် ပြည်ထောင်စုအစိုးရမှာ တစ်ပြည်ထောင်လုံးအတွက် လုပ်ကိုင်ဆောင် ရွက်ရန်မဖြစ်တော့ဘဲ သက်ဆိုင်ရာပြည်နယ်တစ်ခုကြောင့် ပြည်ထောင်စု တစ်ခုလုံးမှာ ထိခိုက်နစ်နာရလေတော့သည်။

*စာမျက်နှာ ၁၆ သို့*

# ကမော့ကပိုစိုက်ပျိုးရေးခြံအား ဗီဇမြင့်တင် မျိုးသန့်မျိုးပွား ဥယျာဉ်ခြံအဖြစ် တည်ထောင်ရန်ဆောင်ရွက်

**ဘားအံ ဩဂုတ် ၂၄**

ဘားအံမြို့နယ် အိန္ဒုစံပြကျေးရွာအနီးရှိ စိုက်ပျိုးရေးဦးစီးဌာနပိုင် ကမော့ကပိုခြံကို ဗီဇမြင့်တင်မျိုးသန့် မျိုးပွားဥယျာဉ်ခြံ အဖြစ် တည်ထောင်ရန် အပင်ဇီဝဗေဒနှင့် ဥယျာဉ်ခြံညွှန်ကြားရေးမှူး ဦးသူရစိုးနှင့် ပညာရှင်များပါဝင်သောအဖွဲ့သည် ဩဂုတ် ၂၁ ရက်က စိုက်ကွင်းမြေပြင် အနေအထားအား လေ့လာခဲ့ကြကြောင်း သိရသည်။

ပြည်နယ်ဦးစီးမှူး ဦးဝင်းလှိုင်ဦးနှင့် ခြံဦးစီးမှူး ဦးစောဖော့ဝါးတို့က ခြံအတွင်း လက်ရှိထိန်းသိမ်းထားသော သရက်မျိုး ၁၈ မျိုး၏ မျိုးဗီဇထိန်းစိုက်ခင်း၊ ကျွဲကော မျိုးထိန်းစိုက်ခင်းတို့၏ ဖြစ်ထွန်းအောင်မြင်မှု၊ ဒူးရင်းနှင့် ကြက်မောက်သီးပင်များ စိုက်ပျိုးနိုင်သည့် ရာသီဥတုအခြေအနေ၊ ပိုးစာနှင့် ဝဥပင်၊ ချင်း၊ တညင်း၊ ပိန္နဲများ စမ်းသပ်စိုက်ပျိုးထားရှိမှုများကို ရှင်းလင်းရာ ပညာရှင်များက ဒေသမူရင်းမျိုးများကို အောက်ခံပင် (Stock)အဖြစ် ပျိုးထောင်စိုက်ပျိုး၍ မျိုးသန့်ပင်များကို ကိုင်းကူး၊ ကိုင်းဆက်နည်းပညာ (Graffting)ဖြင့် ဗီဇမြင့်တင် မျိုးပွားစိုက်ခင်းတည်ထောင်ပြီး အဆိုပါစိုက်ခင်းမှပျိုးပင်များထုတ်လုပ်၍ တောင်သူများအား စီးပွားဖြစ်စိုက်ပျိုးရန် ဖြန့်ဝေပေးသင့်ကြောင်း အကြံပြုခဲ့သည်။ ထို့ပြင် အဓိကဖြည့်တင်းရန်လိုအပ်သည့် တစ်နှစ်ပတ်လုံး ရေရရှိရေးနှင့် လျှပ်စစ်ဓာတ်အား သွယ်တန်းနိုင်ရေးအတွက် မြေနေရာများကို ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။ အာဆီယံနိုင်ငံများ၊ EU နိုင်ငံများ၊ တရုတ်၊ ကိုရီးယား၊ ဂျပန်နိုင်ငံတို့နှင့် ကုန်သွယ်ရာတွင် မြန်မာနိုင်ငံမှ သစ်သီးများကို ဝယ်ယူရန် ကမ်းလှမ်းမှုများ အမြောက်အမြားရှိနေသည့်အတွက် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဈေးကွက်ဝင် သစ်သီးဝလံများ တင်ပို့ရောင်းချနိုင်ရန် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးရေး၊ GAP စနစ်ဖြင့် စိုက်ပျိုး၍ အရည်အသွေး ကောင်းမွန်သော စိုက်ပျိုးရေးထွက်ကုန်များ ထုတ်လုပ်ရေးကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းဦး (လေးမျက်နှာ)**

# ရေဘေးသင့်ပြည်သူများအတွက် စေတနာရှင်များလိုအပ်

**ထန်းတပင် ဩဂုတ် ၂၄**



ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်တွင် မြစ်ကမ်းနှင့်နီးသော ဘောလည်ကျွန်းအတွင်း ဩဂုတ်လ ပထမပတ်မှစ၍ မိုးအဆက်မပြတ်သည်းထန်စွာရွာသွန်းပြီး မြစ်ရေမြင့်တက်လာမှုကြောင့် ကျေးရွာဘုန်းကြီးကျောင်းများတွင် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်၍ ကျေးရွာနေပြည်သူများအား ကယ်ဆယ်နေရာချထားပေးခဲ့သည်။

အဆိုပါ ရေဘေးသင့်ပြည်သူများအား လူသားချင်းစာနာထောက်ထားကာ ထန်းတပင်မြို့နယ် စေတနာမှန် လူမှုဘဝကူညီရေးအသင်းအဖွဲ့က ငွေကျပ် ၂၅ သိန်းကျော်တန်ဖိုးရှိ ဆန်နှင့်လူသုံးကုန်ပစ္စည်းများအား ဘောလည်ကျွန်းအတွင်း ရေဖြူကျေးရွာအုပ်စု အိုင်ကြီး၊ အိုင်လေးကျေးရွာများရှိ ရေဘေးသင့်ပြည်သူများထံသို့ သွားရောက်လှူဒါန်းခဲ့ကြသည်။

အဆိုပါ ကျေးရွာများတွင် အိမ်ထောင်စု ၁၁၄ စုရှိရေဘေးသင့်ပြည်သူ ၄၉၀ အတွက် အလှူရှင်အများအပြား လိုအပ်နေသေးကြောင်း ထန်းတပင်မြို့နယ် စေတနာမှန်လူမှုဘဝကူညီရေးအသင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှဦးတင့်ထံမှ သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကျောင်းများသို့ကျန်းမာရေးကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၂၄**

တာမွေမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများသို့ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ နယ်မြေကွင်းဆင်း၍ ကျန်းမာရေးစောင့်ရှောက်မှုများကို ဩဂုတ် ၂၂ ရက်က ကျောင်းချိန်အတွင်း ဆောင်ရွက်ပေးခဲ့သည်။ ကျောင်းသားကျောင်းသူများရောဂါကင်းစင်ရေး၊ သွားများကြံ့ခိုင်ရေးတို့အတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သွားဘက်ဆိုင်ရာဆရာဝန်ဒေါက်တာမြတ်စုလွင်၊ သူနာပြုဆရာမကြီး ဒေါ်စန္ဒာနှင့် သူနာပြုဆရာမဒေါ်မေယုခိုင်တို့ကအမှတ်(၂၂) အခြေခံပညာမူလတန်းကျောင်းသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့သည်။ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဌေးက ကျန်းမာရေးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ ကျောင်းနေအရွယ်ကလေးများအား ယခုကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှုများ အမြဲမပြတ်ဆောင်ရွက်ပေးနိုင်ပါက ကလေးများ ကျန်းမာရေး ကောင်းမွန်ပြီး ကျောင်းရက်ပျက်ခြင်းများ မရှိဘဲ ပညာသင်ကြားရာတွင် ကြိုးစား၍ သင်ယူနိုင်မည်ဖြစ်ကြောင်း ပြောသည်။



**(မြို့နယ် ပြန်/ဆက်)**

# သက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းဖွင့်

**ဘီးလင်း ဩဂုတ် ၂၄**

သထုံခရိုင် ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော သက်မွေးဝမ်းကျောင်း အထောက်အကူပြုလုပ်ငန်း သင်တန်းဖွင့်ပွဲကို ဩဂုတ်လဒုတိယပတ်က ဘီးလင်းမြို့နယ် ဂုံညင်းနွယ်ကျေးရွာအုပ်စု အလူးကြီးကျေးရွာ၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးကြည်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ဆိုင်ကယ်ပြုပြင်ခြင်းလုပ်ငန်း၊ လက်သမား၊ ပန်းရန်သင်တန်း၊ ဆပ်ပြာရည်၊ ဆပ်ပြာခဲလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများကို ရက်သတ္တတစ်ပတ်ကြာ သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းသားသင်တန်းသူ ၅၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

*စာမျက်နှာ ၁၅ မှ*

ဤသို့ အမှန်တကယ်ခွဲထွက်ခြင်းဖြင့် ပြည်ထောင်စုမှာ ပြိုကွဲပျက်စီးရသဖြင့် အားလုံးထိခိုက်နစ်နာမှုသာခံစားရပြီး အဘက်ဘက်မှ အလျင်အမြန်တိုးတက်လျက်ရှိသော ကမ္ဘာ့အလယ်တွင် ယင်းပြည်ထောင်စုမှာ အဘက်ဘက်တွင် နှောင့်နှေးကြန့်ကြာနောက်ကျကျန်ရစ်ခဲ့ရမည်ဖြစ်ပေသည်။ ပြည်နယ်တစ်ခု ယင်းသို့ခွဲထွက်သည်ကို အကြောင်းပြု၍ အခြားပြည်နယ်အများ သို့မဟုတ် ပြည်နယ်တစ်ခုခုကပင် ခွဲထွက်ကြပြန်သောအခါ ပြည်ထောင်စုကြီးတစ်ခုလုံးမှာ အစိတ်စိတ်အမြွှာမြွှာကွဲရသည့် အခြေအနေသို့ ဆိုက်ရောက်ရတော့သည်။

ဤသည်ကိုရည်ရွယ်၍ ဗိုလ်ချုပ်အောင်ဆန်းက ပင်လုံညီလာခံအကြိုညှိနှိုင်းအစည်းအဝေးတွင် အခြားအဖွဲ့ဝင်များအား "ပြည်ထောင်စုကြီးကို ဖွဲ့ပင်မဖွဲ့ရသေးခင်၊ ခင်ဗျားတို့က ခွဲထွက်ရေးကို စဉ်းစားနေကြတော့မကောင်းဘူးဗျာ"ဟု မိန့်ကြားခဲ့သည်ဟု မှတ်သားရပါသည်။ ခွဲထွက်ခွင့်မရှိ ခွဲထွက်ခြင်းမပြုကြလျှင်လည်း ပြည်ထောင်စုထက် တစ်ပြည်ထောင်စနစ်က ပိုမိုအားကောင်း၍ တစ်ပြည်ထောင်စနစ်ကိုသာ အစကပင်တည်ထောင်သင့်သည် မဟုတ်လော။

(၃) ပြည်ထောင်စုပုံစံ ဖွဲ့စည်းမှုမှာ ညီညွတ်ခြင်း (UNITY) အတွက်ထက် စုပေါင်းခြင်း (UNION) ကိုသာ အခြေခံ၍ ဖွဲ့စည်းထားခြင်းသာဖြစ်၍ နိုင်ငံတော် (ပြည်ထောင်စု)ကြီး တာရှည်တည်တံ့ခိုင်မြဲရေးအတွက် အလွန်စိတ်မချရသော၊ တစ်နည်းအားဖြင့် အလွန်အန္တရာယ်ရှိသော ဖွဲ့စည်းပုံမျိုးဖြစ်ပါသည်။

အထက်ပါ ပြည်ထောင်စုစနစ်၏ အားနည်းချက်များနှင့် ပတ်သက်၍ သီအိုရီဆန်သောအချက်များကိုချန်လှပ်၍ လက်တွေ့အားဖြင့် ရင်ဆိုင်ကြုံတွေ့ပေါ်ပေါက်လာမည့်အခက်အခဲများနှင့် အဓိကကျသောအချက်များကိုသာ ဖော်ပြထားပါသည်။ ၄င်းစနစ်၏ ကောင်းကျိုးများတစ်ဖက်တွင် မည်မျှပင်ရှိစေကာမူ တစ်ပြည်ထောင် စနစ်နှင့် နှိုင်းယှဉ်ပါက တစ်ပြည်ထောင်စနစ်ကသာ နိုင်ငံတော်အခွန့်ရှည်ခိုင်ခံ့တည်မြဲရေးကို ပေးစွမ်းနိုင်မည်ဖြစ်ကြောင်း အထင်အရှားတွေ့မြင်ရပါသည်။

(ဆက်လက်ဖော်ပြပါမည်)

## သတင်းတိုများ

**သီပေါ**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျေးလက်လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ရန် တင်ဒါအောင်မြင်သော ကုမ္ပဏီများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ် ၂၂ ရက် နံနက် ၁၀ နာရီက မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးခိုင်ထွန်းက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြို့နယ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကိုမေးမြန်းကြရာ ကုမ္ပဏီမှတာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

**သရက်**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့တွင် ကျန်းမာရေးဌာန၏ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ဆားများတွင် အိုင်အိုဒင်းပါဝင်နှုန်း ရှိ မရှိကို ဩဂုတ် ၂၂ ရက် နံနက် ၉ နာရီက စည်ပင်သာယာမြို့မဈေးကြီးတွင် ရောင်းချနေသော ဈေးဆိုင်များအား ကွင်းဆင်းစစ်ဆေးရာ ကျန်းမာရေးသူနာပြု အဆင့်(၁) ဒေါ်နီရင်းနှင့် သူနာပြုဆရာမများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်စိုး၊ စည်ပင်သာယာရေးအဖွဲ့ဒုတိယဦးစီးမှူး(အခွန်) ဒေါ်ခင်အေးတင့် နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**

**ဖလမ်း**

ချင်းပြည်နယ် ဖလမ်းမြို့တွင် ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျင်မွာလ်ရပ်ကွက်နေ ဦးဇလျန်လုံးနေအိမ်နှင့် ဦးဗန်ထန်း နေအိမ်အောက်ဘက်ရှိ မြေသားသည် ဩဂုတ် ၂၀ ရက်၌ အက်ကွဲပြိုကျလျက်ရှိကြောင်း တွေ့ရသည်။

ထို့ကြောင့် အဆိုပါနေအိမ်ရှိ မိသားစုဝင်များသည် မိမိနီးစပ်ရာ ဆွေမျိုးများထံသို့ ယာယီပြောင်းရွှေ့နေထိုင်ကြရသည်။ နေအိမ်အောက်ဘက် မြေသားပြိုကျအက်ကွဲမှုကြောင့် အန္တရာယ်ရှိ လူနေအိမ်နှစ်လုံးအား ဩဂုတ် ၂၂ ရက်၌ ရပ်ကွက်နေပြည်သူများ၏ ဝိုင်းဝန်းကူညီမှုများဖြင့် အိမ်ပြောင်းရွှေ့နေထိုင်ရေးတို့ကို ယာယီဆောင်ရွက်ပြီးသွားပြီဖြစ်ကြောင်း သိရသည်။

**ဂျူနိုင်း**

**ဘားအံ**

ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ အိန္ဒုကျေးရွာ၌ ဩဂုတ် ၂၂ ရက်က ယာဉ်တိုက်မှုဖြစ်စဉ်များ လျော့နည်းကျဆင်းရေးအတွက် ယာဉ်စည်းကမ်း ကြပ်မတ်စစ်ဆေးဆောင်ရွက်ခဲ့ရာ အိန္ဒုနယ်မြေရဲစခန်းမှူး ရဲအုပ်ဇော်နိုင်အောင်ဦးစီးတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ် ဒုတိယ တပ်ခွဲမှူး ဦးသန်းထွန်း၊ အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးမောင်ခိုင်တို့ပါဝင်သော ပူးပေါင်းအဖွဲ့ အိန္ဒုအထက်တန်းကျောင်းရှေ့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကြပ်မတ်စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

# နမ့်ခမ်းမြို့ရှိပြန်/ဆက်ရုံးသို့ စာအုပ် ၁၀၀၀ ကျော်လှူ

**နမ့်ခမ်း ဩဂုတ် ၂၄**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံး၌ ဩဂုတ် ၂၁ ရက်က မြို့မိမြို့ဖစာအုပ်အလှူရှင်တစ်ဦးက စာအုပ်မျိုးစုံ အုပ်ရေ ၁၀၀၀ ကျော်လှူဒါန်းခဲ့သည်။

အဆိုပါစာအုပ်လှူဒါန်းပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းဌေးက အမှာစကားပြောကြားပြီး မြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ မန်းညွန့်ကြည် (ဉာဏ်မင်း) က စာအုပ်လှူဒါန်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် စာအုပ်အလှူရှင် နမ့်ခမ်းမြို့ ကောင်းနောင်မိုရပ်ကွက်နေ ဦးစိုင်းလှကျော်ဦး (ရွှေမိုး ငွေမိုး) မိသားစုက ငွေကျပ် ၇၂၀၀၀၀ ခန့် တန်ဖိုးရှိ ရုပ်ပြစာအုပ်နှင့်သုတရသအပါအဝင် စာအုပ်ဟောင်းမျိုးစုံအုပ်ရေ ၁၀၀၀ ကျော်ကို လှူဒါန်းခဲ့သည်။

ထို့နောက် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း စာကြည့်တိုက်အတွက် အုပ်ရေ ၂၀၀ ကို ထပ်ဆင့်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**



**သစ်တောသစ်ပင်ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုးအလှတိုး**

# သတင်းတိုများ

## မြန်မာနိုင်ငံစာရေးဆရာအသင်း ညီလာခံတက်ရောက်ရန်စရိတ်ငွေချီးမြှင့်

မြန်မာနိုင်ငံစာရေးဆရာအသင်း ဒုတိယအကြိမ်ညီလာခံသို့ တက်ရောက်မည့် တောင်ဥက္ကလာပမြို့နယ် စာရေးဆရာအသင်းမှ ကိုယ်စားလှယ်များအား စရိတ်ချီးမြှင့်ငွေပေးအပ်ပွဲကို ဩဂုတ် ၂၃ ရက်က မြန်မာနိုင်ငံစာရေးဆရာအသင်း တောင်ဥက္ကလာပမြို့နယ် အသင်းရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနား၌ ညီလာခံကိုယ်စားလှယ်များဖြစ်သော ဥက္ကဋ္ဌ ဦးအောင်ကြည် (အောင်ကြည်ညွန့်) (တက္ကသိုလ်)၊ ဒုတိယဥက္ကဋ္ဌ ဦးညိုဝင်း (မောင်မျိုးလှိုင် သစ္စာမြေ) တို့အားမြို့နယ်စာရေးဆရာအသင်းအမှုဆောင်ကော်မတီကိုယ်စား ဘဏ္ဍာရေးမှူး ဦးကျော်လှိုင်(ဆင်ဖြူကျွန်း ကျော်လှိုင်ဦး)က စရိတ်ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းမြင့်ထွန်း(တောင်ဥက္ကလာပ)**

## လေဆိပ်၌ ခရီးသည်မေ့ကျန်ပစ္စည်းများ စုံစမ်းပေးအပ်

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လုံခြုံရေးတာဝန်ယူဆောင်ရွက်လျက်ရှိသည့် လေကြောင်းရဲတပ်ဖွဲ့ခွဲ(ရန်ကုန်) အနေဖြင့် မေ့ကျန်၊ ပစ္စည်းများနှင့် ပိုင်ရှင်မဲ့ ပစ္စည်းများကို တာဝန်ယူထိန်းသိမ်း၍ ပိုင်ရှင်မှန်ထံပြန်လည်ပေးအပ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ လေကြောင်းရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)မှ ဇူလိုင်လအတွင်း ခရီးသွားများ၏ မေ့ကျန် ပစ္စည်းများအား ပိုင်ရှင်မှန် စုံစမ်းဖော်ထုတ်ခဲ့သည်။ ထို့ပြင် မေ့ကျန်မှု ၁၀ ကြိမ်၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၆၀၅၀၀၀ အား ပိုင်ရှင်ထံပြန်လည်ပေးအပ်နိုင်ခဲ့ပြီး ပိုင်ရှင်စုံစမ်းဖော်ထုတ်နိုင်ခြင်း မရှိသေးသည့် မေ့ကျန်မှုနှစ်ကြိမ်၊ ပစ္စည်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀ ခန့်ကို ပိုင်ရှင်မှန်ထံ ပြန်လည်ပေးအပ်နိုင်ရေးစုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## မူခင်းကြိုတင်ကာကွယ်နိုင်ရေး ဆောင်ရွက်

ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့၏ ဒုတိယရက် ၁၀၀ စီမံချက်အရ ခရိုင်နှင့်မြို့နယ်များတွင် မူခင်းကြီးငယ်များ ဖြစ်ပွားမှုလျော့ကျနိုင်စေရန် ဆောင်ရွက်လျက်ရှိရာ သာယာဝတီခရိုင် မိုးညိုမြို့နယ် မိုးညိုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၂၂ ရက်မှ စတင်ကာ မြို့မစခန်းမှူး ဒုတိယရဲမှူး ဝင်းထွန်း၊ နယ်ထိန်းခေါင်းဆောင် သန်းထိုက်ဦးစီးသည့် တပ်ဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက်ငါးခုအား ညဦးပိုင်း၊ ညဉ့်နက်ပိုင်းအဖွဲ့များခွဲ၍ လှည့်ကင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## စားသုံးသူအသိပညာပေး ဟောပြော

စစ်ကိုင်းတိုင်းဒေသကြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနမှ ချောင်းဦးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများသို့ သွားရောက်ပြီး စားသုံးသူအသိပညာပေးဟောပြောပွဲများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ချောင်းဦးမြို့နယ် စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ဩဂုတ် ၁ ရက်မှ ၂၀ ရက်အထိ အခြေခံပညာကျောင်း ၁၄ ကျောင်းသို့ သွားရောက်ပြီး ကျောင်းဈေးတန်းများအား ကြည့်ရှုစစ်ဆေးခြင်းများနှင့် အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်

ပြည်မြို့နယ်၏ ရေဘေးသင့်ဒေသများရှိ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်ခြင်း လုပ်ငန်းများကို ပြည်ခရိုင်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက အဖွဲ့ငါးဖွဲ့ခွဲ၍ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်မြို့၏ ရေဘေးသင့်ဒေသတစ်ခုဖြစ်သော နဝင်းနယ်မြေ ၊ ဖိုးခေါင်ရပ်ကွက်ရှိ ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် သက်ကြီးရွယ်အိုများအပါအဝင် ရေဘေးသင့် မိသားစုဝင်များကို ဆေးဝါးကုသမှုများနှင့် လိုအပ်သောကာကွယ်ဆေးထိုးနှံခြင်းများကို ဩဂုတ် ၂၂ ရက်က ခရိုင်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ အေးအေးမိုးနှင့် ကျန်းမာရေးဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**

## အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ ဆောင်ရွက်

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျင်းပသည့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အခမ်းအနားကို ဖျာပုံမြို့ ပြည်သူ့ဆေးရုံကြီးအစည်းအဝေးခန်းမ၌ ဩဂုတ် ၂၃ ရက်က ကျင်းပရာ ဖျာပုံခရိုင် ပြည်သူ့ဆေးရုံအုပ်ကြီးက အမှာစကားနှင့် လုပ်ငန်းဆောင်ရွက်မှုများ ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ တက်ရောက်လာသော ငါးနှစ်အောက်ကလေးများကို အသက်ခြောက်လမှ ငါးနှစ်အထိ အာဟာရပြည့်စုံစွာကျွေးမွေးရန်နှင့် ကိုယ်ဝန်ဆောင်များနှင့် မွေးပြီးမိခင်များအား အားဆေးတိုက်ကျွေးခြင်းကို တာဝန်ရှိသူများနှင့် ကျန်းမာရေးဝန်ထမ်းများက လက်တွေ့ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ထို့အပြင် အိုင်အိုဒင်းချို့တဲ့ရောဂါများပပျောက်ရေး ရက်သတ္တပတ်အတွင်း အိုင်အိုဒင်းဆား စမ်းသပ်စစ်ဆေးခြင်းနှင့် အိုင်အိုဒင်းဓာတ်၏ အရေးပါပုံကို ကျန်းမာရေးပညာပေးခြင်းများအပြင် အာဟာရအုပ်စုသုံးမျိုးပြည့်စုံအောင် ချက်ပြုတ်နည်းသရုပ်ပြပညာပေးခြင်းများကို လက်တွေ့ဆောင်ရွက်ပြသခဲ့ကြောင်း သိရသည်။

**ချမ်းသာ(ဖျာပုံ)**



# ဘားအံမြို့တွင် မိုင်းအန္တရာယ်အသိပညာပေးဆရာဖြစ်သင်တန်းဖွင့်

**ဘားအံ ဩဂုတ် ၂၄**

ကရင်ပြည်နယ် ဘားအံမြို့ ယူနီဆက်မြန်မာအစီအစဉ်ဖြင့် ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဒီစီအေမြန်မာအဖွဲ့တို့ပူးပေါင်းဆောင်ရွက်သော မိုင်းအန္တရာယ်အသိပညာပေးဆရာဖြစ် သင်တန်းကို ဩဂုတ် ၂၂ ရက်က ဘားအံမြို့တော်ဝင်ရတနာဟိုတယ်၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာ တင်ဝင်းကျော်က အမှာစကားပြောကြားပြီး နှုတ်ခွန်းဆက်စကားကို ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူး ဦးဇော်မင်းက ပြောကြားသည်။

ဆက်လက်၍ UNICEF(Myanmar)နှင့် Dan Church Aid (Myanmar)တို့မှ တာဝန်ရှိသူများက မိုင်းအန္တရာယ်ဆိုင်ရာများအား ရှင်းလင်းပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာန ပြည်နယ်ဦးစီးမှူးက ‘ကရင်ပြည်နယ်အနေနဲ့မိုင်းအန္တရာယ်ပညာပေး လုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းသွားမှာဖြစ်ပါတယ်။ မိုင်းအန္တရာယ် အသိပညာပေးပစ္စည်းတွေကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုပြီး ပညာပေးခြင်း၊ အသိပညာပေးပစ္စည်းတွေကို ဒေသနဲ့ကိုက်ညီမယ့် မိုင်းအန္တရာယ်ကို ထိခိုက်ခံစားနေကြရတဲ့ ဒေသတွင်းတိုင်းရင်းသားတွေအတွက် ရည်ရွယ်ပြီး ဘာသာစကားများနဲ့ ပြုစုထားပြီးဖြစ်ပါတယ်။

အထူးသဖြင့် မိုင်းအန္တရာယ်အကြောင်း မသိနားမလည်သေးတဲ့ မျိုးဆက်သစ်လူငယ်လူရွယ်များအတွက် ရည်ရွယ်ပြုစုထားတဲ့ မိုင်းအန္တရာယ်ပညာပေး ပစ္စည်းတွေကနေတစ်ဆင့် မိုင်းအန္တရာယ်ကို ရှောင်ရှားကြရမယ့် အသိပညာတွေကိုရရှိပြီးစိတ်ထိခိုက်စရာ ထိခိုက်သေဆုံးရမှုတွေကနေ ကင်းဝေးနိုင်မှာဖြစ်ပါတယ်”ဟု ပြောကြားသည်။

အဆိုပါသင်တန်းတွင် ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများကို ဩဂုတ် ၂၂ရက်မှ ၂၅ ရက်အထိ သင်ကြားသွားမည်ဖြစ်ပြီးရရှိသည့် မိုင်းအန္တရာယ်အသိပညာများအား ဒေသအတွင်း ကျေးရွာများတွင် ပြန်လည်ဆင့်ပွားအသိပညာပေးနိုင်ရေးအတွက် ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူးထံမှ သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ရေကြီးခဲ့သောနေရာများသို့ သဘာဝဘေးစီမံခန့်ခွဲရေးကော်မတီအဖွဲ့ မှ ကူညီ

**လင်းခေး ဩဂုတ် ၂၄**

ရှမ်းပြည်နယ် တောင်ပိုင်း လင်းခေးခရိုင် လင်းခေးမြို့နယ်တွင် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သောနေရာများသို့ မြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများမှ ဩဂုတ် ၂၀ ရက်က အဆိုပါနေရာများသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(ယာပုံ)**

မိုးသည်းထန်စွာရွာသွန်းခဲ့၍ တောင်ကျချောင်းရေများ စီးဆင်းဝင်ရောက်လာခဲ့ခြင်းကြောင့် လင်းခေးခရိုင် ကျိုင်းတောင်းမြို့၌ ဩဂုတ် ၂၀ ရက် ညနေ ၃ နာရီခန့်မှစတင်ကာ နမ့်တိန်းချောင်းရေတက်လာခဲ့ရာမှ တစ်ဆက်တစ်စပ်တည်း စီးဆင်းလျက်ရှိသည့် လင်းခေးမြို့နယ်တွင် အလားတူဖြစ်ပွားခဲ့ခြင်းဖြစ်ရာ ဩဂုတ် ၂၀ ရက် ညနေ ၅ နာရီခွဲခန့်တွင် လင်းခေးမြို့ နမ့်တိန်းချောင်းရေတက်လာခြင်းကြောင့် ချောင်းကမ်းပါးနံဘေးရှိ ရပ်ကွက်များ၊ လူနေအိမ်များသို့ ရေဝင်ရောက်လာခြင်းဖြစ်ပေါ်ခဲ့ပြီး ည ၁၀ နာရီခွဲတွင် ပြန်လည်ကျဆင်းသွားခဲ့သည်။

သို့ဖြစ်၍ မြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သူနှင့်အဖွဲ့သည် ဩဂုတ် ၂၀ ရက်က သဘာဝဘေးကြုံတွေ့ခဲ့ရသော လင်းခေးမြို့ ဈေးတန်း၊ ရွာမကြီးအရှေ့၊ ဝမ်မပျဉ်း၊ ပင်ဝေါင်ရပ်ကွက်များနှင့် ပင်ထနောင်းကျေးရွာ၊ ဒါးဆိပ်၊ နမ့်အွန်(ပူးကမ်)ကျေးရွာနှင့် နားကုန်းကျေးရွာအုပ်စုရှိ ရွာများသို့ ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ရေမှတ်တိုင်များ စိုက်ထူပေးခြင်း၊ ရပ်ကွက်၊ ကျေးရွာနေပြည်သူများ၏ ရေဘေးအန္တရာယ်မှ ကင်းလွတ်ရေး ကြိုတင်ကာကွယ်ရေးအသိပညာပေး ပြောကြားခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြသည်။



ယခုအခါ နမ့်တိန်းချောင်းရေသည် မူလရေပြင် အထက် ငါးပေခွဲမှ လေးပေခွဲအထိပြန်လည်ကျဆင်းသွားခဲ့ပြီး ဖြစ်ကြောင်း၊ ယင်းရေကြီးရေလျှံမှုဖြစ်ပေါ်ခြင်းကြောင့် လူနေအိမ်များ၊ တိရစ္ဆာန်များ ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။ **စိုင်းဇော်လတ်**

# အခြေခံသတင်းရေးသားနည်းသင်တန်းဖွင့်လှစ်

**မူဆယ် ဩဂုတ် ၂၄**

ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့၌ အခြေခံသတင်းရေးသားနည်းသင်တန်းကို ဩဂုတ် ၂၂ ရက်မှ ၂၅ ရက်ထိ လေးရက်တိတိဖွင့်လှစ်သွားမည်ဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်း ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါသင်တန်းကို မြန်မာနိုင်ငံသတင်းစာဆရာအသင်း(မူဆယ်) ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ပြည်နယ်သတင်းစာ သတင်းမီဒီယာများ ပူးပေါင်းဆောင်ရွက်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စ ဆောင်ရွက်ချက် အခြေအနေမှန်များကို သတင်းမီဒီယာ ကျင့်ဝတ်စည်းကမ်းများနှင့်အညီ အများပြည်သူအကျိုးစီးပွားများကို မထိခိုက်စေဘဲ သတင်းရေးသားဖော်ပြခြင်းအားဖြင့် ပြည်သူလူထုကို အထောက်အကူပြုရာရောက်ကြောင်း ခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက သင်တန်းဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်တောင်ပိုင်း သတင်းမီဒီယာကွန်ရက်မှ အတွင်းရေးမှူး ဒေါ်မြဝန်းရုံကလည်း သတင်းမီဒီယာကွန်ရက်အကြောင်းများကို ရှင်းလင်းပြောကြားခဲ့သည်။

**သန့်ဇင်(မူဆယ်)**



**အမှတ်(၃) လုံခြုံရေးကွပ်ကဲမှုအဖွဲ့မှူးရုံး၊ အမှတ် (၄) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ (ရွှေစာရံ) မှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ခန့်ကိုအောင် ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာရှိ အုန်းချောပညာ အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့စဉ်။**

တင်မောင်(မန်းကိုယ်ပွား)

# အနောက်တိုင်းဆေးရောနှောပြီး မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများဖြစ်ကြောင်း အများပြည်သူများသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျစစ်ဆေးလျက်ရှိသည်။

၂။ ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်းရောင်းချလျက်ရှိသော အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးများသည် အနောက်တိုင်းဆေးရောနှောပြီး တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများဖြစ်သဖြင့် စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများ သုံးစွဲရန်မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုတ်လုပ်/ဖြန့်ချိဌာန | ရောနှောသော အနောက်တိုင်းဆေးအမည် |
|---|---|---|---|---|---|
| ၁။ | ဆေးတော်ကြီး | (ပန်းနာ၊ ရင်ကျပ်၊ ချောင်းဆိုး)မှ လွဲ၍ မည်သည့် ရောဂါမှ မပျောက်ပါ ဟု ဖော်ပြထား | ဆေးမှုန့် / ဆေးထုပ် | လိပ်စာဖော်ပြထားခြင်းမရှိပါ။ | Aminophylline |
| ၂။ | ဆေးတော်ကြီး | အဆစ်အမျက် နာကျင် ကိုက်ခဲ ဒူးနာ ခါးနာ ရောဂါ ဒီဌ လက်တွေ့ ပျောက်ဆေး | ဆေးမှုန့်/ ဆေးထုပ် | လိပ်စာဖော်ပြထားခြင်းမရှိပါ။ | Mefenamic acid and Diclofenac |
| ၃။ | စံပြည့်ဖြိုး | အဆစ်ရောင်ရောဂါ သောက်ဆေးမှုန့် | ဆေးမှုန့်/ ဆေးထုပ် | စံပြည့်ဖြိုး တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး လိပ်စာဖော်ပြထားခြင်းမရှိပါ။ | Paracetamol |
| ၄။ | စိန်လက်မ | ပတ်လိမ်တန်း ခေါင်းကိုက် ပျောက်ဆေး | ဆေးမှုန့် / ဆေးထုပ် | စိန်လက်မ ဆေးတိုက်ကြီး၊ ရန်ကုန်မြို့။ | Paracetamol |
| ၅။ | မေတ္တာရှင် | လေးဖက်နာ၊ အဆစ်အမျက်နာ၊ ဂေါက်ရောဂါနှင့် အကိုက်အခဲ ပျောက်ဆေး | ဆေးမှုန့်/ ဆေးထုပ် | မေတ္တာရှင်ဆေး တိုက်အမှတ်(၁၀၀)၊ (၁၆)လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ | Diclofenac |
| ၆။ | အဆစ်ပုံ | မှင်ဆေးနှင့် အဆစ်အမျက် ကိုက်ခဲပျောက် ဆေးမှုန့် | ဆေးမှုန့်/ ဆေးထုပ် | လိပ်စာဖော်ပြထားခြင်းမရှိပါ။ | Aspirin |

၃။ အများပြည်သူတို့အနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်းမပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စိစစ်ဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။

၄။ တိုင်းရင်းဆေးဝါး ထုတ်လုပ်ဖြန့်ဖြူးသည့်လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများအား ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း လုံးဝ (လုံးဝ) မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ(၃၁)၊ (၃၂)အရ တရားစွဲဆို အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# တိုင်းရင်းဆေးဝါးမှတ်ပုံတင်ရရှိထားသော်လည်း အနောက်တိုင်းဆေးရောနှောကြောင်း စိစစ်တွေ့ရှိရပါသဖြင့် အများပြည်သူများသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ် ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကိုအများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျစစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော ဖော်ပြပါ တိုင်းရင်းဆေးဝါးသည် အနောက်တိုင်းဆေးရောနှောထားကြောင်း စိစစ်တွေ့ရှိရပါသဖြင့် အများပြည်သူများသုံးစွဲရန် မသင့်လျော်ကြောင်းနှင့် သတိပြုဝယ်ယူသုံးစွဲနိုင်ပါရန် အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုတ်လုပ်/ဖြန့်ချိဌာန | ရောနှောသော အနောက်တိုင်းဆေးအမည် |
|---|---|---|---|---|---|
| ၁။ | သိကြား ဓာမဏီ | ချောင်းဆိုး ရင်ကျပ် သောက်ဆေး | ဆေးမှုန့်/ ဆေးထုပ် | အမှတ်(၇၉)မြောင်းကြီးလမ်း၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | Aminophylline |

၃။ သို့ဖြစ်၍ အဆိုပါတိုင်းရင်းဆေးဝါးအား အနောက်တိုင်းဆေးရောနှောကြောင်း စိစစ်တွေ့ရှိရပါသဖြင့် ၂၀၀၉ ခုနှစ် ဇူလိုင်လတွင် ထုတ်ဝေသော တိုင်းရင်းဆေးဝါးမှတ်ပုံတင်ခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များအရ တိုင်းရင်းဆေးဝါးမှတ်ပုံတင် သက်တမ်းတိုးခြင်းအား ခွင့်မပြုပါကြောင်းနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင် ရုပ်သိမ်းခြင်းအား ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါ၍ ဝယ်ယူသုံးစွဲရန် မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ဟားခါးမြို့တော်လှန်ရေးကန်အတွင်း ရေစီးရေလာကောင်းမွန်ရေး ပြည်နယ်ရဲတပ်ဖွဲ့ဝင်များ ဝိုင်းဝန်းဆောင်ရွက်

**ဟားခါး ဩဂုတ် ၂၄**

မိုးအဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် ဟားခါးမြို့တော်လှန်ရေး ရေကန်ပျက်အတွင်း တောင်ကျရေများမြင့်တက်ခဲ့ရာ အဆိုပါကန်အတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ပြည်နယ်ရဲတပ်ဖွဲ့ဝင်များက ဩဂုတ် ၂၀ ရက်က ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ခဲ့ကြရာ၌ ပြည်နယ်ရဲတပ်ဖွဲ့မှ ရဲအကူ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး မြင့်နိုင်၊ ဟားခါးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှရီ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြည်ဝင်းတို့ ဦးဆောင်၍ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များက ရေကန်ဖြတ် ချောင်းကူး တံတားနေရာအသစ် ပြောင်းရွှေ့ပေးခြင်း၊ ပြည်နယ်ရဲတပ်ဖွဲ့ဝင်းရှိ လူပျိုအိပ်ဆောင်နှင့် ဈေးဟောင်းရပ်ကွက်ရှိ လူနေအိမ်များ ထပ်မံပြိုကျပျက်စီးမှု မဖြစ်ပေါ်စေရေးအတွက် ရေကာတာများပြုလုပ်ခြင်း၊ ရေစီးလမ်းကြောင်း ပြောင်းလွှဲခြင်းတို့ကို ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြကာ လူနေအိမ်အဆောက်အအုံများ အန္တရာယ်ကင်းရှင်းစွာ ဆက်လက်နေထိုင်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက် )**



## ဆီကုန်သည်များအသင်း အမေရိကန်နိုင်ငံသို့ လေ့လာရေးထွက်ခွာ

**ရန်ကုန် ဩဂုတ် ၂၄**

နှစ်နိုင်ငံနည်းပညာများ ပူးပေါင်းထုတ်လုပ်မှု အစီအစဉ်အရ မြန်မာနိုင်ငံ ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမြင့်ကြူ ဦးဆောင်သောအဖွဲ့သည် အမေရိကန်နိုင်ငံ ပဲပိစပ်ဆီအသင်း၏ဖိတ်ကြားမှုဖြင့် ဩဂုတ် ၂၁ ရက် ညနေက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှမထွက်ခွာမီ အသင်းတွဲဖက်အတွင်းရေးမှူး ဦးမိုးဌေးနှင့်အဖွဲ့က လေဆိပ်၌ နှုတ်ဆက်ပို့ဆောင်ခဲ့ကြောင်း သိရသည်။

**ကိုကြီးတင်**



## သရက်မြို့ရေဘေးသင့်ရေပေါ်ကျွန်းကျေးရွာ ပြန်လည်ထူထောင်ရေး ပျော်ဘွယ်မြို့စေတနာရှင်များ လာရောက်လှူဒါန်း

**သရက် ဩဂုတ် ၂၄**

သရက်ခရိုင် သရက်မြို့နယ်အတွင်း ရေဘေးသင့်ခဲ့သည့် ရေပေါ်ကျွန်းကျေးရွာမှ ပြည်သူ ပြန်လည်ထူထောင်ရေးအတွက် အဓိကလိုအပ်သည့် ဆန်၊ ဆီ၊ ဆား၊ အိမ်သုံးဆေးဝါး၊ သောက်ရေသန့်၊ ကျောင်းသုံးပုံနှိပ်စာအုပ်များကို ပျော်ဘွယ်မြို့မှ အလှူရှင်များ ကိုယ်စား အရန်မီးသတ်တပ်ဖွဲ့ ဦးအောင်ဇော်နှင့်အဖွဲ့၊ ကိုနေဦးနောင် ပရဟိတလူငယ် (ပျော်ဘွယ်)တို့က ဩဂုတ် ၂၁ ရက်က သရက်မြို့စမုတ်ဘုန်းကြီးကျောင်း၌ လှူဒါန်းပေးအပ်ကြသည်။

“ရေဘေးသင့်ပြည်သူတွေ ပြန်လည်ထူထောင်ရေးအတွက် လာလှူတာပါ။ သရက်ကိုလာလှူတာဟာ အခုအကြိမ်နဲ့ဆိုရင် သုံးကြိမ်မြောက်ရှိပါပြီ။ မနှစ်က နှစ်ကြိမ်လာလှူပါတယ်။ ပျော်ဘွယ်မြို့အလှူရှင်တွေကိုယ်စား လှူဒါန်းရတာဖြစ်ပါတယ်” ဟု ပျော်ဘွယ်မြို့အရန်မီးသတ်တပ်ဖွဲ့မှူး ဦးအောင်ဇော်မိုးက ပြောသည်။

**ပေါက်ကလေး(သရက်)**

အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ
မြန်မာ့အလင်းတွင် ကြော်ငြာပါ

# မိုနာကိုည၊ ဥရောပအကောင်းဆုံးဘောလုံးသမားဆုနဲ့ စီရော်နယ်ဒို



ဥရောပပြည်တွင်းလိဂ် ဘောလုံးပွဲစဉ်တွေ ပြန်လည်စတင်နေပြီဖြစ်တာမို့ ကမ္ဘာ့ဘောလုံးလောကလည်း လှုပ်လှုပ်ရှားရှားနဲ့ ရင်ခုန်စွာ အသက်ဝင်နေပြီဖြစ်ပါတယ်။ အပတ်စဉ် စနေ၊ တနင်္ဂနွေအပြင် ကြားရက်တွေမှာလည်း ဘောလုံးပွဲစဉ်တွေ ပြည့်နေတာမို့ ကမ္ဘာ့ဘောလုံးပရိသတ်တွေအတွက်လည်း ပြိုင်ပွဲတွေနဲ့အတူ ခံစားမှုတွေလိုက်ပါစီးမျှောခွင့်ရရှိနေပါတယ်။ ပရိသတ်တွေအတွက် စူးရှတဲ့ ရသတစ်ခုကို ပေးဦးမယ့် အစီအစဉ်တစ်ခုဖြစ်တဲ့ ဥရောပအကောင်းဆုံးဘောလုံးသမားဆုကို ကြားရက်ဖြစ်တဲ့ ဩဂုတ် ၂၅ ရက် ညပိုင်းမှာ ကြေညာတော့မှာဖြစ်ပါတယ်။ ဒီဆုအတွက် နောက်ဆုံးဆန်ခါတင် ရွေးချယ်ထားတဲ့ ဘောလုံးသမားသုံးဦးဖြစ်တဲ့ စီရော်နယ်ဒို၊ ဂါရတ်ဘေးနဲ့ ဂရေ့စ်မန်းတို့အနက် ဘယ်သူရွေးချယ်ခံရမလဲဆိုတာ စိတ်ဝင်စားစရာကောင်းနေတာတော့ အမှန်ပါပဲ။

ဒါ့အပြင် ၂၀၁၆-၂၀၁၇ ဘောလုံးရာသီအတွက် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်တွေကို ဩဂုတ် ၂၅ ရက်မှာပဲ မဲနှိုက်ပေးမှာဖြစ်တာကြောင့် ဩဂုတ် ၂၅ ရက် ညဟာ ပရိသတ်တွေအတွက် ရင်ခုန်ရမယ့် ညတစ်ညဖြစ်နေပြန်ပါတယ်။ ဒီနှစ်အတွက် ဥရောပအကောင်းဆုံး ဘောလုံးသမားဆုကို နောက်ဆုံးဆန်ခါတင် ကစားသမားသုံးဦးအနက် ပေါ်တူဂီနဲ့ ရီးရဲမက်ဒရစ်တောင်ပံတိုက်စစ်မှူး စီရော်နယ်ဒိုရရှိမယ်လို့ မျှော်မှန်းထားသူတွေများနေပြီး ဂါရတ်ဘေးလ်ကတော့ ဒုတိယနေရာမှာ ရှိမယ်လို့ ခန့်မှန်းသုံးသပ်မှုတွေ ရှိနေပါတယ်။

ပရိသတ်တွေ မျှော်မှန်းထားသလို ဥရောပအကောင်းဆုံး ဘောလုံးသမားဆုအတွက်ကတော့ ပေါ်တူဂီအသင်းကို ယူရို ၂၀၁၆ ဖလားရရှိအောင် ဆောင်ကြဉ်းပေးခဲ့သူနဲ့ ရီးရဲမက်ဒရစ်ကို ချန်ပီယံလိဂ်ဖလားရရှိအောင် ကြိုးစားပေးခဲ့တဲ့ စီရော်နယ်ဒိုကတော့ ပြိုင်ဘက်နှစ်ဦးဖြစ်တဲ့ ဂါရတ်ဘေးလ်နဲ့ ဂရေ့စ်မန်းတို့ထက် ရှေ့ကို အတော်များများရောက်ရှိနေတာတော့ အမှန်ပါပဲ။

အသက် ၃၁ နှစ်အရွယ်ရှိတဲ့ စီရော်နယ်ဒိုဟာ ပြီးခဲ့တဲ့ဘောလုံးရာသီမှာ ဘောလုံးပွဲပေါင်း ၄၈ ပွဲကစားခဲ့ရာမှာ စုစုပေါင်း ၅၁ ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ ရီးရဲမက်ဒရစ်အသင်းအတွက် စုစုပေါင်း ခုနစ်နှစ် အတွင်းမှာ ၃၆၄ ဂိုးသွင်းယူပြီး အခုရာသီမှာ ဂိုး ၄၀၀ ပြည့်အောင် သွင်းယူဖို့လည်း ဆန္ဒရှိနေသူဖြစ်ပါတယ်။ စီရော်နယ်ဒိုဟာ ဒီနှစ်ချန်ပီယံလိဂ်မှာ သွင်းဂိုးခြောက်ဂိုးရှိခဲ့ပြီး ဂိုးဖန်တီးမှု အကြိမ်များစွာရှိခဲ့ပါတယ်။ ရီးရဲမက်ဒရစ်ကို ချန်ပီယံလိဂ်ဖလား ရရှိအောင် ဦးဆောင်ကြိုးစားပေးနိုင်ခဲ့သလို ပေါ်တူဂီအသင်း ယူရို ၂၀၁၆ ဖလားရရှိအောင် အဓိက အားထုတ်ပေးခဲ့သူလည်း ဖြစ်ပါတယ်။ စီရော်နယ်ဒိုဟာ ဥရောပအကောင်းဆုံးဆုရရှိခဲ့ရင် တစ်နှစ်တာ ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆု အတွက်လည်း အရေးပါတဲ့ ခြေလှမ်းတစ်လှမ်းဖြစ်တာမို့ ဒီဆုဟာ သူ့အတွက်တော့ အရေးပါတဲ့ဆု ဖြစ်နေပါတယ်။

ဂါရတ်ဘေးလ်ကလည်း ဥရောပအကောင်းဆုံးဆုအတွက် ထိုက်တန်သူတစ်ဦးဖြစ်ပါတယ်။ အသက် ၂၇ နှစ်အရွယ်ရှိတဲ့ ဂါရတ်ဘေးလ်ဟာ မိခင်နိုင်ငံအသင်းဖြစ်တဲ့ ဝေးလ်အသင်းကို ယူရို ၂၀၁၆ အကြိုဗိုလ်လုပွဲအထိ ရောက်ရှိအောင် အဓိက စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သလို ရီးရဲမက်ဒရစ်အသင်း ချန်ပီယံလိဂ်ဖလား ဆွတ်ခူးနိုင်အောင် အဓိက ကြိုးစားပေးခဲ့သူတစ်ဦးလည်း ဖြစ်ပါတယ်။ ဂါရတ်ဘေးလ်ဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီမှာ ပွဲပေါင်း ၃၁ ပွဲ ကစားခဲ့ရာမှာ ၁၉ ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ ဂိုးဖန်တီးမှု ၁၁ ကြိမ်ရှိခဲ့ပြီး ဂိုးပေါက်ကန်သွင်းမှု ၉၁ ကြိမ်ရှိခဲ့ပါတယ်။ ဘောလုံးပေးပို့မှု ၅၅၆ ကြိမ်ရှိခဲ့ပြီး ခေါင်းတိုက်ဂိုး ကိုးဂိုး၊ ညာခြေ သွင်းဂိုး နှစ်ဂိုးနဲ့ ဘယ်ခြေသွင်းဂိုး ရှစ်ဂိုးရှိခဲ့ပါတယ်။

ဂါရတ်ဘေးလ်ဟာ စီရော်နယ်ဒိုလို ယူရို ၂၀၁၆ ဖလားကို မိခင်နိုင်ငံဝေးလ်အတွက် မရယူနိုင်ခဲ့ပေမယ့် အောင်မြင်မှု မှတ်တိုင်သစ်အဖြစ် ယူရို ၂၀၁၆ ဖလား အကြိုဗိုလ်လုပွဲအထိ ရောက်ရှိအောင် တွန်းပို့ကာ စိုက်ထူနိုင်ခဲ့သူဖြစ်ပါတယ်။ စီရော်နယ်ဒိုရဲ့ လွှမ်းမိုးမှုအောက်ကို မသိမသာရောက်ရှိနေတဲ့ ဂါရတ်ဘေးလ်ဟာ စီရော်နယ်ဒိုမပါတဲ့ ဘောလုံးပွဲ ၁၂ ပွဲမှာ ဂါရတ်ဘေးလ်က ၁၂ ဂိုးသွင်းယူနိုင်ခဲ့ပေမယ့် စီရော်နယ်ဒိုပါတဲ့ ဘောလုံးပွဲပေါင်း ၆၃ ပွဲမှာ ၃၄ ဂိုးသာသွင်းယူနိုင်တာဟာ သတိထားမိစရာပါပဲ။ ဒါကြောင့် အသက် ၂၇ နှစ်အရွယ်သာရှိသေးတဲ့ ဂါရတ်ဘေးလ်ဟာ စီရော်နယ်ဒို အသက်အရွယ်ကြောင့် ကျရိပ်သမ်းလာတဲ့အချိန်မှာ အရှိန်အဟုန်နဲ့ အစားထိုးနေရာဝင်ယူကာ အောင်မြင်မှုမှတ်တိုင်တွေ စိုက်ထူလာမယ့် ကစားသမားတစ်ဦးပါပဲ။ အက်သလက်တီကို တိုက်စစ်မှူး ဂရေ့စ်မန်းကတော့ ဒီနှစ် ဥရောပအကောင်းဆုံး ဘောလုံးသမားဆုဟာ စီရော်နယ်ဒိုနဲ့သာ ထိုက်တန်ပြီး ကျွန်တော်တို့က အဖြည့်ခံပါလို့ ထုတ်ဖော်ပြောကြားနေပါ တယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဩဂုတ် ၂၅ ရက် ညမှာတော့ ပြင်သစ်နိုင်ငံ မိုနာကိုမြို့မှာ ဒီနှစ်ဥရောပ အကောင်းဆုံးဘောလုံးသမားဆုကို ကြေညာတော့မှာဖြစ်တာမို့ပရိသတ်ဆန္ဒနဲ့ ရွေးချယ်မှု ထပ်တူကျ မကျကို စောင့်ကြည့်ရတော့မှာပဲ ဖြစ်ပါတယ်။ ။

■ **မိုးမြင့်လင်းလက်**

# ဂျော်နီအီးဗန်းစ်ကိုခေါ်ယူဖို့ အာဆင်နယ်ပြင်ဆင်နေ

အာဆင်နယ်အသင်းအနေနဲ့ နွေရာသီ ဘောလုံးသမားခေါ်ယူရေးကာလမှာ ဗဟိုခံစစ်မှူးတစ်ဦးကိုခေါ်ယူဖို့ ကြိုးစားနေပြီး အခုအချိန်မှာ ဝက်စ်ဘရွန်းကို ရောက်နေတဲ့ တစ်ချိန်က မန်ယူကစားသမားဟောင်း ဂျော်နီအီးဗန်းစ်ကို ခေါ်ယူဖို့ စိတ်ဝင်စားနေတယ်လို့ ဆိုပါတယ်။ အာဆင်နယ်ဟာ ဂျော်နီအီးဗန်းစ်ကို ပေါင် ၂၅ သန်းပေးပြီး ခေါ်ယူဖို့ ကြိုးစားနေပါတယ်။

အသက် ၂၈ နှစ်အရွယ်ရှိတဲ့ အီးဗန်းစ်ကို ဝက်စ်ဘရွန်းက မန်ယူကနေ ပြီးခဲ့တဲ့နွေရာသီက လေးနှစ်စာချုပ်နဲ့ ခေါ်ယူခဲ့တာဖြစ်ပါတယ်။ မန်ယူအသင်းမှာ ပုံမှန်ပွဲထွက်ခွင့်မရတဲ့ အီးဗန်းစ်ကို အာဆင်နယ်က ခေါ်ယူဖို့ကြိုးစားခဲ့ပေမယ့် ဝက်စ်ဘရွန်းက အရခေါ်ယူသွားလို့ အာဆင်နယ်က မရလိုက်တာကြောင့် ဝက်စ်ဘရွန်းကို အီးဗန်းစ်ပြောင်းရွှေ့ခဲ့ပြီး ကတည်းက အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက ခေါ်ယူဖို့ကြိုးစားခဲ့တာလို့ ဆိုပါတယ်။ လက်ရှိအချိန်မှာတော့ အာဆင်နယ်နဲ့ ဝက်စ်ဘရွန်းတို့ရဲ့ညှိနှိုင်းမှုတွေအရ မကြာမီကာလအတွင်းမှာ အီးဗန်းစ်ဟာ အာဆင်နယ်ကို ရောက်လာနိုင်တယ်လို့ သိရပါတယ်။

# ချယ်လ်ဆီးကိုရောက်လာဖွယ်ရှိတဲ့ တိုရီနို ဗဟိုခံစစ်မှူး မာစီမိုဗစ်

ချယ်လ်ဆီးနည်းပြ ကွန်တီးအနေနဲ့ ဗဟိုခံစစ်မှူးတစ်ဦးကို အမြန်ဆုံးခေါ်ယူသွားဖို့ စီစဉ်လျက်ရှိရာမှာ လောလောဆယ်မှာတော့ တိုရီနိုကလပ်မှ ဗဟိုခံစစ်မှူး မာစီမိုဗစ်ကို ခေါ်ယူသွားဖို့ ပြင်ဆင်မှုတွေ လုပ်နေတယ်လို့ သိရပါတယ်။ အသက် ၂၄ နှစ်အရွယ်ရှိတဲ့ မာစီမိုဗစ်ကို နာပိုလီကလပ်အသင်းကလည်း ကာလအတန်ကြာကတည်းက စိတ်ဝင်စားနေခဲ့တာဖြစ်ပြီး မာစီမိုဗစ်ကလည်း သူ့အသင်းနဲ့ လေ့ကျင့်မှုတွေဆက်လုပ်ဖို့ကို ငြင်းဆိုထားပါတယ်။ မာစီမိုဗစ်ဟာ ဆားဗီးယားနိုင်ငံ လက်ရွေးစင်ဘောလုံးကစားသမားဖြစ်ပြီး မန်ယူကစားသမားဟောင်း ဗီဒစ်လို ထူးချွန်တဲ့ကစားသမားလို့ ဆိုကြပါတယ်။

ချယ်လ်ဆီးဟာ မာစီမိုဗစ်ကို နာပိုလီအသင်းက ကမ်းလှမ်းတဲ့ ပေါင် ၂၁ ဒသမ ၅ သန်းထက်မနည်း ဈေးပေးပြီး ခေါ်ယူဖို့အသင့်ရှိနေတယ်လို့ဆိုပါတယ်။ ချယ်လ်ဆီးဟာ အသင်းက ဗဟိုခံစစ်မှူး မာကိုမာတင်ကို အိုလံပီယာကို့စ်အသင်းကို ရောင်းချလိုက်ပြီးနောက် နောက်တန်းကစားသမားတစ်ဦးကို ခေါ်ယူဖို့ ပြင်ဆင်နေတာဖြစ်ပြီး တိုရီနိုကတော့ မရောင်းဘူးလို့ ဆိုနေပါတယ်။ မာစီမိုဗစ် အာဆင်နယ် ရောက် မရောက်စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။




ကောင်းမြတ်သူ
စုစည်းသည်။



# ဝက်စ်ဟမ်း ပစ်မှတ်ထားနေတဲ့ အေစီမီလန် တိုက်စစ်မှူး

ဝက်စ်ဟမ်းအသင်းအနေနဲ့ အေစီမီလန်အသင်းမှ ကားလို့စ်ဘက်ကာကို ခေါ်ယူဖို့ ကြိုးစားနေတယ်လို့ ဆိုပါတယ်။ နည်းပြ ဆလာဗင်ဘီလစ်အနေနဲ့ နွေရာသီကတည်းက တိုက်စစ်မှူးသစ်တစ်ဦး ခေါ်ယူဖို့ ကြိုးစားနေတယ်လို့ ဆိုပါတယ်။ ဝက်စ်ဟမ်းအသင်းအနေနဲ့ ဒဏ်ရာရထားတဲ့ အင်ဒရေးအာယူးနဲ့ အင်ဒီကာရိုးလ်တို့ မပါဘဲ ကစားနေရတဲ့အတွက် တိုက်စစ်မှူးကောင်းတစ်ဦးအမြန်ဆုံးဖြည့်ဆည်းဖို့ လိုအပ်နေပြီလို့ ဆိုပါတယ်။ ဝက်စ်ဟမ်းအသင်းက အေစီမီလန်အသင်းမှ တိုက်စစ်မှူး ကားလို့စ်ဘက်ကာကို ပေါင်သန်း ၂၀ ပေးပြီး ခေါ်ယူသွားဖို့ ပြင်ဆင်မှုတွေပြုလုပ်နေပြီလို့ ဆိုပါတယ်။

ကိုလံဘီယာ တိုက်စစ်မှူးဖြစ်တဲ့ ဘက်ကာကို နည်းပြ ဘီလစ်အနေနဲ့ ခေါ်ယူသွားရန် စိတ်အားထက်သန်နေတာဖြစ်ပါတယ်။ကားလို့ဘက်ကာဟာ လက်ရှိ အေစီမီလန်အသင်းမှာ အဓိက အားထားရတဲ့ တိုက်စစ်မှူး တစ်ဦးဖြစ်ပါတယ်။ သို့သော်လည်း တိုက်စစ်မှူး ဘက်ကာဟာ အေစီမီလန်မှာ တစ်ပတ် ပေါင် ၆၀၀၀၀ အထိ ရရှိနေပြီး အင်္ဂလန် ပရီမီယာလိဂ် ပြောင်းခဲ့မယ်ဆိုရင် တစ်ပတ် ပေါင် ၁၂၀၀၀၀ အထိ တောင်းဆိုထားပါတယ်။ အသက် ၂၉ နှစ်အရွယ်ရှိပြီဖြစ်တဲ့ တိုက်စစ်မှူး ဘက်ကာဟာ အေစီမီလန်အသင်းမှာ ခြေစွမ်းပြ ကစားနေဆဲဖြစ်ပါတယ်။



တွံတေးမြို့နယ်၌ ကွယ်လွန်သွားခဲ့သော မြို့နယ်သတင်းထောက် ဦးကျော်သန်း (၈၃ နှစ်) အတွက် မြန်မာ့အလင်းသတင်းစာ လူမှုကူညီရေးအဖွဲ့မှ နာယက ဦးမျိုးမြင့်၊ ဦးကျော်မြင့်သန်း၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင်တို့သည် ဩဂုတ် ၂၀ ရက်က သွားရောက်၍ ထောက်ပံ့ငွေကျပ် ၁၅၀၀၀၀ ပေးအပ်ရာ ကွယ်လွန်သူ၏ မိသားစုက ယင်းထောက်ပံ့ငွေအားအဖွဲ့သို့ ပြန်လည်ပေးအပ်လှူဒါန်းစဉ်
တင်ဝင်းလေး(ကြည့်မြင်တိုင်)

# ယောဒေသ၏ ဓလေ့ရိုးရာ သနပ်ခါးပါးတို့ပွဲ ကျင်းပ

**ကျောက်ထု ဩဂုတ် ၂၄**
မကွေးတိုင်းဒေသကြီး ဆောမြို့နယ် ကျောက်ထုမြို့ဒေသ ကံကြီးကျေးရွာ၌ ယောနယ်ဒေသ၏ ဓလေ့ရိုးရာဖြစ်သည့် သနပ်ခါးပါးတို့ပွဲတော်ကို ဩဂုတ် ၂၁ ရက် ညပိုင်းက ကျင်းပခဲ့ပြီး ယောနယ်ဓလေ့ဖြစ်သည့် မီးကြာလှည့်ပွဲ၊ ဆီမီး ပူဇော်ပွဲတို့ကိုလည်း ထည့်သွင်းကျင်းပခဲ့ကြောင်း သိရသည်။

သနပ်ခါးပါးတို့ပွဲတွင် ကံကြီးကျေးရွာနှင့် အနီးပတ်ဝန်းကျင် ရပ်ကွက်/ကျေးရွာများဖြစ်သည့် ပြင်လယ်၊ ကြန်တော၊ တောင့်တက်၊ ရေရှင်စသည့် ကျေးရွာများမှ လူငယ်မောင်မယ်များ ပါဝင်ဆင်နွှဲခဲ့ကြသည်။ အဆိုပါပွဲတော်ကို ယခင်နှစ်များတွင် ဝါလကင်းလွတ်သည့်ကာလမှ တန်ဆောင်မုန်းလပြည့်နေ့ အထိကာလအတွင်း သင့်တော်ရာနေ့ရက်တွင် နှစ်စဉ် ကျင်းပလေ့ရှိသော်လည်း ယခုနှစ်တွင် ဒေသ၏ရိုးရာဓလေ့ကို စနစ်တကျ မှတ်တမ်းတင်ဖော်ထုတ်နိုင်ရန်အတွက် ဝါတွင်းကာလ ဆီမီးပူဇော်ပွဲနှင့်အတူ ကျင်းပခြင်းဖြစ်ကြောင်းသိရသည်။

ပွဲတော်ကျင်းပခြင်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးကျော်မြင့်က "ဒေသရဲ့ရိုးရာဓလေ့ဖြစ်တဲ့ သနပ်ခါးပါးတို့ပွဲကျင်းပခြင်းအတွက် ကျေးရွာတစ်ရွာနဲ့တစ်ရွာ စည်းလုံးချစ်ကြည်မှု ပိုမိုရရှိစေပါတယ်။ တစ်ဦးနဲ့တစ်ဦး ယဉ်ယဉ်ကျေးကျေးဆက်ဆံတဲ့ အလေ့အထ ပိုမိုရရှိပါတယ်။ ကျေးရွာတစ်ရွာမှာ ကျင်းပရင် နီးစပ်ရာကျေးရွာတွေက ပါဝင်ဆင်နွှဲကြပါတယ်"ဟု ပြောကြသည်။



ယောဓလေ့ သနပ်ခါးပါးတို့ပွဲတွင် ရွာခံအမျိုးသမီးများက ပတ်ဝန်းကျင်ကျေးရွာများမှ မီးကြာလှည့်ပွဲဖြင့် ပါဝင်ဆင်နွှဲသည့် မီးကြာကိုင်လုပျိုဖြူများအား သနပ်ခါးဖြင့် ပါးကိုတို့ခြင်းဖြစ်သည်။ ပတ်ဝန်းကျင်ကျေးရွာမှ မီးကြာဖြင့် စီတန်းလှည့်လည်လာသော မီးကြာကိုင်အမျိုးသမီးများ ဆီမီးပူဇော်မည့် စေတီပရိဝုဏ် အနီးသို့ ရောက်လာသည့်အခါ အသင့်စောင့်နေသည့် အိမ်ရှင်အမျိုးသမီးများက ရင်းနှီးစွာနှုတ်ဆက်စကားပြောဆို၍ မီးကြာကိုင်အမျိုးသမီးများ၏ ပါးပြင်တစ်ဖက်တစ်ချက်ကို သနပ်ခါးတို့ဖတ်ဖြင့် အသာတို့လိုက်ခြင်းဖြစ်သည်။ ထို့နောက် လုလင်ပျိုနှစ်ယောက်က မှန်တစ်ချပ်ဖြင့်ဆီးတားပြီး မှန်ကိုကြည့်စေ၍ သနပ်ခါးများညီညာလှပအောင် ပြင်ဆင်စေသည်။ ပြင်ဆင်ပြီးလျှင် မှန်ကို အသာမ၍ ဖယ်ပေးလိုက်သည်။ ထိုသို့ မှန်တန်း ၁၅ တန်းခန့် ကျော်ဖြတ်ပြီးလျှင် ဆီမီးပူဇော်ရာနေရာသို့ရောက်ရှိလျက် ဆီမီးပူဇော်ကြသည့် ဓလေ့ဖြစ်သည်။

မီးကြာလှည့်ပွဲနှင့် သနပ်ခါးပါးတို့ပွဲ ကျင်းပနိုင်ရန်အတွက် ရောင်စုံစက္ကူနှင့် မှန်ရောင်စက္ကူတို့ကို နှီးဖြင့်ပေါင်းစပ်ကာ ကြာပွင့်သဏ္ဌာန် မီးကြာခွက်များ၊ ပန်းကြာများ၊ မုလေးပွားများ၊ ကြက်လျှာများကို ကြိုတင်ပြုလုပ်ကြရပြီး မီးကြာလှည့်ပွဲလိုက်ပါနိုင်ရန်လည်း ကြိုတင်ဖိတ်ကြားကြရကြောင်း သိရသည်။
(၁၀၁)

# အိမ်မဲမြို့၌ အသည်းရောင်အသားဝါ(ဘီ)ပိုး ကာကွယ်ဆေးများ တတိယအကြိမ်ထိုးနှံပေး

**အိမ်မဲ ဩဂုတ် ၂၄**
ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်အတွင်းမှ ရဟန်းသံဃာများ၊ သီလရှင်များ၊ သာသနာ့အကျိုး ဆောင်ရွက်နေသူများ၊ စေတနာ့ဝန်ထမ်းများနှင့် သွေးလှူရှင်များအား အသည်းရောင်အသားဝါ(ဘီ)ပိုးကာကွယ်ဆေးများကို အိမ်မဲမြို့နယ် ကျန်းမာရေးဦးစီးဌာနက တတိယအကြိမ်မြောက်အဖြစ် ဩဂုတ် ၂၂ ရက်မှစ၍ ထိုးပေးလျက်ရှိကြောင်း သိရသည်။

ကာကွယ်ဆေးများကို အိမ်မဲမြို့နယ် ကျန်းမာရေးဦးစီးဌာန ဆေးရုံခန်းမ၌ ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်း၍ ထိုးနှံပေးခဲ့ခြင်းဖြစ်သည်။ ကာကွယ်ဆေးများကို ဩဂုတ် ၂၂ ရက်မှ ဩဂုတ် ၂၄ ရက်အထိ သုံးရက်ကြာ ထိုးပေးခဲ့ပြီး မြို့နယ်အတွင်းမှ ပြည်သူ ၁၇၁၆ ဦးအား ကာကွယ်ဆေးများ ထိုးပေးခဲ့ကြောင်း သိရသည်။

အိမ်မဲမြို့နယ်၌ အသည်းရောင်အသားဝါ (ဘီ)ပိုး ကာကွယ်ဆေး ပထမအကြိမ်ကို ဇွန် ၁၇ ရက်ကလည်းကောင်း၊ ဒုတိယအကြိမ်ကို ဇူလိုင် ၂၀ ရက်ကလည်းကောင်း အခမဲ့ထိုးပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။
(မြို့နယ် ပြန်/ဆက်)



# (၂၁) ရာစု ပင်လုံညီလာခံကြိုဆိုထောက်ခံ

**ဒလ**
(၂၁) ရာစု ပင်လုံညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် စတစ်ကာကန်ပိန်း ပြုလုပ်ခြင်းအား ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ လူငယ်လေးများစုပေါင်း၍ ဒလမြို့နယ်၌ ဩဂုတ် ၂၂ ရက်က ကျင်းပခဲ့သည်။

စတစ်ကာကန်ပိန်း ပြုလုပ်သူများသည် ဒလမြို့နယ် သင်္ဘောဆိပ်မှစတင်၍ မော်တော်ယာဉ်များ၊ ဆိုင်ကယ်များ၊ သုံးဘီးဆိုင်ကယ်များနှင့် ခရီးသွားပြည်သူများအား (၂၁) ရာစု ပင်လုံညီလာခံကြိုဆိုထောက်ခံသည့် စတစ်ကာများ ကပ်ပေးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ကို မြို့နယ်အတွင်း ရပ်ကွက်များအနှံ့ လိုက်လံပြုလုပ်ပေးခဲ့ကြသည်။ ဩဂုတ် ၂၈ ရက်က မြို့တော်ခန်းမရှေ့၌ (၂၁) ရာစု ပင်လုံညီလာခံအား ကြိုဆိုထောက်ခံပွဲပြုလုပ်မည်ဖြစ်၍ ပါဝင်ကြရန်လည်း နှိုးဆော်တိုက်တွန်းခဲ့ကြကြောင်း သိရသည်။
**မောင်ယဉ်ဦး**

**မိုးညှင်း**
ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့ အရှေ့ကျောင်းပရိယတ္တိစာသင်တိုက်၌ ဩဂုတ် ၂၁ ရက်က ၂၁ ရာစုပင်လုံညီလာခံကြိုဆိုထောက်ခံပွဲအတွက် ကြိုတင်ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် မိုးညှင်းမြို့ အရပ်ဘက်ဆိုင်ရာ လူမှုကွန်ရက်အဖွဲ့အစည်းများနှင့် ကြိုဆိုထောက်ခံပွဲကျင်းပကြမည့် ဩဂုတ် ၂၇ ရက်တွင် မိုးညှင်းမြို့ ရွှေသာလျောင်းဇာတ်ရုံကြီး၌ လုပ်ကိုင်ဆောင်ရွက်ကြမည်ဆိုသည့် အကြောင်းအရာများကို စည်းဝေးတိုင်ပင်ကြကြောင်း သိရသည်။
(ဝ၆၇)

## သတင်းတိုများ

### မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာများ ပညာပေးဟောပြော

**မလှိုင် ဩဂုတ် ၂၄**
မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူး၍ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာများ အသိပညာပေးဟောပြောပွဲကို ပန်းအိုင် အထကကျောင်းခန်းမ၌ ဩဂုတ် ၁၉ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ပေါက်ပေါက်က ပညာပေးဟောပြောပွဲကျင်းပခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်ကျန်းမာရေးမှူး ဒေါ်နွဲ့နွဲ့ဝင်းက ငယ်ရွယ်သူအမျိုးသမီးများအနေဖြင့် သိရှိသင့်သော မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာများအကြောင်းကို ကျောင်းသား ကျောင်းသူများအား ပညာပေးဟောပြောခဲ့သည်။ ထို့နောက် ဟောပြောပွဲတက်ရောက်သူ ကျောင်းသား ၁၀ ဦးလျှင်တစ်ဖွဲ့နှင့် ကျောင်းသူ ၁၀ ဦးလျှင်တစ်ဖွဲ့နှုန်းဖြင့် အစုအဖွဲ့ ၁၈ ဖွဲ့ ဖွဲ့စည်းစေပြီး HIV/AIDS ရောဂါ၊ မျိုးဆက်ပွားကျန်းမာရေးနှင့် မူးယစ်ဆေးနှင့်ပတ်သက်သည့် ဉာဏ်စမ်းမေးခွန်းများဖြေဆိုစေပြီး အဖြေမှန်ဖြေဆိုနိုင်သည့် အဖွဲ့များကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့သည်။ ထို့နောက် ပန်းအိုင် အထကကျောင်းအတွက် အမှိုက်ပုံးများကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌက ပေးအပ်ပြီး ကျောင်းအုပ်ဆရာမကြီးဒေါ်မိမိအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။
**အောင်ဌေး(မလှိုင်)**

### ယဉ်ကျေးမှုတန်ဖိုးများကို ခြိမ်းခြောက်လာသော အန္တရာယ် စာတမ်းဖတ်ပွဲကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့က ကြီးမှူး၍ မြန်မာ့ယဉ်ကျေးမှုတန်ဖိုးများကို ခြိမ်းခြောက်လာသောအန္တရာယ် ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ပွဲကို ပင်လုံတက္ကသိုလ်၌ ဩဂုတ် ၂၂ ရက်က ကျင်းပခဲ့သည်။

စာတမ်းဖတ်ပွဲတွင် လွိုင်လင်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စန်းမြင့်က အမှာစကားပြောကြားပြီး ပင်လုံတက္ကသိုလ် မြန်မာစာ(ပါမောက္ခ) ဒေါက်တာခင်မာထူးက မြန်မာ့ယဉ်ကျေးမှုတန်ဖိုးများကို ခြိမ်းခြောက်လာသောအန္တရာယ် စာတမ်းကို ဖတ်ကြားရှင်းလင်း ဟောပြောသည်။ ထို့နောက် လွိုင်လင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခိုင်ဝါဝါထွဋ်က စာတမ်းဖတ်ကြားပေးသော ဒေါက်တာခင်မာထူးအား အမှတ်တရလက်ဆောင် ပေးအပ်ခဲ့သည်။
**မိုးလွင်ဦး(လွိုင်လင်)**

### အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုပြုလုပ်

ဆောမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ပူးပေါင်း၍ အာဟာရပြည့်ဝစေခြင်းဖြင့် ကျန်းမာသန်စွမ်း၍ ဉာဏ်ရည်မြင့်မားစေရန် ရည်ရွယ်ကာ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများကို ယောမင်းကြီး ဦးဘိုးလှိုင်ခန်းမ၌ ဩဂုတ် ၁၇ က ကျင်းပသည်။

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု ဆောင်ရွက်ရာတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်လှလှခက်က အမှာစကားပြောကြားပြီး လှုပ်ရှားမှုများအဖြစ် မိခင်နို့ စနစ်တကျတိုက်ကျွေးရေး၊ ငါးနှစ်အောက်ကလေးငယ်များ အာဟာရဖွံ့ဖြိုးရေး၊ ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး၊ အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးတို့ကို ဆောင်ရွက်ခဲ့ကြပြီး ကလေးငယ်များအား ဗီတာမင်အေဆေးနှင့် သန်ချဆေးများ တိုက်ကျွေးခြင်း၊ နို့တိုက်မိခင်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရတိုက်ကျွေးခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း သိရသည်။
**(ခရိုင် ပြန်/ဆက်)**

## မြစ်ရေဝင်ကျေးရွာများ၌ ရေသန့်ရရှိရေးအတွက် ရေတွင်းရေကန်များတွင် ကလိုရင်းဆေးခတ်ပေး

**နတ်တလင်း ဩဂုတ် ၂၄**
ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်တွင် ရေဝတီမြစ်ရေဝင်ရောက်မှုနှင့် မိုးသည်းထန်စွာရွာသွန်းမှုတို့ကြောင့် ကျေးရွာ ၁၅ ရွာရှိ ရေတွင်းရေကန်များနှင့် စက်ရေတွင်းများ ညစ်ညမ်းသွားခြင်းမရှိစေရန် ကလိုရင်းခတ်ပေးခြင်းနှင့် ရေမသန့်ရှင်းခြင်းကြောင့်ဖြစ်ပွားတတ်သော ရောဂါများကာကွယ်ရေး ပညာပေးခြင်းတို့ကို မြို့နယ်ကျန်းမာရေးဦးစီးဌာနက ဦးဆောင်၍ ဩဂုတ် ၂၂ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်ကျန်းမာရေးဦးစီးဌာနက ဦးဆောင်ပြီး ဌာနအောက်ရှိ တာပွန်၊ ပွတ်စု၊ ချဉ်ယုတ်ကွင်း၊ ကြိုးကြာကံ၊ ပေါက်တုန်း၊ ပဲမခမ်း၊ မငယ်စသည့် ကျန်းမာဌာနများမှ ဆေးမှူးများနှင့် ဝန်ထမ်းများ၊ နယ်မြေကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာကျေးရွာများမှ အုပ်ချုပ်ရေးမှူးများ ပူးပေါင်းပါဝင်ကာ ရေတွင်းရေကန်များ၊ အဝီစိတွင်းများတွင် ကလိုရင်းဆေးများ ခတ်ပေးခဲ့ကြရာ ဩဂုတ် ၂၂ ရက်တွင် ရေမွေးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ရေတွင်း ၃၆ တွင်း၊ ရေကန် တစ်ကန်နှင့် စက်ရေတွင်း ၂၀၅ တွင်းတို့ကို ဆေးများခတ်ပေးနိုင်ခဲ့ပြီး ဒေသနေပြည်သူများကိုလည်း ရေမသန့်ရှင်းခြင်းကြောင့်ဖြစ်တတ်သောရောဂါများ မဖြစ်ပေါ်စေရန် ပညာပေးခြင်းများကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။
**တင်မြင့်(နတ်တလင်း)**



## လေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေနှင့် အသုံးအဆောင်ပစ္စည်းများပေးအပ်

**မိုင်းဖြတ် ဩဂုတ် ၂၄**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များ ထိခိုက်ပျက်စီးခဲ့သည့် လေဘေးသင့်အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေနှင့် အသုံးအဆောင်ပစ္စည်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနတို့က ဩဂုတ် ၂၂ ရက်က နေအိမ်များအရောက် လိုက်လံထောက်ပံ့ပေးအပ်ခဲ့ကြောင်းသိရသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးလင်းမင်းထွန်းနှင့် မြို့နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှူး ဒေါ်အေးငြိမ်းစံတို့ ဦးဆောင်သည့်အဖွဲ့က လေပြင်းဒဏ်ကြောင့် နေအိမ်လဲပြိုပျက်စီးသွားခဲ့သည့် ဝမ်လုံးကျေးရွာအုပ်စု နားမွန်းကျေးရွာနေ ဦးကျင်ထိုက် မိသားစုအတွက် အသုံးအဆောင်ပစ္စည်းကိုးမျိုးနှင့် ထောက်ပံ့ငွေကျပ် ငါးသောင်းကို ပေးအပ်ခဲ့ပြီး ဝမ်လုံးကျေးရွာအုပ်စုနှင့် နမ့်ကုန်းကျေးရွာအုပ်စုအတွင်းမှ နေအိမ်များ အမိုးလန်ပျက်စီးကာ အကာအရံများ ပျက်စီးသည့် အိမ်ထောင်စု ခုနစ်စုအား တစ်အိမ်ထောင်လျှင် ထောက်ပံ့ငွေကျပ်နှစ်သောင်းစီနှင့် အသုံးအဆောင်ပစ္စည်းလေးမျိုးကို ပေးအပ်ခဲ့ကြသည်။ ထို့အတူ လေပြင်းကြောင့် အမိုးများပျက်စီးသွားခဲ့သည့် နားမွန်းကျေးရွာရှိ ခတ္တိယတပ်ဦးကျောင်းသို့လည်း အလှူငွေကျပ် နှစ်သောင်းကို လှူဒါန်းခဲ့ကြောင်းသိရသည်။
**(မြို့နယ် ပြန်/ဆက်)**

## လေးကေ့ကော်မြို့သစ်တွင် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ကွင်းဆင်းဆောင်ရွက်

**မြဝတီ ဩဂုတ် ၂၄**
ကရင်ပြည်နယ် မြဝတီမြို့ ထီးမယ်ဝါးခီးကျေးရွာရှိ လေးကေ့ကော်မြို့သစ်တွင် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် ကရင်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက ဩဂုတ် ၂၀ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံမှပြန်လည်ဝင်ရောက်လာမည့် မိသားစုများအတွက် ရေရှည်တည်တံ့ခိုင်မြဲသည့် စားဝတ်နေရေးအထောက်အကူဖြစ်စေရန် လေးကေ့ကော်မြို့သစ်၌ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်နိုင်အောင် ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းလှိုင်ဦး၊ မြဝတီခရိုင်ဦးစီးမှူး ဒေါ်သန်းရီ၊ မြို့နယ်ဦးစီးမှူး ဦးသန်းရွှေနှင့် သီးနှံကာကွယ်ရေးဌာနမှ တာဝန်ရှိသူများက လေးကေ့ကော်မြို့သစ်သို့ ကွင်းဆင်း ဆောင်ရွက်ခြင်းဖြစ်ပြီး ထီးမယ်ဝါးခီးကျေးရွာလူကြီး ဦးဌေးမြင့်အောင်နှင့် လေးကေ့ကော်မြို့သစ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ဆောင်ရွက်ရမည့်ကိစ္စများကို ဆွေးနွေးခဲ့သည်။

ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူးက ယခုလက်ရှိတွင် ဒေသတွင်း၌ ပြောင်းများ စိုက်ပျိုးထားသည်ကို တွေ့ရကြောင်း၊ စိုက်ပျိုးရာတွင် မည်သည့်အခက်အခဲများရှိပြီး မည်သို့ကူညီဆောင်ရွက်ပေးရမည်ကို သိရှိလို၍ လာရောက်ခြင်းဖြစ်ကြောင်း ပြောကြားကာ ထီးမယ်ဝါးခီးကျေးရွာနှင့် လေးကေ့ကော်မြို့သစ်မှ တာဝန်ရှိသူများက ပြောင်းသီးနှံပေါ်ချိန်တွင် စိုက်ပျိုးရေးဆိုင်ရာ အခက်အခဲများကို ရှင်းလင်းတင်ပြခဲ့သည်။
**ထိန်လင်းအောင်(ပြန်/ဆက်)**

# ငါးဖမ်းရာသီတွင် အချိန်မီလုပ်ငန်းခွင်ဝင်နိုင်ရန်အတွက် ငါးဖမ်းလုပ်ငန်းရှင်များ ကြိုတင်ပြင်ဆင်လျက်ရှိ

**ရေး ဩဂုတ် ၂၄**
မွန်ပြည်နယ် ရေးမြို့နယ် အစင်စံပြကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် ငါးဖမ်းလုပ်ငန်းများကို စတင်တော့မည်ဖြစ်ရာ အဆိုပါ ငါးဖမ်းရာသီကာလအတွင်း လုပ်ငန်းများ အချိန်မီလုပ်ကိုင်နိုင်ရန်အတွက် ငါးဖမ်းလုပ်ငန်းရှင်များ စတင်ပြင်ဆင်နေကြပြီဖြစ်ကြောင်း သိရသည်။

"ငါးဖမ်းရာသီမှာ လုပ်ငန်းခွင်ဝင်တဲ့ ကျားဖောင်တစ်ဖောင်မှာ ငါးဖမ်းဆက်စပ်ပစ္စည်းတွေ အပါအဝင် ကျပ်သိန်း ၈၀ လောက် ကုန်ကျပါတယ်။ အလုပ်သမားတွေကိုလည်း အခြေခံလစာ တစ်သိန်းခွဲက နှစ်သိန်းခွဲအထိအပြင် အကျိုးအမြတ်အပေါ်မှာလည်း ရာခိုင်နှုန်းထပ်ပေးတယ်။ အဓိကကတော့ ရာသီဥတုနဲ့ အလုပ်သမားတွေအပေါ်မှာ မူတည်ပါတယ်။ လုပ်ငန်းတွေ အောင်မြင်တဲ့သူတွေရှိသလို အရှုံးပေါ်ပြီး လုပ်ငန်းကိုပါ ရပ်စဲထားလိုက်ရတဲ့ လုပ်ငန်းရှင်တွေရှိပါတယ်"ဟု ငါးဖမ်းလုပ်ငန်းစတင်ရန် ပြင်ဆင်နေသည့် လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ပြီးခဲ့သည့် ငါးဖမ်းရာသီကာလတွင် တရားဝင်ခွင့်ပြုချက်အရ ငါးဖမ်းသည့် ကမ်းနီးကမ်းဝေးငါးဖမ်းရေယာဉ် စုစုပေါင်း အစင်း ၅၇၀ ရှိပြီး ရေလုပ်သားအရေအတွက်မှာ ၂၀၀၀ ဝန်းကျင်ခန့်ရှိခဲ့ကြောင်း၊ လာမည့် ငါးဖမ်းရာသီတွင် ငါးဖမ်းကြမည့် ရေလုပ်သားများမှ လုပ်သားကတ်မရှိသေးသူများအား ငါးလုပ်ငန်းဦးစီးဌာနက ကြီးကြပ်စစ်ဆေးခြင်းများ ပြုလုပ်သွားမည်ဖြစ်သလို လုပ်ငန်းရှင်များအနေဖြင့် လိုင်စင်မဲ့ငါးဖမ်းခြင်း မရှိစေရန်အတွက်လည်း တားမြစ်စစ်ဆေးသွားမည်ဖြစ်ကြောင်း မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်မင်းဦး၏ ပြောကြားချက်အရ သိရသည်။
**နေမျိုးထွဋ်(ရေး)**



ငါးဖမ်းလုပ်ငန်းတွင် အသုံးပြုမည့် ဖောင်တစ်စင်းကို ပြင်ဆင်ထားစဉ်

## ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းသင်တန်း (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၌ ဖွင့်လှစ်

**မူဆယ် ဩဂုတ် ၂၄**
ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့၌ ကုန်သွယ်မှုလွယ်ကူလျင်မြန်စေရေးနှင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်နေသည့် ကုမ္ပဏီများ၊ ကုမ္ပဏီကိုယ်စားလှယ်များအနေဖြင့် လုပ်ငန်းကျွမ်းကျင်မှုရှိစေရေးအတွက် ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းသင်တန်းကို မူဆယ်-နမ့်ခမ်း ကုန်သွယ်ရေး ကုန်သည်အသင်းရုံးခန်းမ၌ ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း သိရသည်။

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တာဝန်ခံ ညွှန်ကြားရေးမှူး ဦးသိန်းထွန်းဦးက မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်ကုန်သွယ်မှုပြုရာတွင် ကုန်သွယ်မှုပမာဏသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လျက်ရှိကြောင်း၊ အိမ်နီးချင်း လေးနိုင်ငံနှင့် နယ်စပ်ကုန်သွယ်မှုပြုနေသည့်အနက် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုပမာဏမှာ အများဆုံးဖြစ်ပြီး မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်သည် အဓိကအကျဆုံးနှင့် ကုန်သွယ်မှုအများဆုံး ကုန်သွယ်ရေးဇုန်ကြီးဖြစ်ကြောင်း၊ နယ်စပ်ကုန်သွယ်မှု များလာသည်နှင့်အမျှ ကုန်သွယ်မှုဆောင်ရွက်ကြသော ကုမ္ပဏီပိုင်ရှင်များ၊ ကုမ္ပဏီကိုယ်စားလှယ်များအနေဖြင့် ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ဥပဒေများကို နားလည်သဘောပေါက်ထားရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ နယ်စပ်ကုန်သွယ်ရေး၏ ၈၀ ရာခိုင်နှုန်းခန့်ကို ဆောင်ရွက်နေသော (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ကြီးတွင် ကုန်သွယ်လုပ်ကိုင်နေကြသော ကုမ္ပဏီပိုင်ရှင်များ၊ ကိုယ်စားလှယ်များအနေဖြင့် ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပိုမိုနားလည်သဘောပေါက်စေရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနက ဦးစီး၍ ကုန်သွယ်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းသင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းတွင် ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်ခြင်း(မူဝါဒ)၊ ပို့ကုန်/သွင်းကုန် လုပ်ထုံးလုပ်နည်းနှင့် ကုန်သွယ်မှုဆိုင်ရာ မူဝါဒဖြေလျှော့ထားမှုများ၊ ITC ကတ်ဖြင့် ပို့ကုန်/သွင်းကုန် လုပ်ငန်းဆောင်ရွက်ခြင်း၊ ပို့ကုန်/သွင်းကုန် လိုင်စင်လျှောက်ထားရာတွင် ပါဝင်ရမည့်အချက်များနှင့်လိုင်စင်ထုတ်ဝေခြင်း၊ အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ်များ(ဒေသအတွင်း)၊ MOCTT Application For E-Government(နည်းပညာ)၊ ကုမ္ပဏီများ မှတ်ပုံတင်ခြင်းနှင့် သက်တမ်းတိုးခြင်း(စီမံ/ဘဏ္ဍာ)၊ HSCode အကြောင်းသိကောင်းစရာ(အကောက်ခွန်)၊ Custom Valuation(အကောက်ခွန်)၊ မြန်မာ့စီးပွားရေးဆိုင်ရာ ဘာသာရပ်၊ ပြည်တွင်းအခွန် ဦးစီးဌာန ဘာသာရပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန ဘာသာရပ် စသည့်ဘာသာရပ်များကို သင်ကြားပို့လျက်ရှိကြောင်း သိရသည်။

"အခုလိုကုန်သွယ်မှုဆိုင်ရာ ဘာသာရပ်တွေကိုသင်ကြားပေးခြင်းအားဖြင့် မူဆယ်နယ်စပ်မှာ ပို့ကုန်/သွင်းကုန်လုပ်ငန်းကို ဆောင်ရွက်နေကြတဲ့ ကုမ္ပဏီကိုယ်စားလှယ်တွေဟာ နယ်စပ်ပို့ကုန်/သွင်းကုန်(Border Trade) နည်းလမ်းသာမက ပင်လယ်ရေကြောင်းကနေတင်ပို့တင်သွင်းရတဲ့နည်းလမ်းတွေ၊ ဥပဒေတွေနဲ့ ဆောင်ရန် ရှောင်ရန် ကိစ္စရပ်တွေအပြင် နိုင်ငံတကာမှာ ကျင့်သုံးနေတဲ့စနစ်တွေကိုလည်း သိရှိနိုင်မှာဖြစ်တဲ့အတွက် အခုလို သင်တန်းများကို အခါအားလျော်စွာဖွင့်လှစ်သင့်ပါတယ်"ဟုသင်တန်းတက်ရောက်သူတစ်ဦးက ပြောသည်။

သင်တန်းသို့ ကုမ္ပဏီလုပ်ငန်းရှင်များ၊ ကုမ္ပဏီ ကိုယ်စားလှယ်များနှင့် ရပ်ကွက်/ကျေးရွာများမှ သင်တန်းတက်ရောက်လိုသူများ တက်ရောက်လျက်ရှိပြီး သင်တန်းကို ဩဂုတ် ၁၅ ရက်မှ ၂၆ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။
**သန့်ဇင်(မူဆယ်)**



**ရှမ်းပြည်နယ် နမ့်ခမ်းမြို့ မြို့မဈေးအတွင်းရှိ ကုန်စုံဆိုင်များတွင် ရောင်းချနေသော အိုင်အိုဒင်းဆားထုပ်များတွင် သတ်မှတ်အိုင်အိုဒင်းပမာဏ ပါဝင်ခြင်း ရှိ မရှိနှင့် အရည်အသွေးပြည့်မီခြင်း ရှိ မရှိကို မြို့နယ်ကျန်းမာရေး ဦးစီးဌာနနှင့် မြို့နယ် စည်ပင်သာယာရေးဌာနတို့မှ တာဝန်ရှိသူများ ပူးပေါင်း၍ ဩဂုတ် ၂၂ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။**
ဉာဏ်မင်း(နမ့်ခမ်း)

# ကမ်းစပ်နှင့်ရေလှိုင်း (အပိုင်း-၃)

## သိပ္ပံစာရေးဆရာကိုကိုအောင်

ကမ်းစပ်နှင့်ရေလှိုင်းသည် ခွဲခြား၍မရဘဲ အမြဲသဖြင့် ဒွန်တွဲလျက်ရှိနေကြရာ၌ လှိုင်းတို့၏ ရိုက်ပုတ်မှုကြောင့် ကမ်းခြေ၏ နယ်နိမိတ်နှင့် တည်နေပုံတို့မှာ အစဉ်ထာဝရ ပြောင်းလဲလျက်ရှိနေကြသည်။ ကြီးမားသော ကုန်းမြေထုကြီး၏ အစွန်အဖျားနေရာများဖြစ်ကြသော ကမ်းခြေဒေသများသည်ပင်လျှင် လှိုင်းတို့၏ ရိုက်ပုတ်မှုဒဏ်ကြောင့် အချိန်နှင့်အမျှ တည်နေပုံများ ပြောင်းလဲနေကြရသည်ဖြစ်ရာ သမုဒ္ဒရာရေပတ်လည်ဝန်းရံလျက်ရှိနေကြသော ကျွန်းစုများနှင့် ကျွန်းငယ်ကလေးများသည်ကား ဆိုဖွယ်ရာမရှိတော့ပြီ ဖြစ်သည်။

ကမ်းခြေသောင်ပြင်များနှင့် ပင်လယ်ကမ်းနဖူးတို့ကို တတိတိတိုက်စားလျက် ရိုက်ပုတ်ဖျက်ဆီးနေကြသော လှိုင်းတံပိုးကြီးများထဲတွင် သမုဒ္ဒရာနှင့် ပင်လယ်ကြမ်းပြင်များ၌ ဖြစ်ပေါ်သည့် ငလျင်ကြီးများ၊ မြေပြိုမှုကြီးများနှင့် ကျွန်းများပေါ်ရှိ မီးတောင်ပေါက်ကွဲမှုကြီးများကြောင့် ထကြွလာသော ရေမလှိုင်းတံပိုးကြီးများလည်း ပါဝင်နေကြသည်။ ရေအောက်ငလျင်နှင့် မြေပြိုမှုများကြောင့်ဖြစ်ပေါ်သော လှိုင်းတံပိုးကြီးများသည် ခုတ်မောင်းသွားလာနေကြသော ပင်လယ်ကူးသင်္ဘောကြီးများကို လူးရုံလွန့်ရုံမျှသာ ဖြစ်စေသော်လည်း ကမ်းခြေများသို့ ရောက်ရှိလာချိန်၌မူ အကြီးအကျယ် ဖျက်ဆီးပစ်လေ့ရှိကြသည်။

၁၇၅၅ ခုနှစ်က လစ္စဘွန်းမြို့ငလျင်ကြောင့် ကာဒစ်မြို့၏ ဆိပ်ကမ်းတွင် ပုံမှန်ဒီရေလှိုင်းများထက် ၁၆ မီတာ ပို၍ မြင့်သော လှိုင်းတံပိုးကြီးများ တလိပ်လိပ်တက်လာခဲ့ဖူးသည်။ ထိုလှိုင်းတံပိုးကြီးများသည် ၉ နာရီကျော်မျှ အချိန်အတွင်းမှာပင် အတ္တလန္တိတ်သမုဒ္ဒရာကြီးတစ်ခုလုံးကို ဖြတ်သန်းကျော်လွှားကာ အနောက်အိန္ဒိယကျွန်းစုသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့ကြသည်။

ထို့အတူ ၁၈၆၈ ခုနှစ်က တောင်အမေရိကတိုက် အနောက်ဘက်ခြမ်းရှိ ကီလိုမီတာ ၄၈၀၀ ကျော်မျှ ရှည်လျားသည့် ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် အင်အားပြင်းငလျင်ကြီး လှုပ်ခတ်ပြီးနောက် ပစိဖိတ်သမုဒ္ဒရာရေပြင်ကြီး ရုတ်တရက် နိမ့်ဆင်းသွားခဲ့ရာ ကမ်းရိုးတန်းအနီး ကျောက်ချထားသော သင်္ဘောများမှာ အောက်သို့နိမ့်ဆင်းသွားပြီး သောင်တင်သွားခဲ့ကြသည်။ မကြာမီမှာပင် ငလျင်ရေလှိုင်းကြီးများက အင်အားကြီးမားစွာဖြင့် ကမ်းခြေသို့ အလုံးအရင်းနှင့် ဝင်ရောက်လာရာ သောင်တင်နေသော သင်္ဘောများအားလုံး ကျောက်ကြိုးပြတ်ပြီး ကုန်းတွင်းပိုင်းသို့ မျောပါ ရောက်ရှိသွားကြပြန်သည်။ ငလျင်ရေလှိုင်းထကြွမှု ငြိမ်သွားသည့်အခါ၌မူ သင်္ဘောများက ကုန်းတွင်း၌ တင်ကျန်ရစ်ခဲ့ကြတော့သည်။

အလားတူပင် ၁၈၆၉ ခုနှစ်ကလည်း ပီရူးငလျင်ကြီးကြောင့် ငလျင်လှိုင်းတံပိုးကြီးများထကြွကာ ကမ်းခြေဒေသသို့ အရှိန်ပြင်းစွာဖြင့် ရိုက်ခတ်မှုကြောင့် ကမ်းခြေအနီး ရေတိမ်ပိုင်း၌ ခုတ်မောင်းနေသော အမေရိကန်ရေတပ်သင်္ဘောများ ကုန်းတွင်းသို့ မျောပါရောက်ရှိကာ ကုန်းပေါ်၌တင်ကျန်ရစ်ခဲ့ကြသည်။ ကြီးမားသော ထိခိုက်ပျက်စီးမှုများကြောင့် ရေချ၍ မရတော့သော အဆိုပါစစ်သင်္ဘောများသည် ကုန်းပေါ်၌ ၉ နှစ်ကြာ တင်ကျန်နေရာမှ ထပ်မံဖြစ်ပေါ်လာသော ငလျင်လှိုင်းတံပိုးကြီးများက ထပ်ဆင့်တွန်းပို့ခဲ့ကြပြန်ရာ ကမ်းစပ်နှင့် အလွန်ဝေးသော ကုန်းတွင်းဒေသများအထိ ရောက်ရှိသွားခဲ့ကြသည်။ မီတာ ၃၀ နီးပါး မြင့်မားသော ကြောက်မက်ဖွယ်ကောင်းသည့် ငလျင်ရေလှိုင်းကြီးများသည် အမေရိကန်စစ်သင်္ဘောများကို ဌာနေသို့ပြန်ခွင့်မရအောင် ဖန်တီးလုပ်ဆောင်ပေးလိုက်ကြခြင်းပင် ဖြစ်သည်။

ရေအောက်မြေပြိုမှုကြောင့် ငလျင်လှုပ်သည့်အခါမျိုး၌လည်း ရေမလှိုင်းတံပိုးကြီးများ ထကြွဖြစ်ပေါ်လာလေ့ရှိသည်။ ၁၉၄၆ ခုနှစ် ဧပြီလက ဟာဝိုင်ယီကျွန်းအနီးရှိ ရေအောက်ချောက်ကမ်းပါးများ ပြိုကျမှုကြောင့် ရေအောက်ငလျင်ကြီး ဖြစ်ပေါ်ခဲ့သည်။ အဆိုပါ ရေအောက်ငလျင်၏ အရှိန်ကြောင့် ဟာဝိုင်ယီကျွန်းကမ်းခြေမှရေများ ဝေးရာသို့ ဆုတ်သွားခဲ့ရာ ပုံမှန်ကြားနေကျ လှိုင်းပုတ်သံများ မကြားရတော့သည့် ဟာဝိုင်ယီကျွန်းသူကျွန်းသားတို့ အံ့ဩထိတ်လန့်တုန်လှုပ်သွားခဲ့ကြသည်။

များမကြာမီ၌ပင် ပုံမှန်ဒီရေလှိုင်းများထက် ၈ မီတာခန့် ပို၍မြင့်သော ငလျင်လှိုင်းတံပိုးကြီးများက ဟာဝိုင်ယီကျွန်းကို အင်အားပြင်းထန်စွာဖြင့် ရိုက်ပုတ်တော့သည်။ ကြိုတင်ပြင်ဆင်မထားသော ဟာဝိုင်ယီကျွန်းသူကျွန်းသားတို့က ရေဘေးလွတ်ရာသို့ ပြေးလွှားရှောင်တိမ်းရန် ကြိုးစားစဉ်မှာပင် လှိုင်းတံပိုးကြီးများ အောက် ရောက်ရှိသွားကြတော့သည်။

ထို့နောက် တဖြည်းဖြည်း အင်အားလျော့ကျသွားသော ငလျင်လှိုင်းတံပိုးကြီးများသည် ကုန်းတွင်းမှဆုတ်ခွာကာ ကမ်းစပ်သို့ ပြန်လည်ရောက်ရှိသွားကြသည်။ ကမ်းခြေမှ သမုဒ္ဒရာရေပြင်ဆီသို့ ပြန်ဆုတ်သွားသော ဒီရေကျသံကြီးမှာ အလွန်ကျယ်လောင်စွာ မြည်ဟည်းသွားသည့်အတွက် စိတ်ချောက်ချားတုန်လှုပ်ဖွယ် ကောင်းလှသည်။ ဒီရေကျသွားပြီးနောက် ကမ်းခြေတစ်ခွင်တစ်ပြင်လုံး၌ ရွှံ့ညွန်ပြင်ကြီးမှာ မျက်စိတစ်ဆုံး တင်ကျန်ရစ်ခဲ့သည်။ ဆိပ်ခံဇေတံတားများ အပါအဝင် ကမ်းခြေတစ်လျှောက်ရှိ ပစ္စည်းကြီးငယ်တို့မှာ မြင်၍မကောင်းအောင်ပင် ပြိုလဲပျက်စီးကုန်ကြတော့သည်။ ကျွန်းပေါ်မှ အဆောက်အဦများ၊ အသုံးအဆောင်ပစ္စည်းများ၊ ကျောက်တုံးကျောက်ခဲကြီးများနှင့်အတူ ကျွန်းသူကျွန်းသားအများအပြားတို့သည် ပြန်ကျသွားသော လှိုင်းတံပိုးများနှင့်အတူ သမုဒ္ဒရာအတွင်းသို့ မျောပါသွားကြသည်။

မျောပါသွားသူများကို ဆယ်ယူကယ်တင်နိုင်ရန်အတွက် လေယာဉ်နှင့် ရဟတ်ယာဉ်များက သမုဒ္ဒရာရေပြင်ပေါ်သို့ အသက်ကယ်လှေနှင့် ဖောင်များချပေးနိုင်ခဲ့သည့်အတွက် အသက်သေဆုံးရမှုမှာ များစွာလျော့ပါးသက်သာခဲ့သည်။ အဆိုပါ ရေအောက်ချောက်ကမ်းပါးကြီး ပြိုကျမှုကြောင့် ဖြစ်ပေါ်လာသော ငလျင်လှိုင်းတံပိုး အစုအဝေးကြီးသည် အလွန်ပင်ကြီးမားကျယ်ပြန့်ကာ တစ်နာရီလျှင် ကီလိုမီတာ ၇၅၀ အမြန်နှုန်းဖြင့် ရွေ့လျားမှုကြောင့် ကီလိုမီတာ ၁၃၀၀၀ ခန့်ဝေးသော တောင်အမေရိကတိုက်ရှိ ချီလီနိုင်ငံဗာလ်ပါရေဆိုမြို့ကမ်းခြေဆီသို့ ၁၈ နာရီအတွင်းမှာပင် ဆိုက်ရောက်သွားခဲ့သည်။

ကျွန်းများပေါ်ရှိ မီးတောင်ပေါက်ကွဲမှုကြောင့်လည်း အလွန်ကြီးမားသော လှိုင်းတံပိုးကြီးများ ထကြွဖြစ်ပေါ်လာတတ်သည်။ ဆူမတြားနှင့် ဂျာဗားကျွန်းအကြားရှိ ဆန်းဒါးရေလက်ကြားဒေသ၌ ပေ ၁၄၀၀ မြင့်သော ကာရာကာတိုအမည်ရှိ ကျွန်းတစ်ကျွန်း တည်ရှိခဲ့ရာ ထိုကျွန်းပေါ်ရှိ မီးတောင်ကြီးသည် ၁၈၈၃ ခုနှစ် ဩဂုတ် ၂၇ ရက်က ပေါက်ကွဲခဲ့သည်။ မီးတောင်ဝမှ အခိုးအငွေ့များ ကာလကြာရှည်စွာထွက်ပေါ်နေရာမှ အဆိုပါနှစ် ဩဂုတ်လတွင် ချော်ရည်ပူဆူပွက်သံကြီးများ ထွက်ပေါ်လာကာ ဩဂုတ် ၂၇ ရက်တွင် အင်အားပြင်းထန်စွာဖြင့် ပေါက်ကွဲခဲ့သည်။

နောက်နှစ်ရက်အကြာတွင် အဆိုပါမီးတောင်ကြီးနှင့်အတူ ကျွန်းကြီးတစ်ခုလုံး ပေါက်ကွဲခဲ့ရာ ပေ ၁၄၀၀ မြင့်သော ကာရာကာတိုကျွန်းကြီးသည် သမုဒ္ဒရာရေအောက် ပေ ၁၀၀၀ ကျော်ထိတိုင် နိမ့်ဆင်းနစ်မြုပ်သွားကာ ကမ္ဘာ့မြေပုံပေါ်မှ အပြီးတိုင်ပျောက်ကွယ်သွားခဲ့သည်။ မီးတောင်ပေါက်ကွဲမှု အရှိန်ကြောင့် သမုဒ္ဒရာရေပြင်ပေါ်၌ မီတာ ၃၀ ကျော်မြင့်မားသော ရေမလှိုင်းတံပိုးကြီးများ ထကြွဖြစ်ပေါ်ကာ ထိုလှိုင်းတံပိုးကြီးများသည် ပစိဖိတ်သမုဒ္ဒရာကို ဖြတ်သန်းပြီး တောင်အမေရိကတိုက်ရှိ ချီလီနိုင်ငံ ကိပ်ဟွန်းအငူကို အင်အားပြင်းထန်စွာဖြင့် ရိုက်ခတ်သည်။ ကြောက်မက်ဖွယ်ကောင်းလှသည့် အဆိုပါ လှိုင်းတံပိုးကြီးများသည် ထိုမှတစ်ဆင့် ကိပ်ဟွန်းအငူကို ကွေ့ပတ်ပြီး အတ္တလန္တိတ်သမုဒ္ဒရာကို ဆက်လက်ဖြတ်သန်းကာ အင်္ဂလိပ်ရေလက်ကြားထိတိုင် ရောက်ရှိသွားသည်။

ကာရာကာတို ကျွန်းပေါ်ရှိ မီးတောင်ပေါက်ကွဲမှုသည် ဟိုက်ဒရိုဂျင်ဗုံး အလုံး ၃၀ ၏ ပေါက်ကွဲအားနှင့်ညီမျှပြီး ကမ္ဘာ့သမိုင်း၌ အကျယ်လောင်ဆုံးသော မြည်ဟည်းသံကြီးကို ထွက်ပေါ်လာစေသည်။ ထိုပေါက်ကွဲသံကြီးကို ကီလိုမီတာ ထောင်ချီ၍ဝေးလံသော ဩစတြေးလျ ကုန်းတွင်းပိုင်း ဒေသများနှင့် အိန္ဒိယသမုဒ္ဒရာအတွင်းရှိ မာဒါဂါစကာကျွန်းများကပင် အတိုင်းသား ကြားကြရသည်။ ကျွန်းကြီးတစ်ကျွန်းလုံးကို တစ်စစီကြေမွသွားစေကာ ရေအောက်သို့ စုံးစုံးမြုပ်သွားစေခဲ့သော မီးတောင်ပေါက်ကွဲမှုကြီးကြောင့် ဖြစ်ပေါ်လာသော လှိုင်းတံပိုးကြီးများသည် အခြားသောလှိုင်းတံပိုးများနှင့် မတူကွဲပြားနေသည့် အချက်တစ်ချက်မှာ တန်ချိန်များစွာသော ချော်ရည်ပူများ ရောနှောနေသောကြောင့် အလွန်ပူလောင်နေခြင်းပင်ဖြစ်သည်။

ရေလှိုင်းများနှင့် ပတ်သက်လာလျှင် ကမ်းခြေသို့ ရိုက်ပုတ်လာသော လှိုင်းအမျိုးမျိုးတို့ကသာ အန္တရာယ်ပေးနိုင်သည် မဟုတ်ဘဲ ပင်လယ်ဒီရေနှင့် မြစ်ချောင်းတို့၏ ရေစီးကြောင်းများ ထိပ်တိုက်တွေ့ဆုံရာမှ ဖြစ်ပေါ်လာသော လှိုင်းငယ်များကလည်း အန္တရာယ်ရှိနိုင်သည်ကို သတိပြုသင့်ကြသည်။ ပင်လယ်အတွင်းသို့ စီးဝင်သော မြစ်ချောင်းများကြောင့် မြစ်ဝ၌ ပေါ်ပေါက်တတ်သော လှိုင်းများသည်လည်း လှိုင်းကြက်ခွပ်ဟု ခေါ်ဆိုရမည့် လှိုင်းအသေးစားကလေးများပင် ဖြစ်လင့်ကစား ထိုလှိုင်းကြက်ခွပ်ကလေးများက လှေ၊ သမ္ဗန်နှင့် သင်္ဘောများကို အန္တရာယ်ကျရောက်စေနိုင်သည်။

ပင်လယ်ဒီရေ တက်လာချိန်တွင် ထိုဒီရေဦးတည်ရာလမ်းကြောင်းနှင့် ဆန့်ကျင်ပြီး မြစ်ဝမှတစ်ဆင့် ပင်လယ်ထဲသို့ စီးဝင်လာသော မြစ်ရေစီးကြောင်းများသည် မြစ်ဝရေပြင်ပေါ်၌ လှိုင်းကြက်ခွပ်ကလေးများကို ဖြစ်ပေါ်လာစေသည်ဖြစ်ရာ ထိုနေရာမျိုး၌ ပဲ့ကိုင်ထိန်းချုပ်ပုံ ကျွမ်းကျင်မှုမရှိပါက ကျောက်ဆောင်နှင့် တိုက်မိခြင်း၊ ကျောက်ဆောင်ပေါ်တင်သွားခြင်းတို့မှသည် တိမ်းမှောက်သွားသည်အထိပင် ဖြစ်ပွားနိုင်ခြေရှိသည်။

သာဓကအားဖြင့် စကော့တလန်နိုင်ငံ၏ ပင်လယ်ကမ်းမြောင်ဒေသအတွင်းသို့ ဝင်ရောက်ဖြတ်သန်းမည့် သင်္ဘောများ အနေဖြင့် ကမ်းမြောင်အတွင်း၌ လှိုင်းကြက်ခွပ်များနှင့် ထိပ်တိုက်ရင်မဆိုင်ရမီကတည်းက အစစအရာရာ ကြိုတင်ပြင်ဆင်ထားကြရသည်။ အသင့်ပြင်ဆင်မှုမရှိဘဲ ရုတ်တရက်ကြုံတွေ့လာသည့်အခါမှ သင်္ဘောကိုထိန်းချုပ်ရန် ကြိုးစားမည်ဆိုလျှင် အလွန်နောက်ကျသွားလိမ့်မည် ဖြစ်သည်။ သို့ရာတွင် မြစ်ဝ၊ ပင်လယ်ဝနှင့် ပင်လယ်ကမ်းမြောင်ဒေသများ၌ ဖြစ်ပေါ်တတ်သော လှိုင်းကြက်ခွပ်များသည် ဒီရေပြန်ကျသွားချိန်၌ လုံးဝငြိမ်သက်သွားကြသည့်အတွက် ထိုအခါမျိုး၌ သင်္ဘောများအတွက် အန္တရာယ်မရှိနိုင်တော့ပေ။

ဂျပန်ဘာသာ ဝေါဟာရအနေဖြင့် ဆူနာမီဟုခေါ်တွင်သော ကြီးမားသည့် လှိုင်းတံပိုးကြီးများသည်လည်း ကမ်းခြေဒေသများအတွက် အလွန်အန္တရာယ်ကြီးသော လှိုင်းများပင် ဖြစ်ကြသည်။ ပင်လယ်နှင့် သမုဒ္ဒရာကြမ်းပြင်ကို ဗဟိုပြု၍ သို့တည်းမဟုတ် ယင်းတို့နှင့် နီးကပ်သော နေရာများကို ဗဟိုပြု၍လှုပ်ခတ်သော အင်အားပြင်း ငလျင်ကြီးများကြောင့် ရေအောက်ကြမ်းပြင်၌ ကွဲအက်မှုဖြစ်ပေါ်သည့်အခါ အနီးရှိရေထုကြီးက အက်ကွဲကြောင်းကြီးအတွင်းသို့ သက်ဆင်းကျရောက်သွားကြရသည်။ ထိုအခါ မျက်နှာပြင် နိမ့်ဆင်းသွားသော ရေထုဆီသို့ ဝေးရာအရပ်မှ ရေထုကြီးက အစားထိုးဝင်ရောက်လာကြသည့်အခါ ဆူနာမီ ဖြစ်ပေါ်လာသည်။

ဆူနာမီလှိုင်းတံပိုးကြီးများသည် ကီလိုမီတာ ၁၀၀ မျှ ကျယ်ပြန့်ပြီး ရွေ့လျားနှုန်းကလည်း ဘိုးရင်းလေယာဉ်၏ အမြန်နှုန်းတမျှ ရှိကြသည်။ တစ်နာရီလျှင် ကီလိုမီတာ ၈၀၀ နှုန်းမျှအထိ မြန်ဆန်လှသော ဆူနာမီလှိုင်းတံပိုးကြီးများ၏ ရွေ့လျားသံကို လူတို့၏နားက မကြားရနိုင်သည့်အတွက် လှိုင်းလုံးကြီးများ ကမ်းခြေသို့ဆိုက်ရောက်လာမှသာ သိရှိကြ လေ့ရှိသည်။ သိလိုက်ချိန်တွင် မည်သည့်နည်းနှင့်မျှ ထွက်ပြေး လွတ်မြောက်ရန် မဖြစ်နိုင်တော့ဘဲ ရေနစ်သေဆုံးကြရ တော့သည်။ ထို့ကြောင့်ပင် ပင်လယ်ကမ်းစပ်နှင့် အနီးတစ်ဝိုက်၌ နေထိုင်ကြသူများအနေဖြင့် ဆူနာမီသတိပေးချက်များကို အချိန်နှင့်အမျှ သတိတရနားစွင့်နေကြရမည်သာဖြစ်သည်။

၁၉၆၀ ပြည့်နှစ်တွင် ချီလီနိုင်ငံ ရေအောက်ငလျင်ကြီးကြောင့်ဖြစ်ပေါ်သော ဆူနာမီလှိုင်းတံပိုးကြီးများသည် ပစိဖိတ်သမုဒ္ဒရာကြီးကို ဖြတ်သန်းကာ ဂျပန်နိုင်ငံ ဟွန်ရှူးဒေသမြောက်ပိုင်းကမ်းခြေများဆီသို့ ဆိုက်ရောက်သွားခဲ့သည့်အတွက် လူပေါင်း ၁၃၀ သေဆုံးခဲ့ကြရသည်။ ၁၉၆၄ ခုနှစ်ကလည်း အမေရိကန်ပြည်ထောင်စု အလာစကာပြည်နယ်၌ လှုပ်ခတ်သောငလျင်ကြီးကြောင့် ကယ်လီဖိုးနီးယားကမ်းခြေသို့ ဆူနာမီလှိုင်းတံပိုးများရိုက်ခတ်ကာ လူ ၁၂၀ နီးပါး အသက်ဆုံးရှုံးခဲ့ကြရသည်။ အလားတူပင် ၁၉၉၈ ခုနှစ်ကလည်း ပါပူဝါနယူးဂီနီကမ်းလွန်၌ ရေအောက်ငလျင်ကြီး လှုပ်ခတ်ရာ ဆူနာမီလှိုင်းတံပိုးကြီးများ၏ ရိုက်ခတ်မှုကြောင့် ပါပူဝါနယူးဂီနီကမ်းခြေဒေသများ၌ နေထိုင်သော လူပေါင်း ၂၀၀၀ ခန့် ရေနစ်သေဆုံးခဲ့ကြရသည်။

၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်က အင်ဒိုနီးရှားနိုင်ငံ ဘန်ဒါအာချေးဒေသ၌ လှုပ်ခဲ့သောအင်အားပြင်း ငလျင်ကြီးကြောင့် ဖြစ်ပေါ်လာသော ဆူနာမီလှိုင်းတံပိုးကြီးများသည် အင်ဒိုနီးရှား၊ အိန္ဒိယ၊ သီရိလင်္ကာ၊ မလေးရှား၊ ထိုင်း၊ မြန်မာ၊ ဘင်္ဂလားဒေ့ရှ်နှင့် ဆိုမာလီယာနိုင်ငံတို့၏ ကမ်းခြေအချို့ကို ရိုက်ခတ်ခဲ့သည်။ ရစ်ချ်တာစကေး ၉ ဒသမ ၈ ရှိသော ဘန်ဒါအာချေးငလျင်သည် နှစ်ပေါင်းလေးဆယ်အတွင်း ကမ္ဘာ့အင်အားအကြီးမားဆုံး ငလျင်ကြီးဖြစ်ကာ၊ ထိုငလျင်ကြီးကြောင့်ဖြစ်ပေါ်သော ဆူနာမီလှိုင်းတံပိုးကြီးများကြောင့် တောင်အာရှဒေသတွင် လူပေါင်း ၂၈၀၀၀၀ ကျော် သေဆုံးခဲ့ကြရသည်။

အိန္ဒိယနိုင်ငံတစ်ခုတည်း၌ပင် သေဆုံးသူစုစုပေါင်း ၁၆၄၀၀ ကျော်ရှိပြီး ကြီးမားသောပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။ ဆူနာမီလှိုင်းတံပိုးကြီးများသည် ဒီဇင်ဘာလ ၂၆ ရက် နံနက် ၉ နာရီတွင် တမီလ်နာဒူး ပြည်နယ်ကမ်းရိုးတန်းသို့ ရောက်ရှိခဲ့ပြီး၊ နောက် ၄ နာရီအကြာတွင် ကီရာလာဒေသသို့ ရောက်ရှိလာခဲ့ရာ ကီရာလာဒေသတစ်ခုတည်း၌ ကျေးရွာပေါင်း ၁၆၀ ပျက်စီးသွားခဲ့သည်။ ထို့နောက် ချင်းနိုင်းနှင့် နာဂါပက်တီနမ်ဒေသများကိုပါ မွှေနှောက်ဖျက်ဆီးသွားခဲ့သလို သီရိလင်္ကာနိုင်ငံ ကိုလံဘို၊ ထိုင်းနိုင်ငံ ဘမ်နမ်ခမ်နှင့် အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားဒေသများ၌လည်း လူ့အသက်အိုးအိမ်စည်းစိမ်ပျက်စီးဆုံးရှုံးမှုများကို ကြီးမားစွာဖြစ်ပေါ်စေခဲ့သည်။

အင်အားကြီးမားလှသော ဆူနာမီလှိုင်းတံပိုးများ၏ တွန်းတိုက်ရွေ့လျားမှုများကြောင့် အင်ဒိုနီးရှားနှင့် အိန္ဒိယကုန်းမြေများသည် ၁၂ စင်တီမီတာမျှတိုး၍ နီးကပ်သွားခဲ့သည်။ အိန္ဒိယတောင်ပိုင်း ကုန်းမြေများက အရှေ့ဘက်သို့ ရွေ့လျားသွားကာ အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကုန်းမြေများက အနောက်ဘက်သို့ အနည်းငယ်ရွေ့သွားသည့်အတွက် ထိုကဲ့သို့ နီးကပ်သွားခြင်း ဖြစ်သည်။

ဤသည်တို့ကို ထောက်ရှုခြင်းအားဖြင့် ကမ်းခြေသို့ ရိုက်ပုတ်လာသော လှိုင်းတို့၏အရွယ်ပမာဏ၊ ရွေ့လျားရောက်ရှိနှုန်းနှင့် အင်အားတို့အပေါ်မူတည်ပြီး ပင်လယ်ကမ်းစပ်ဒေသများကို သာမောဖွယ်ရာ ကမ်းခြေများအဖြစ် အပန်းဖြေအနားယူချင်စရာ ကောင်းစေသလို ကြောက်မက်ဖွယ်ရာ ကမ်းခြေများအဖြစ်လည်း ဝေးဝေးကရှောင်ချင်စရာ ကောင်းစေနိုင်သည်ကို သတိပြုဆင်ခြင်နိုင်ကြမည် ဖြစ်သည်။

အချုပ်ဆိုရသော် သမုဒ္ဒရာနှင့် ပင်လယ်တို့၏ နယ်နိမိတ်နှင့် ကုန်းမြေတိုက်ကြီးများ၏ နယ်နိမိတ်တို့ဆုံရာဖြစ်သော ကမ်းခြေဒေသနှင့် ကမ်းရိုးတန်းဒေသများ၌ ကမ်းစပ်နှင့် ရေလှိုင်းတို့၏ ထိတွေ့ဆုံစည်းမှုများသည် လူသားတို့ အပါအဝင် သက်ရှိမျိုးစိတ်များနှင့် ကမ္ဘာမြေ၏ အနာဂတ်ကို တစ်မျိုးတစ်ဖုံပြောင်းလဲသွားစေရန် လုပ်ဆောင်လျက်ရှိနေကြပေတော့သည်။



# ကျိုင်းတောင်းမြို့ပေါ်ရပ်ကွက်အတွင်းရှိ ဆေးဆိုင်များအား ကွင်းဆင်းစစ်ဆေး

**ကျိုင်းတောင်း သြဂုတ် ၂၄**

လင်းခေးခရိုင် ကျိုင်းတောင်းမြို့ မြို့ပေါ်ရပ်ကွက်အတွင်းရှိ ဆေးဆိုင်များ၌ ဆိုးကျိုးဖြစ်စေသော ဆေးဝါးများ ရောင်းချခြင်းရှိ မရှိ မြို့နယ်ကျန်းမာရေးဦးစီး ဌာနနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူတို့ ပူးပေါင်း၍ ပြည်သူ့ကျန်းမာရေး ထိန်းသိမ်းမှုအနေဖြင့် သြဂုတ် ၂၂ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။ **(ယာပုံ)**

ထိုသို့စစ်ဆေးရာတွင် မိုးနဲမြို့နယ်ကျန်းမာရေး ဦးစီးမှူး ဒေါက်တာဇင်မီထွန်း၊ ကျိုင်းတောင်းမြို့ ဆေးရုံ တာဝန်ခံဆရာဝန် ဒေါက်တာစည်သူဖေမြင့်၊ လက်ထောက်ဆရာဝန်ဦးအောင်ကျော်စိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်းပြီး ဆေးဆိုင်များရှိ သက်တမ်းလွန်ဆေးဝါးများ၊ ရောင်းချခွင့်မပြုသော တားမြစ်ဆေးဝါးများနှင့် မှတ်ပုံတင်ထားခြင်း မရှိသောဆေးများ ရောင်းချခြင်းရှိ မရှိ ကွင်းဆင်းစစ်ဆေးပြီး မြို့နယ် ဆရာဝန်ဒေါက်တာဇင်မီထွန်းက ဆေးဆိုင်ပိုင်ရှင်များကို ဆေးဝါးဆိုင်ရာ အသိပညာပေး ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။



**(မြို့နယ် ပြန်/ဆက်)**

# လယ်ဝေးမြို့တွင် အဆင့်မြင့်လယ်ယာမြေဖော်ထုတ်ရေး တောင်သူဆွေးနွေးပွဲပြုလုပ်

**နေပြည်တော် သြဂုတ် ၂၄**

လယ်ဝေးမြို့နယ်တွင် IFAD အကူအညီဖြင့် FARM Project စီမံကိန်းဆောင်ရွက်လျက်ရှိရာ အသိပညာပေးစင်တာ knowledge Center-KC ၁၂ လုံး တည်ဆောက်ပြီး တောင်သူပညာပေးလုပ်ငန်းများ တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ သီးနှံသရုပ်ပြကွက်များ ထူထောင်ခြင်းနှင့် ဝင်ငွေတိုးပွားရေး လုပ်ငန်းများကို အဆိုပါ KC များ၌ ဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ တာဝန်ရှိသူများသည် သြဂုတ် ၂၁ ရက် နံနက် ၉ နာရီက ပေါက်မြိုင် KC တွင် အဆင့်မြင့် လယ်ယာဖော်ထုတ်ရေး၊ စနစ်တကျစီမံသောအဖွဲ့များနှင့် အကြိုလုပ်ငန်းများ ဆွေးနွေးညှိနှိုင်းကာ အနာဂတ်တွင် သမအစုအဖွဲ့များ ဖွဲ့စည်းပြီး သီးနှံစိုက်ပျိုးထုတ်လုပ် ရောင်းချနိုင်သည်အထိ ရည်မှန်းချက်ထားဆောင်ရွက်ကြရန်ဆွေးနွေးခဲ့သည်။ ဆက်လက်၍FA-RM Project မှ လယ်ဝေးမြို့ ပေါက်မြိုင်၊ အလယ်ကျွန်း၊ ရေကာအစရှိသည့် ဒေသများတွင် အဆင့်မြင့်လယ်ယာမြေ ဧက ၃၀၀၀ဖော်ထုတ်သွားမည်ဖြစ်ကြောင်းနှင့် ရေအိုးစဉ်မျိုးစေ့ထုတ် စိုက်ကွက်တွင် တောင်သူများနှင့်တွေ့ဆုံပြီး သမဝါယမစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**



**မုံရွာခရိုင် ရဲတပ်ဖွဲ့မှုခင်းအသိပညာပေး ရွေ့လျားစာကြည့်တိုက်ကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သြဂုတ် ၂၂ ရက်မှ စတင်ကာ လူစည်ကားရာ စာသင်ကျောင်း၊ ဈေး၊ ကားဂိတ်တို့တွင် လှည့်လည်ဖွင့်လှစ်စဉ်။**

မျိုးဝင်းထွန်း(မုံရွာ)

## စာဖတ်ရှိန်မြှင့်တင်ရေးနှင့်နယ်လှည့်ဟောပြောပွဲဆောင်ရွက်

**ဗန်းမောက် သြဂုတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ကျွဲကောကြီးကျေးရွာအုပ်စု ကျွဲကောကြီးကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းအစည်းအဝေးခန်းမ၌ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ဟောပြောပွဲကို သြဂုတ် ၁၉ ရက် နံနက်က ကျင်းပခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ချောစုထွေးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်မေသူဟန်က ပညာသည် လူ့တန်ဖိုးခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဗွဲမလျော့စတမ်းဆိုသည့် မိတ်ဆွေ သုံးဦး အကြောင်းပုံပြင်ကိုလည်းကောင်း ဟောပြောခဲ့သည်။

ထို့နောက်မူလတန်းနှင့် အလယ်တန်းကျောင်းသားကျောင်းသူလေးများကို မူးယစ်ဆေးဝါးနံရံကပ်စာစောင်များ၊ ဓာတ်ပုံပြပွဲနှင့် စာဖတ်ဝိုင်းများကို ပြုလုပ်ခဲ့ပြီး ကျောင်းသားကျောင်းသူလေးများတစ်ဦးချင်းစီ၏ စာဖတ်စွမ်းရည်ပြိုင်ပွဲပြုလုပ်ပေးခဲ့ရာ ဆုရကျောင်းသားကျောင်းသူများကို ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်စွာ(ဗန်းမောက်)**

## မှုခင်းသတင်းအတိုအထွာ

**နေပြည်တော်**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့ မြို့မအနောက်ရပ်ကွက် ၁၃ လမ်းရှိ လက်ဖက်ရည်ဆိုင်တွင် ဘောလုံးပွဲလောင်းကစား လာရောက်ပြုလုပ်နေကြောင်း သတင်းအရ သြဂုတ် ၂၁ ရက် နံနက် ၇ နာရီခွဲက မြစ်သားမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်ဖမ်းဆီးရာ ရှမ်းလေး (ခ)ဇော်ထွေးအောင်(၃၆)နှစ်အား ဘောလုံးပွဲလောင်းကစား ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေ ၁၅၆၄၀၀ တို့နှင့် အတူဖမ်းဆီးရမိခဲ့သဖြင့် ၎င်းအား မြစ်သားမြို့မရဲစခန်းမှအမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

---

**မိုင်းခတ်**

မိုင်းခတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သြဂုတ် ၂၀ ရက်က မိုင်းခတ်မြို့နယ် မိုင်းဟန်ကျေးရွာအုပ်စု နမ့်ပိ(လွယ်)ကျေးရွာ-ဝမ်လျှိုကျေးရွာသွား လမ်းပေါ်တွင် ဝမ်လျှိုကျေးရွာဘက်မှ နမ့်ပိ(လွယ်)ကျေးရွာဘက်သို့ လာမှု မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၉၂ ပြား ကို ဖမ်းဆီးရမိသည်။ အလားတူ မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သြဂုတ် ၂၁ ရက်က နောင်ချိုမြို့အဝင် အိုရီယမ်တယ် တိုးဂိတ်အနီးတွင် လားရှိုးမှ ရန်ကုန်သို့ ထွက်ခွာလာသည့် ခရီးသည်တင် မှန်လုံယာဉ်ကို ရှာဖွေရာ ခရီးသည် လှကြည်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀ ပြားကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**ကိုရဲ**

---

**ကောလင်း**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ် လက်ပံခုံကျေးရွာတွင် တူမီးသေနတ်ကိုင်ဆောင်၍ ကျေးရွာအတွင်းသောင်းကျန်းနေသူတစ်ဦး ဖမ်းမိခဲ့ကြောင်း သိရသည်။ ညဏ်သောင်း(ခ)မောင်ချိုဆိုသူသည် သြဂုတ် ၂၀ ရက်က တူမီးသေနတ်တစ်လက်ကိုင်ဆောင်ပြီးကျေးရွာအတွင်း သောင်းကျန်းနေကြောင်း သတင်းအရ ကောလင်းမြို့မရဲစခန်းမှ နယ်ထိန်းရဲအုပ်သန်းမင်းဌေးနှင့်အဖွဲ့ သွားရောက်စစ်ဆေးရာ ၎င်းအား တူမီးသေနတ်တစ်လက်နှင့်အတူတွေ့ရှိရသဖြင့် ရဲအုပ်သန်းမင်းဌေးက တရားလိုပြုလုပ်ကာတိုင်ကြားထားကြောင်း သိရသည်။

**လှုအောင်(ကသာ)**

---

**ပြင်ဦးလွင်**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် တိုးကြီးကုန်းကျေးရွာလမ်းပိုင်းတွင် သြဂုတ် ၁၉ ရက်က တရားမဝင်ပိတောက်သားများတင်ဆောင်လာသော ယာဉ်တစ်စီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ ကျွဲနွားထောက်ကျေးရွာအုပ်စုတိုးကြီးကုန်းကျေးရွာနေ ရဲထွန်းအောင်(၄၇)နှစ် မောင်းနှင်လာသည့် 7D/---- ၁၂ ယာဉ်ကို ရပ်တန့်စစ်ဆေးခဲ့ရာ တရားမဝင် ပိတောက်သားဆိုဒ်စုံ ၃၇လုံးကာလတန်ဖိုးငွေကျပ်ကိုးသိန်းကျော်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်**

---

**မိုးကုတ်**

မိုးကုတ်မြို့နယ် ပိန်းပြစ်ကျေးရွာအနီး မိုးကုတ်-မိုးမိတ်သွားကားလမ်းမကြီးပေါ်တွင် မိုးမိတ်မြို့မှ တရားမဝင်သစ်များတင်ဆောင်မောင်းလာသူအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ ပိန်းပြစ်ရဲကင်းမှူး ရဲအုပ်ကျော်ငြိမ်းခိုင်နှင့်အဖွဲ့သည် မိုးမိတ်မြို့နယ်မှ မိုးကုတ်မြို့နယ်ဘက်သို့ ဦးထွန်းထွန်းဝင်း မောင်းနှင်လာသည့် ယာဉ်အမှတ် 4H/---- အား ရပ်တန့်စစ်ဆေးရာ တရားမဝင် ပိတောက်သစ်ခွဲသား ၁၀ ချောင်း ဒသမ ၂၁၁၈ တန်ကို ဖမ်းဆီးရမိခဲ့သည်။ ဖမ်းဆီးရမိသော သစ်ခွဲသားများအား မိုးကုတ်မြို့နယ် သစ်တောရိပ်သာအတွင်း သိမ်းဆည်းထားကြောင်း သိရသည်။

**နေဝါ(မိုးကုတ်)**

Mingalar Cinemas
www.facebook.com/mingalarcinemas
Mingalar Cinemas facebook

| | | | | | |
|---|---|---|---|---|---|
| သမ္မတ ၀၁-၂၄၆၉၆၂ ၀၁-၂၄၆၉၆၃ | သွင် ၀၁-၃၇၂၅၉၄ ၀၉၇၃၂၃၅၅၆၀ | မင်္ဂလာ(၁) သိမ်ကြီးဈေး ၀၁-၂၄၃၀၅၇ ၀၁-၂၄၃၀၅၈ | မင်္ဂလာ(၂) ဒဂုံစင်တာ(၂) ၀၉၇၃၂၅၄၀၉၁ ၀၉၇၃၂၅၄၀၉၂ | နေပြည်တော် ၀၁ ၂၅၁ ၂၇၇ ၀၁ ၂၅၁ ၂၈၈ | မန္တလေး ဝင်းလိုက် ၀၂-၃၉၁၂၅၊ ၀၂-၆၀၂၅၁ |
| | | | | ရွှေဆောင် ၀၁-၂၅၂၁၁၃ ၀၁-၃၈၈၀၃၄ | မြို့မ ၀၂-၃၉၁၃၆၊ ၀၂-၃၉၁၃၇ |
| မင်္ဂလာစံပြ ၀၉၂၆၀၈၈၇၀၃၅ ၀၉၂၆၀၈၈၇၀၃၆ ၀၁ ၂၃၀၃၁၆၅ | Top Royal (စိန်ဂေဟာ-ပါရမီ) ၀၉၄၂၀၁၈၆၂၉၁ ၀၉၄၂၀၁၈၆၂၉၂ | မင်္ဂလာ(ဂမုန်းပွင့်) (လှည်းတန်း စံရိပ်ငြိမ်) ၀၉ ၇၇၉၀၅၄၆၇၂ ၀၉ ၇၇၉၀၅၄၆၇၃ | မင်္ဂလာဝဇီရာ (လှိုင်သာယာ) ၀၉၂၆၁၁၉၀၁၁၅၅ ၀၉၂၆၁၁၉၀၁၁၆၆ | မင်္ဂလာထွန်းသီရိ(ပြည်) ၀၉၇၉၁၁၈၃၇၅၁ ၀၉၇၉၁၁၈၃၇၅၂ | မင်္ဂလာဒိုင်းမွန်း ၀၉၄၀၂၇၆၅၆၃၁ ၀၉၄၀၂၇၆၅၆၄၂ |

ဘောစိ
(ရန်ကုန်)
သမ္မတ၊ သွင်၊ မင်္ဂလာ(၁)၊
မင်္ဂလာစံပြ၊ TOP ROYAL
မင်္ဂလာဂမုန်းပွင့် (လှည်းတန်း စံရိပ်ငြိမ်)
(မန္တလေး) - ဝင်းလိုက်၊ မြို့မ
(ပြည်) - မင်္ဂလာထွန်းသီရိ

ရိုက်လိုက်ပါဦးဒုန်းဒုန်းဒုန်း
(ရန်ကုန်) - ရွှေဆောင်(၂)
မင်္ဂလာဝဇီရာ၊
မင်္ဂလာဂမုန်းပွင့် (လှည်းတန်း)

SKIPTRACE
(ရန်ကုန်) ရွှေဆောင်(၁)
(မန္တလေး) - မင်္ဂလာဒိုင်းမွန်း

PETE'S DRAGON(3D)
(ရန်ကုန်)
နေပြည်တော်(၃)၊မင်္ဂလာစံပြ
မင်္ဂလာဂမုန်းပွင့် (လှည်းတန်း)
(မန္တလေး) - မင်္ဂလာဒိုင်းမွန်း

TRAIN TO BUSAN
နေပြည်တော်(၁)၊ မင်္ဂလာစံပြ
မင်္ဂလာဒဂုန်စင်တာ(၂)
မင်္ဂလာဂမုန်းပွင့်
(လှည်းတန်း စံရိပ်ငြိမ်)
(မန္တလေး) - မင်္ဂလာဒိုင်းမွန်း
(ပြည်) - မင်္ဂလာထွန်းသီရိ

NERVE
(ရန်ကုန်)
နေပြည်တော်(၂)

၂၆ . ၈ . ၂၀၁၆ ရက်မှ စတင်ပြသမည့်ဇာတ်ကားသစ်များ
ပွဲချိန်သတ်ပြု - ၁၀:၀၀ နာရီ၊ ၁၂:၃၀ နာရီ၊ ၃:၃၀ နာရီ၊ ၆:၃၀ နာရီ၊ ၉:၃၀ နာရီ


















## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မန္တလေးတက္ကသိုလ်
## (၅၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ မန္တလေးတက္ကသိုလ်ကကျင်းပခဲ့သည့် အောက်ဖော်ပြပါ ပညာသင်နှစ်များ၏ (ဘွဲ့)စာမေးပွဲနှင့် ဒီပလိုမာဘွဲ့စာမေးပွဲအသီးသီးကို ဖြေဆိုအောင်မြင်ခဲ့ပြီးသူများသည် မန္တလေးတက္ကသိုလ်၏ (၅၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် တက်ရောက်ဘွဲ့ယူရန်(သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန်အတွက် ဘွဲ့နှင်းသဘင်လျှောက်လွှာများကို **၂၀၁၆ခုနှစ် ဩဂုတ် ၂၉ရက်မှ စက်တင်ဘာ ၃၀ရက်ထိ** လျှောက်ထားနိုင်ကြပါသည်။

(က) ၂၀၁၅-၂၀၁၆ ပညာသင်နှစ် မန္တလေးတက္ကသိုလ်၏ (Ph.D) ပါရဂူ (ဘွဲ့)စာမေးပွဲကို အောင်မြင်ပြီးသူများ၊
(ခ) ၂၀၁၅-၂၀၁၆ ပညာသင်နှစ် မန္တလေးတက္ကသိုလ်၏ (M.Res) မဟာသုတေသန(ဘွဲ့)စာမေးပွဲကို အောင်မြင်ပြီးသူများ၊
(ဂ) ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ၂၀၁၆ခုနှစ် မတ်လတွင် ကျင်းပခဲ့သည့် မန္တလေးတက္ကသိုလ်၏ မဟာဝိဇ္ဇာ/သိပ္ပံ/ဥပဒေ(ဒုတိယနှစ်) သင်တန်း (၂၀၀၉ အပထအောင်) (ဒုတိယနှစ်ဝက်)(ဘွဲ့)စာမေးပွဲကို အောင်မြင်ပြီးသူများ၊
(ဃ) ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ၂၀၁၆ခုနှစ် မတ်လတွင်ကျင်းပခဲ့သည့် မန္တလေးတက္ကသိုလ်၏ (Dip:E.L.T) အင်္ဂလိပ်စာသင်ကြားရေး ဒီပလိုမာဘွဲ့စာမေးပွဲကို အောင်မြင်ပြီးသူများ၊
(င) ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် မန္တလေးတက္ကသိုလ်၏ (D.A.Psy) အသုံးချစိတ်ပညာဘွဲ့လွန်ဒီပလိုမာဘွဲ့ (၂/၂၀၁၄) စာမေးပွဲကို အောင်မြင်ပြီးသူများ၊
(စ) မန္တလေးတက္ကသိုလ်၏ (DTSM) ခရီးသွားလုပ်ငန်းပညာနှင့်စီမံခန့်ခွဲမှုဆိုင်ရာ ဒီပလိုမာဘွဲ့ (၅/၂၀၁၅) စာမေးပွဲကို အောင်မြင်ပြီးသူများ၊
(ဆ) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (မန္တလေးတက္ကသိုလ်)၏-
- (DBL) စီးပွားရေးဥပဒေဒီပလိုမာဘွဲ့ (၁၄/၂၀၁၅) စာမေးပွဲကို အောင်မြင်ပြီးသူများ၊
- (DIL) အပြည်ပြည်ဆိုင်ရာ ဥပဒေဒီပလိုမာဘွဲ့ (၄/၂၀၁၅) စာမေးပွဲကို အောင်မြင်ပြီးသူများ၊
- (DOS) အရှေ့တိုင်းပညာဘွဲ့လွန်ဒီပလိုမာဘွဲ့ (၄/၂၀၁၅) စာမေးပွဲကို အောင်မြင်ပြီးသူများ၊
- (DIR) နိုင်ငံတကာဆက်ဆံရေးပညာဘွဲ့လွန်ဒီပလိုမာဘွဲ့ (၄/၂၀၁၅) စာမေးပွဲကို အောင်မြင်ပြီးသူများ၊
- (DPS) နိုင်ငံရေးသိပ္ပံဘွဲ့လွန်ဒီပလိုမာဘွဲ့ (၂/၂၀၁၅) စာမေးပွဲကို အောင်မြင်ပြီးသူများ၊
- (PGDGIS) ပထဝီဝင်ဆိုင်ရာ သတင်းအချက်အလက်စနစ်ဘွဲ့လွန် ဒီပလိုမာဘွဲ့ (၁/၂၀၁၅) စာမေးပွဲကို အောင်မြင်ပြီးသူများ၊

၂။ လျှောက်ထားသူများသည် မန္တလေးတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် သတ်မှတ်ထားသည့်လျှောက်လွှာပုံစံဖြင့် (၃)လအတွင်း ရိုက်ကူးထားသော မြန်မာဝတ်စုံ/တိုင်းရင်းသားဝတ်စုံ/အနောက်တိုင်း အမျိုးသားဝတ်စုံ၊ ၂"×၁½" အရွယ် ဓာတ်ပုံ(၃)ပုံနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား (မိတ္တူ)တို့ကို ပူးတွဲ၍ လျှောက်ထားရပါမည်။

၃။ ဘွဲ့နှင်းသဘင်လျှောက်ထားသူများ၏ ဘွဲ့နှင်းသဘင်ကြေးငွေမှာ တက်ရောက်ဘွဲ့ ကျပ်(၁၅၀၀၀/-)(ကျပ်တစ်သောင်းငါးထောင်တိတိ)၊ အဝေးရောက်ဘွဲ့ ကျပ်(၁၀၀၀၀/-)(ကျပ်တစ်သောင်းတိတိ)ပေးသွင်းရပါမည်။

၄။ ဘွဲ့နှင်းသဘင်ကြေးငွေကို ကိုယ်တိုင်ပေးသွင်းလိုသူများသည် မန္တလေးတက္ကသိုလ် ငွေလက်ခံဌာနသို့ ပေးသွင်းနိုင်ပါသည်။

၅။ ရပ်ဝေးမှပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order) ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာ၏အောက်ခြေတွင် **"ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း"**ဟု ဖော်ပြပြီး၊ ပါမောက္ခချုပ်၊ မန္တလေးတက္ကသိုလ်လိပ်မူ၍ လျှောက်လွှာရှင်၏ **အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ အောင်မြင်သည့်ခုနှစ်နှင့် လ၊ တက်ရောက်ခဲ့သော တက္ကသိုလ်/ဒီဂရီကောလိပ်နှင့် နေရပ်လိပ်စာအပြည့်အစုံ**ကို တိကျစွာဖော်ပြရပါမည်။ **(ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။)**

၆။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မတိုင်မီက (ဘွဲ့)စာမေးပွဲနှင့် ဒီပလိုမာဘွဲ့စာမေးပွဲများကို အောင်မြင်ပြီးသူများသည် **"အဝေးရောက်ဘွဲ့"**အတွက်သာ လျှောက်ထားနိုင်ပါသည်။

၇။ အဝေးသင်တက္ကသိုလ်(ယခင်မန္တလေးတက္ကသိုလ်၊ စာပေးစာယူသင်တန်းဌာန)၏ (၁၉၈၁-၈၂) ပညာသင်နှစ်မှ (၁၉၈၇-၈၈)ပညာသင်နှစ်အထိ၊ ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)စာမေးပွဲအောင်မြင်ပြီးသူများသည် **"အဝေးရောက်ဘွဲ့"**အတွက် မန္တလေးအဝေးသင်တက္ကသိုလ်တွင် လျှောက်ထားနိုင်ပါသည်။

၈။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ဘွဲ့ယူရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်တွင်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

**(လှမော်)**
**မော်ကွန်းထိန်းအဆင့်(၁)**
**စာမေးပွဲနှင့်ဘွဲ့နှင်းဌာန**
**မန္တလေးတက္ကသိုလ်**

---

**ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်**
## အကြောင်းကြားစာ
**(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁၃၇ နှင့်ဆက်နွယ်သည့်**
**၂၀၁၆ခုနှစ် တရားမဇာရီမှုအမှတ်-၅၅**

ဒေါ်အာရှခါတူ (၄င်း၏အခွင့်ရ ကိုယ်စားလှယ် ဦးမင်းအောင်) **နှင့်** ဒေါ်သန်းသန်းအေး
**တရားနိုင်** **တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ ရတနာမဉ္ဇူလမ်း၊ အမှတ် ၁၆၃ နေ ဒေါ်သန်းသန်းအေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁၃၇တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်အာရှခါတူ (၄င်း၏ အခွင့်ရကိုယ်စားလှယ် ဦးမင်းအောင်)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၆ခုနှစ် ဩဂုတ် ၃၁ရက် (၁၃၇၈ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၁၆ခုနှစ် ဩဂုတ် ၁၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကိုကိုနိုင်)**
**ဒုတိယခရိုင်တရားသူကြီး (၁၅)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

---

## လုပ်ငန်းအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်အစိုးရအဖွဲ့၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ကယားပြည်နယ်အတွင်းရှိ လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁-၉-၂၀၁၆ရက်မှစတင်၍ ရုံးချိန်အတွင်း ရောင်းချပေးသွားမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၅-၉-၂၀၁၆ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။
၃။ တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် တင်ဒါပေးသွင်းရမည့်လိပ်စာမှာ ကယားပြည်နယ်၊ လမ်းဦးစီးဌာန၊ ပြည်နယ်ညွှန်ကြားရေးမှူးရုံး ဖြစ်ပါသည်။
၄။ အသေးစိတ်သိရှိလိုသော အချက်အလက်များကို လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး ဖုန်း-၀၈၃-၂၁၄၉၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**လုပ်ငန်းအိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ကယားပြည်နယ်၊ လမ်းဦးစီးဌာန**

---

**မအူပင်တက္ကသိုလ် ပရဝုဏ်အတွင်း**
**ဓာတ်ပုံရိုက်ကူးရေးနှင့်ပတ်သက်သော**
## အိတ်ဖွင့်တင်ဒါကြော်ငြာ

မအူပင်တက္ကသိုလ်ပရဝုဏ်အတွင်း ၂၀-၉-၂၀၁၆ရက်မှ ၁၉-၉-၂၀၁၇ ရက်အထိ ဓာတ်ပုံရိုက်ကူးရေးလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူရန်ရှိပါသည်။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူများသည် အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်း တစ်စုံလျှင် ၅၀၀၀/-နှုန်းဖြင့် ဝယ်ယူပြီး ၁၅-၉-၂၀၁၆ရက် မွန်းတည့် ၁၂:၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း သင်တန်းရေးရာဌာန ဖုန်း-၀၄၅-၃၀၁၄၀ တွင် စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**မအူပင်တက္ကသိုလ်**

---

**ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်**
## အကြောင်းကြားစာ
**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်**
**၂၀၀၄ခုနှစ် တရားမကြီးမှုအမှတ်-၆၈၇ နှင့် ဆက်နွယ်သည့်**
**၂၀၁၁ခုနှစ် တရားမဇာရီမှုအမှတ်-၂၇၈**

ဒေါ်အေးအေးမြင့် **နှင့်** ၁။ မြမင်းမော်(ရင်းနီးမြှုပ်နှံမှု)
ကွယ်လွန်သူ ဦးကြည်ဝင်း(ခ) ကုမ္ပဏီလီမိတက်
ဦးကျင်ဝင်း၏ (၎င်း၏အုပ်ချုပ်မှုဒါရိုက်တာ
တရားဝင်ကိုယ်စားလှယ် ဒေါက်တာမျိုးအောင်)
(၎င်း၏အခွင့်ရကိုယ်စားလှယ် ၂။ ဒေါက်တာမျိုးအောင်
ဦးတင်စိန်) ၃။ ဦးစံလင်း
၄။ ဒေါ်လှလှနွယ်
**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ ၁၉ လမ်း၊ အမှတ် ၁၇/အေ နေ ဦးစံလင်း (၃ တရားရှုံး)နှင့် ဒေါ်လှလှနွယ် (၄ တရားရှုံး) (ယခုလိပ်စာမသိ) သိစေရမည်။ ၂၀၀၄ခုနှစ် တရားမကြီးမှုအမှတ်-၆၈၇ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ (သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၆ခုနှစ် စက်တင်ဘာ ၁၃ရက် (၁၃၇၈ခုနှစ် တော်သလင်းလဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၁၆ခုနှစ် ဩဂုတ် ၂၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဒေါ်ဆွေဆွေ)**
**ခရိုင်တရားသူကြီး**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

---

## ကြော်ငြာစာ
**(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)**
**ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးတော်၌**
**၂၀၁၆ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၅**

ဒေါ်ရှုအင် **လျှောက်ထားသူ**

ကွယ်လွန်သူ ဦးခွန်စိန်(ခ)ဦးမောင်စင်၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ အမှတ် (၁၂)ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ် ၄၇ ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးခွန်စိန်၏ သေတမ်းစာ အတည်ပြုသည့်လက်မှတ် (သို့မဟုတ်) ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ရှုအင်က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၁၆ခုနှစ် စက်တင်ဘာ ၂၂ရက် (၁၃၇၈ခုနှစ် တော်သလင်းလပြည့်ကျော် ၆ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးခွန်စိန်(ခ) ဦးမောင်စင်၏ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် (လာရောက်ဆိုင်ဆိုရန်သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော ၂၀၁၆ခုနှစ် စက်တင်ဘာ ၂၂ရက် (၁၃၇၈ခုနှစ် တော်သလင်းလပြည့်ကျော် ၆ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် သေတမ်းစာအတည်ပြုချက်လက်မှတ်(သို့မဟုတ်) အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ (၂၈၃)နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်ရှုအင်၏ လျှောက်လွှာပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၁၆ခုနှစ် ဩဂုတ် ၁၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိမိအောင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး**

---

# အမြတ်ဝေစုထုတ်ယူရန်ကြေညာခြင်း

၁။ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် အစုပေါ် အမြတ် (ထည့်ဝင်ပြီးငွေရင်းအပေါ် တစ်နှစ်လျှင် ၃၀ ရာခိုင်နှုန်း)ကို အောက်ပါအစီအစဉ်အတိုင်း သစ်တောဖက်စပ်(ရုံးချုပ်) အမှတ်(၅၂-၆၆)၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တွင် ထုတ်ယူကြရန် ဖြစ်ပါသည်။

| စဉ် | အစုရှယ်ယာ | | | ရက်အပိုင်းအခြား | | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | **သစ်တောဖက်စပ်အစုရှယ်ယာ** | | | | | | |
| (က) | ၁ | မှ | ၁၀၀၀ ထိ | ၁၅-၉-၂၀၁၆ | မှ | ၃၀-၉-၂၀၁၆ | ရုံးဖွင့်သည့်နေ့ |
| (ခ) | ၁၀၀၁ | မှ | ၂၀၀၀ ထိ | ၁-၁၀-၂၀၁၆ | မှ | ၁၄-၁၀-၂၀၁၆ | ရုံးချိန်အတွင်း |
| (ဂ) | ၂၀၀၁ | မှ | ၂၄၇၀ ထိ | ၁၇-၁၀-၂၀၁၆ | မှ | ၃၁-၁၀-၂၀၁၆ | |
| | **MSEC အစုရှယ်ယာအမှတ်** | | | | | | |
| (ဃ) | M -၁ | မှ | M -၄၀၀၀ | ၁၅-၉-၂၀၁၆ | မှ | ၂၄-၉-၂၀၁၆ | |
| (င) | M -၄၀၀၁ | မှ | M -၈၀၀၀ | ၂၅-၉-၂၀၁၆ | မှ | ၄-၁၀-၂၀၁၆ | |
| (စ) | M -၈၀၀၁ | မှ | M -၁၂၀၀၀ | ၅-၁၀-၂၀၁၆ | မှ | ၁၄-၁၀-၂၀၁၆ | |
| (ဆ) | M -၁၂၀၀၁ | မှ | M -၁၆၀၀၀ | ၁၇-၁၀-၂၀၁၆ | မှ | ၂၆-၁၀-၂၀၁၆ | |
| (ဇ) | M -၁၆၀၀၁ | မှ | M -၂၀၀၁၀ | ၂၇-၁၀-၂၀၁၆ | မှ | ၄-၁၁-၂၀၁၆ | |

၂။ အထက်မြန်မာပြည် သစ်တောဖက်စပ်ရုံးခွဲ (မန္တလေးမြို့)တွင် ဝယ်ယူထားသည့် အစုရှယ်ယာများအတွက် အစုပေါ်အမြတ်ငွေကို သစ်တောဖက်စပ်၏ အထူးအစီအစဉ်ဖြင့် မန္တလေးမြို့တွင် ထုတ်ပေးရန် စီစဉ်ထားပါသည်။ [သစ်တောဖက်စပ်(မန္တလေးရုံးခွဲ)၊ အမှတ်(၁၀၃)၊ သစ်စက်ဝင်း (မြန်မာ့သစ်လုပ်ငန်း)၊ ရွှေကွန်ခြာဘုရားအနီး၊ နန်းတော်ရာအရပ်၊ မှန်တန်းရပ်ကွက်၊ အမရပူရမြို့၊ ဆက်သွယ်ရန် ဖုန်း-၀၂-၇၀၅၈၀၊ ၀၂-၅၉၄၀၄]
၃။ အစုပေါ်အမြတ်ဝေစုထုတ်ယူမည့် အစုရှယ်ယာရှင်များသည် အစုရှယ်ယာလက်မှတ်(မူရင်း)၊ မိမိတို့၏ အမျိုးသားမှတ်ပုံတင်(သို့မဟုတ်) နိုင်ငံသားစိစစ်ရေးလက်မှတ်ကို တစ်ပါတည်းယူဆောင်လာကြရန်နှင့် ကိုယ်တိုင်မထုတ်ယူနိုင်ပါက ကိုယ်စားလှယ်လွှဲစာရေးသား၍ ထုတ်ယူနိုင်ပါသည်။
၄။ ကုမ္ပဏီ/အဖွဲ့အစည်းအမည်ဖြင့် ဝယ်ယူထားသည့် အစုရှယ်ယာရှင်များသည် ကုမ္ပဏီ/အဖွဲ့အစည်း၏ ခေါင်းစည်းဖြင့် တရားဝင်လွှဲအပ်စာယူဆောင်လာသူကိုသာ အစုပေါ်အမြတ်ငွေထုတ်ပေးမည်ဖြစ်ပါသည်။
၅။ အထက်ပါကာလအတွင်း အစုပေါ်အမြတ်ဝေစုမထုတ်ယူဖြစ်သော အစုရှယ်ယာရှင်များသည် သစ်တောဖက်စပ်(ရုံးချုပ်) ဖုန်း-၀၁-၉၀၁၀၇၃၄၊ ၀၁-၉၀၁၀၇၃၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ အမြတ်ဝေစု ထုတ်ယူနိုင်ပါသည်။
ရက်စွဲ။ ။ ၂၀၁၆ခုနှစ် ဩဂုတ် ၁၉ရက်

**အုပ်ချုပ်မှုဒါရိုက်တာ**

---

**ဒီကရီအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်**
## အကြောင်းကြားစာ
**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ပြင်ဦးလွင်ခရိုင်တရားရုံး၊ တရားမရုံးတော်၌**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၅၀ နှင့်ဆက်နွယ်သည့်**
**၂၀၁၆ခုနှစ် တရားမဇာရီမှုအမှတ်-၁၈**

ဦးအောင်ကျော်ဝင်း (၎င်း၏အထွေထွေ ကိုယ်စားလှယ်စာရသူ ဒေါ်နွဲ့နွဲ့ရီ) **နှင့်** ဦးတင်မျိုးအောင်
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ဦးတင်မျိုးအောင် အမှတ်(၇၈၇)၊ ရေချမ်းအိုးတောင်၊ ရပ်ကွက်ကြီး(၁၂)၊ ပြင်ဦးလွင်မြို့ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ် ၅၀ တွင် ရရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးအောင်ကျော်ဝင်း (၎င်း၏အထွေထွေ ကိုယ်စားလှယ်စာရသူ ဒေါ်နွဲ့နွဲ့ရီ)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၆ခုနှစ် စက်တင်ဘာ ၁ရက် (၁၃၇၈ခုနှစ် ဝါခေါင်လကွယ်နေ့) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၆ခုနှစ် ဩဂုတ် ၁၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်မောင်ထွေး)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

---

## အမည်ပြောင်း

ဗန်းမော်မြို့၊ အရှေ့သာစည်ရပ်နေ ဒုရဲမှူး စိုးဝင်း(ငြိမ်း)၊ ဒေါ်ခေါန်ဒင်း (မြစ်ဆုံတည်းခိုခန်း)တို့၏သားဖြစ်သူ မောင်ကောင်းထက်ဇော်အား မောင်ကောင်းမြတ်ဟုလည်းကောင်း၊ သမီးဖြစ်သူ မစန္ဒာဖွေးအား မစန္ဒာစိုးဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။ **မောင်ကောင်းမြတ်၊ မစန္ဒာစိုး**

## အမည်ပြောင်းနှင့်ဖခင်အမည်မှန်

ကလေးမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်းမှ မနွန်နိုင်မွဲအား မဇောနီအဲလ်နွန်နိုင်မွေးဟု ပြောင်းလဲခေါ်ပါရန်နှင့် ဖခင်အမည်မှန်မှာ ဦးတလန်သင်ထန်း ၄/ဖလန(နိုင်)၀၂၉၀၂၀ ဖြစ်ပါသည်။
**မဇောနီအဲလ်နွန်နိုင်မွေး၊**
**ဦးတလန်သင်ထန်း**

## အမည်ပြောင်းနှင့်ဖခင်အမည်မှန်

ကလေးမြို့၊အထက(၂)တက္ကသိုလ်ဝင်တန်းမှ မစိုးစန္ဒာထွန်းအား မစိုးဟန်နီထွေးဟု ပြောင်းလဲခေါ်ပါရန်နှင့် ဖခင်အမည်မှန်မှာ ဦးဒေါင်းဆွေ ဖြစ်ပါသည်။ **မစိုးဟန်နီထွေး၊ ဦးဒေါင်းဆွေ**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အထက(၁)၊ အဋ္ဌမတန်းမှ မခင်သီတာထက်၏ ဖခင်အမည်မှန်မှာ ဦးမြင့်ရွှေ ၈/ပမန(နိုင်)၀၀၄၅၇၀ ဖြစ်ပါသည်။
**ဦးမြင့်ရွှေ ၈/ပမန(နိုင်)၀၀၄၅၇၀**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အထက(၃)၊ တက္ကသိုလ်ဝင်တန်းမှ မနှင်းနှင်းဝင်း၏ ဖခင်အမည်မှန်မှာ ဦးလှုရှင် ၅/ကလဝ(နိုင်)၀၂၃၇၃၁ ဖြစ်ပါသည်။
**ဦးလှုရှင် ၅/ကလဝ(နိုင်)၀၂၃၇၃၁**

## ဖခင်အမည်မှန်

မြိတ်မြို့၊ ကန်စွန်းအင်းကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ ကျောင်းဝင်အမှတ် KA-၂၇၀၄ ဖြစ်သူ မောင်စောအောင်သက်ဦး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ စောကျော်ဦး ဖြစ်ပါကြောင်း။
**စောကျော်ဦး ၁၂/အလန(နိုင်)၀၃၂၅၉၁**

---

## ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ ခွန်သာရပ်ကွက်၊ အကွက်အမှတ်(၃၇)၊ ဦးပိုင်အမှတ် ၁၀၃၊ မြေဧရိယာ ၀ဒသမ ၀၆၀၈ဧကကို ဒေါ်မဲ ပိုင်ဆိုင်၍ ဦးပိုင်အမည်ပေါက် ရရှိထားပြီး ဒေါ်မီးမီးအား ရောင်းချခဲ့ရာ ဗန်းမော်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၈-၃-၂၀၁၆ ရက်တွင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုခဲ့ပါသည်။ ဒေါ်မဲအမည်မှ ဒေါ်မီးမီး ၁/ဗမန(နိုင်)၀၇၂၅၆၁ အမည်သို့ အမည်ပြောင်းမြေငှားဂရန်အသစ် ထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူရှိပါက အထောက်အထားခိုင်လုံစွာ ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အမည်ပြောင်း မြေငှားဂရန်ကို ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
**ဗန်းမော်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ သာစည်ရပ်ကွက်၊ အကွက်အမှတ်(၃၂)၊ ဦးပိုင်အမှတ် ၂၉၈၊ မြေဧရိယာ ၀ဒသမ ၀၅၅ဧကကို ဦးအင်ဖွေဂရောင်ပိုင်ဆိုင်၍ ဦးပိုင်အမည်ပေါက်ရရှိထားပြီး ဦးလရိန်အား ရောင်းချခဲ့ရာ ဗန်းမော်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၁၁-၁၂-၂၀၁၄ရက်တွင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုခဲ့ပါသည်။ ဦးအင်ဖွေဂရောင်အမည်မှ ဦးလရိန် ၁/မမန(နိုင်)၀၁၇၆၆၉ အမည်သို့ အမည်ပြောင်းမြေငှားဂရန် အသစ်ထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူရှိပါက အထောက်အထားခိုင်လုံစွာ ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်သူမရှိပါက အမည်ပြောင်းမြေငှားဂရန်ကို ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
**ဗန်းမော်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၇)၊ ဦးပိုင်အမှတ်(၈၅)(ခဲစင်း)၊ ၇၀×၇၂ လမ်းကြား၊ ခိုင်ရွှေဝါနှင့်ဇလပ်ဝါလမ်းကြားရှိ ဒု-အရာခံဗိုလ်လှရွှေ အမည်ပေါက် ဂရန်မြေကွက်အား ဖခင်ဖြစ်သူ ဦးလှညွှာ၊ မိခင်ဖြစ်သူ ဒေါ်မိနက်၊ ဦးကြီးဖြစ်သူ ဦးလှရွှေ(လူပျိုကြီးဘဝ)တို့ အသီးသီးကွယ်လွန်သဖြင့် ကျန်ရစ်သော တူမ/သမီးဖြစ်သူဒေါ်သန်းမ ၉/မနမ(နိုင်)၀၃၆၉၀၂ မှ ဂရန်စာချုပ်၊ သေစာရင်း တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံ စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၉ယ/၉၅၆၂၀ Honda PCX 150 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမိုးအောင် ၆/မမန(နိုင်)၁၃၆၆၈၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

## နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

(၂၀၁၆-၂၀၁၇) အထူးဈေးနှုန်း အထူးဝန်ဆောင်မှု အစီစဉ်သစ်

(၁၂)ရက်ခရီး-သံဝေဇနီယလေးဌာန+အဝိဇဟိတသုံးဌာန(အိန္ဒိယ+နီပေါ) Hotel-3Days→(၉.၅)သိန်း

(၁၅)ရက်ခရီး-သံဝေဇနီယလေးဌာန+အဝိဇဟိတလေးဌာန+နယူးဒေလီ၊တစ်ချမ်းမဟာHotel-5Days→(၁၀.၅)သိန်း

(၁၅)ရက်ခရီး-သံဝေဇနီယလေးဌာန+အဝိဇဟိတလေးဌာန+နယူးဒေလီ၊တစ်ချမ်းမဟာ+

(ကိုလ်ကတ္တား+Shopping+သိပ္ပံကမ္ဘာ+ဝိတိုရိယဘုရင်မပြတိုက်) Hotel-4Days→(၁၁)သိန်း စရိတ်ငြိမ်း

ဗုဒ္ဓဂယာတွင် ခါတ်လှေကားပါဟိုတယ်၌ တည်းခိုပြီး၊ နယူးဒေလီ နှင့်အာဂရာတွင် 3 Star အဆင့်ရှိဟိုတယ်တွင် တည်းခိုပါမည်။ ခရီးစဉ်အားလုံးစရိတ်ငြိမ်းဖြစ်ပါသည်။

နိုင်ငံကူးလက်မှတ် လက်ဝယ်ရှိသူများ အထက်ပါဈေးနှုန်းအတိုင်း ပို့ဆောင်ပေးနေပါသည်။

ဩဂုတ်လ နှင့် စက်တင်ဘာလ အတွင်း စရံငွေ (၂)သိန်းပေးသွင်းသူများကို

(၁၁)ဦး စုစည်းလိုက်ပါလျှင် (၁)ဦး အခမဲ့ ပို့ဆောင် ပေးပါမည်၊

(၅)ဦး စုစည်းလိုက်ပါလျှင် (၁)ဦး ၂သောင်း လျှော့ ပေးပါမည်၊

ခရီးစဉ်လိုက်ပါမည့်သူများ (၂)လ ကြိုတင် စာရင်းပေးသွင်းရပါမည်။

ခရီးစဉ်အသေးစိတ်သိရှိလိုပါက နီလာရုံးခန်းတွင် လက်ကမ်းကြော်ငြာနှင့် (DVD)ခွေများကိုအခမဲ့လာရောက်ယူနိုင်ပါသည်။

အမှတ်-၂၇၆/၂၇၈(မြေညီ)၊ ပန်းဆိုးတန်းလမ်း(ခုံးတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

☎ ၀၁-၃၇၆၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉-၅၁၂၀၅၂၉



ကုမ္ပဏီလိုင်စင်အမှတ် - ၁၀၅၅ ၂၀၁၆/၁၇-(ရက)

## အောင်မြတ် ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

Travel & Tour Co.,Ltd. Aung Myat

အပါယ်တံခါးပိတ်ရန် စိတ်ရည်သန်၍ မြေမြတ်မဟာဗုဒ္ဓဂယာသို့ ဘုရားဖူးသွားကြစို့

သံဝေဇနီယလေးဌာန၊ အဝိဇဟိတသုံးဌာန၊ (၇)ညအိပ်(၈)ရက်ခရီးစဉ် သံဝေဇနီယလေးဌာန၊ အဝိဇဟိတလေးဌာန၊ (၁၄)ညအိပ်(၁၅)ရက်ခရီးစဉ် လိုက်ပါလိုသူများ (၂)လ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

(၇)ညအိပ်(၈)ရက်ခရီးစဉ် - Oct-19, Dec-6, Apr-12

(၁၄)ညအိပ်(၁၅)ရက်ခရီးစဉ် - Nov-8, Dec -15, Jan-5, Feb-1, Mar-9,ထွက်ခွာမည့်ရက်များဖြစ်ပါသည်။

ဆရာတော်၊ ဆရာလေး များအား နိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားလျှင် (၁)ဦးကို (၅၀၀၀၀)နှုန်းလျှော့ပေးပါမည်။ ပင်စင်စားလူပုဂ္ဂိုလ်(၁)ဦးလျှင် (၁)သောင်းလျှော့ပေးပါသည်။ နိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသူများကို (၁)ဦးလျှင် (၃)သောင်းလျှော့ပေးပါသည်။ နိုင်ငံကူးလက်မှတ်သက်တမ်းအနည်းဆုံး(၆)လရှိရပါမည်။ ညမောင်းခရီးစဉ်လုံးဝမရှိပါ။ ခရီးစဉ်အသေးစိတ်သိရှိလိုပါက

ဆက်သွယ်ရန် - အမှတ်(၇၃)၊ ဒုတိယထပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်းနံပါတ်များ - ၀၉ ၇၉၀၉၈၈၈၀၇၊ ၀၉ ၄၅၇၅၉၃၂၈၀၊ ၀၉ ၉၆၄၃၁၃၅၂၈၊ ၀၉ ၉၆၅၇၇၇၈၇၃



ပညာရိပ်စာစဉ် ၁

* မူလတန်းဆင့် ကလေးများကို စနစ်တကျ စတင်လေ့ကျင့်ပေးရမည့် 'ဘဝမှာ လိုအပ်သော အခြေခံအသိ၊ အလေ့အကျင့်နှင့် တန်ဖိုးများ'။
* ကလေးများစိတ်မှာ 'ပျော်ရွှင်စွာ စွဲမြဲ မှတ်မိ ထင်ကျန်ရစ်ကြစေရန်' လက်တွေ့ဆောင်ရွက်နိုင်သော နည်းစနစ်များ။
* KG နှင့် မူလတန်းဆင့်သင် ဆရာများ၊ ပညာရေးကောလိပ်သင်တန်းသားများ လေ့လာရန်သင့်ပါသည်။

■ ငယ်ရွယ်စဉ်က လေ့ကျင့်ထား

### ဒီမိုကရေစီ အလေ့အကျင့်များ ၁

ဒေါက်တာသိန်းလွင် (ပညာရေးစိတ်ပညာပါရဂူ)

ပါမောက္ခ (ငြိမ်း)၊ ရန်ကုန်ပညာရေးတက္ကသိုလ်

■ ငယ်ရွယ်စဉ်က လေ့ကျင့်ထား

### ဒီမိုကရေစီ အလေ့အကျင့်များ ၂

ဒေါက်တာသိန်းလွင် (ပညာရေးစိတ်ပညာပါရဂူ)

ပါမောက္ခ (ငြိမ်း)၊ ရန်ကုန်ပညာရေးတက္ကသိုလ်

(၃၀၀၀ ကျပ်စီ) ဆု စာအုပ်တိုက်၊ ၀၉- ၅၁၃၀၃၃၀ ထွက်ပြီ



ထိတွေ့ရန်မလိုပဲ စက္ကန့်ပိုင်းအတွင်း အဝေးမှ အဖျားတိုင်းနိုင်သော

## THERMOFOCUS® သာမိုမီတာ

အဖျားတိုင်းရာတွင် ကူးစက်ရောဂါများမှ ကင်းဝေးနိုင်ပါပြီ။




ဆက်သွယ်ရန်...

NANOVA Co.,Ltd.

အမှတ် ၃၃ (ဘီ)၊ပြည်ထောင်စုရိပ်သာလမ်း၊ ဒဂုံမြို့နယ်၊

09 977 300 300, 09 977 400 400

CE ISO 9001 ISO 13485 IMQ

ဆေးဆိုင်၊ ဆေးခန်းများ၊ Super Market များတွင် ဝယ်ယူနိုင်ပါသည်။



July Intake အတွက်ကန့်သတ်လူဦးရေ ပြည့်နေပြီဖြစ်ပါသောကြောင့် September Intake ကို ထပ်မံဖွင့်လှစ်မည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

September Intake

## Higher National Diploma



- Engineering(Civil/EE/ME)
- Business
- Computing (IT)

Enroll Now

- HND Foundation Courses
- Pre-Foundation Course

Scholarships Available!

## Myanmar Noble College

Aiming for Success

No.6/A,Kyoe Sett Yone Street,Thuwunna,Thingankyun Tsp, Yangon.

Call - 01-2331276/09780639577


### ပျောက်ဆုံးကြောင်း

ကျွန်မ မထွေးမေ ၁၃/မနန(နိုင်)၀၀၉၃၇၉ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၂၂၃၃၂၅၁

### ဖခင်အမည်မှန်

ပင်လောင်းမြို့နယ်၊ ပင်ခွန် အထက၊ တက္ကသိုလ်ဝင်တန်းမှ မောင်နှစ်၏ ဖခင်အမည်မှန်မှာ ခွန်မောင်အေး ၁၃/ပလန(နိုင်)၀၇၇၇၁၅ ဖြစ်ပါကြောင်း။ **ခွန်မောင်အေး**

### ဖခင်အမည်မှန်

ပင်လောင်းမြို့နယ်၊ ပင်ခွန် အထက၊ တက္ကသိုလ်ဝင်တန်းမှ ခွန်အောင်ရှင်၏ ဖခင်အမည်မှန်မှာ ခွန်သောန ၁၃/ပလန(နိုင်)၀၆၁၄၁၂ ဖြစ်ပါကြောင်း။ **ခွန်သောန**

### ဖခင်အမည်မှန်

ပင်လောင်းမြို့နယ်၊ ပင်ခွန် အထက၊ တက္ကသိုလ်ဝင်တန်းမှ ခွန်အောင်ခမ်း၏ ဖခင်အမည်မှန်မှာ ခွန်မောင်ငယ် ၁၃/ပလန(နိုင်)၀၇၉၅၂၄ ဖြစ်ပါကြောင်း။ **ခွန်မောင်ငယ်**

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ် ဖဒိုမြို့ အထကခွဲ(၂)တွင် ပညာသင်ကြားနေသော တက္ကသိုလ်ဝင်တန်းကျောင်းသူ မမြစံပယ်၏ဖခင်အမည် ဦးထွန်းဒါရီယားသည် မှားယွင်းနေပြီး အမည်မှန်မှာ စွန်ဒါရီလာလ် ၇/ကတခ (နိုင်)၁၀၆၀၆၁ ဖြစ်ပါသည်။ **စွန်ဒါရီလာလ်**

### အမည်ပြောင်း

သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ စံရွှေးတန်းရပ်ကွက်၊ အရှေ့လမ်းသစ်နေ ဦးထွန်းထွန်းဦး၏သမီး မသက်မှူးဇင်အား မသက်ယုယနွယ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မသက်ယုယနွယ်**

### ဖခင်အမည်မှန်

ရန်ကုန်မြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(A)မှ မောင်ထင်ကျော်ဝင်း၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးစန်းဝေယံလင်း ဖြစ်ပါကြောင်း။ **ဦးစန်းဝေယံလင်း ၁၂/ကတတ(နိုင်)၀၂၅၈၄၀**

### ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်ပိုက်ထွေး ၁၀/ပမန(နိုင်)၁၃၆၂၇၇ ၏ Passport No မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၀၁၆၅၀၇၀

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၁ယ/၂၈၆၄၂ Hensim-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးမြင့် ၁၀/သဖရ(နိုင်)၀၃၁၄၉၄ က (ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ တိုင်းရုံး (မကွေး)**

### ပျောက်ဆုံး

Nine Road Co.,Ltd. သည် MAPCO ထံမှ ဝယ်ယူပိုင်ဆိုင်ထားသော အစုရှယ်ယာလက်မှတ်အမှတ် (၀၀၀၁၃၀၇၊ ၀၀၀၁၀၇၆၊ ၀၀၀၁၃၃၃) ပျောက်ဆုံးသွားပါ၍ အသစ်ပြန်လည်လျှောက်ထားပြီးဖြစ်ပါသည်။ အထက်ပါအစုရှယ်ယာလက်မှတ်အား ပယ်ဖျက်ပြီးဖြစ်ကြောင်းနှင့် နောက်နောင်တွင် အထက်ပါအစုရှယ်ယာလက်မှတ်သုံးစောင်အတွက် Nine Road Co.,Ltd. မှ တာဝန်ယူမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။ **B.O.D Nine Road Co.,Ltd.**

### ကန့်ကွက်နိုင်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ ဘောဂဝတီအုပ်စု၊ အကွက်အမှတ် ၁၃၊ ပေါက်တောရပ်ကွက်၊ ဦးပိုင်အမှတ် (၃၅ ဃ)၏ အစိတ်အပိုင်းသည် ဒေါ်ဖြူဖြူဝင်း ၉/ကဆန(နိုင်)၀၉၈၉၄၆ ၏ အမည်ဖြင့် ဂရန်ကျပြီး ပိုင်ဆိုင်ထားပါသည်။ ၎င်းပိုင်ဆိုင်မြေ၏ တစ်ဝက်ကို အစ်မဖြစ်သူ ဒေါ်နီနီဝင်းအား ခွဲခြမ်းပေးမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **ဒေါ်ဖြူဖြူဝင်း**

### ကန့်ကွက်နိုင်ပါသည်

လားရှိုးမြို့၊ ရပ်ကွက်(၂)၊ နယ်မြေ (၁၀)၊ အကွက်အမှတ် (၃၅/စာရေးကုန်းရပ်)၊ ဦးပိုင်အမှတ် ၈၁/က၊ ဧရိယာ ၀ ဒသမ ၁၁၅ ဧကအား ဦးကျော်သန်း-ဒေါ်သောင်းမြအမည်ဖြင့် ၁၀နှစ် ဂရန်ရရှိပြီးဖြစ်ပါသည်။ ယခုအခါ ဒေါ်သောင်းမြမှာ ကွယ်လွန်ပြီးဖြစ်၍ ဦးကျော်သန်း၊ ဒေါ်ရီရီဝင်း၊ ဒေါ်ခင်သန်းမြင့်၊ ဒေါ်တင်တင်အေး၊ ဒေါ်စန်းစန်းဝင်း၊ ဒေါ်စန်းစန်းအေး၊ ဦးကျော်ကျော်နိုင်အမည်ဖြင့် အမည်ပြောင်း သတ်တမ်းတိုးလျှောက်ထားရန်အတွက် ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၂၀ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

### အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ အမှတ် (၅)၊ အောင်မေတ္တာရပ်ကွက်၊ နယ်မြေ (၉)၊ အကွက်အမှတ် (၅၃/ ပန်အုပ်ရပ်)၊ ဦးပိုင်အမှတ် (၇၅/ခ)၊ မြေချိန်ဧရိယာ ၀ဒသမ ၀၃၇ ဧကရှိ မြေကွက်သည် ဒေါ်ရောက်ဆူရှမ်း ၁၃/လရန(နိုင်)၀၉၃၀၂၂ အမည်ပေါက် ပိုင်ဆိုင်ခြင်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်မအမည်ပေါက် မြေဂရန်မူရင်း ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်နှင့် ထပ်မံအသစ်လျှောက်ထားမည်ဖြစ်ရာ အထောက်အထားအပြည့်အစုံဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ **ဒေါ်ရောက်ဆူရှမ်း ၁၃/လရန(နိုင်)၀၉၃၀၂၂**

### အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ် (ခ)ရပ်ကွက်၊ အကွက်အမှတ် (တ-၁၀)၊ ဦးပိုင် (၂၉) ဧရိယာ ၀ဒသမ၀၅၅၁ဧကအကျယ်အဝန်းရှိ ဂရန်မြေကွက်မှာ ဦးသန်းထွန်းအမည်ပေါက် ပိုင်ဆိုင်ပြီး၊ ဦးသန်းထွန်းကွယ်လွန်သွား၍ ၎င်း၏တရားဝင်ဇနီးဖြစ်သူ ဒေါ်သန်းနုမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် ၂၂၈၃/၂၀၁၂ဖြင့် ဆက်ခံပိုင်ဆိုင်ပြီး၊ ဒေါ်သန်းနုထံမှ ကျွန်တော် ဒေါက်တာသက်ဌေး (ဘ)ဒေါက်တာဦးဌေး ၈/ကမန(နိုင်)၀၄၃၂၄၅မှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ် ၁၉၆၇/၂၀၁၆ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေကွက်အား ဝယ်ယူစဉ်ကတည်းက ဂရန်စာချုပ်မူရင်းမှာ အမှန်တကယ်ပျောက်ဆုံးသွားပြီးဖြစ်ပါ၍ အဆိုပါဂရန်မြေကွက်နှင့်ပတ်သက်၍ တောမှမြို့ပြောင်း၊ အမည်ပြောင်းဂရန်မိတ္တူလျှောက်ထားသွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်သည့်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါကိစ္စရပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **ဒေါက်တာသက်ဌေး ၈/ကမန(နိုင်)၀၄၃၂၄၅**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5C/7224, Toyota Landcruiser, S/W (4x4) ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဦး ၁၂/မဘန(နိုင်)၀၁၄၃၇၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1G/8210, Mitsubishi Minicab U 61T, P/U (4x2)® ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝေဝေမြင့် ၁၂/ကမတ(နိုင်)၀၇၅၆၈၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6L/3150 Mazda Bongo P/U (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးဇော်သန်းဦး ၁၂/ဗတထ(နိုင်)၀၂၆၇၇၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၆ယ/၅၆၆၇၄ Honda Dream-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်စိုး ၁၄/ဘကလ(နိုင်)၁၉၂၁၇၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ဖျာပုံမြို့)**

### နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့တွင် ကျွန်မ မမေသင်းကြည် ၉/သစန(နိုင်)၁၃၀၆၁၈ နှင့် ကိုဟန်မြတ်သူ ၅/ရဘန(နိုင်)၁၄၀၅၅၃ တို့သည် ၁၁-၈-၂၀၁၆ ရက်တွင် မိမိတို့၏ သဘောဆန္ဒအလျောက် နှစ်ဦးသဘောတူ နှစ်ဖက်လူကြီးများရှေ့မှောက်တွင် ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း။ **မမေသင်းကြည်**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မာမက်ကာစင် ၁၀/မလမ(နိုင်)၀၆၁၈၀၈ ၏ (Passport No)မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၀၁၆၅၀၇၀**

### သမီးအဖြစ်မှစွန့်လွှတ်မှု ပြန်လည်ရုပ်သိမ်းခြင်း

သမီးဖြစ်သူ ဒေါ်တင်မာဝင်း ၉/တကန(နိုင်)၁၄၃၆၀၈ အား မိသားစုဝင်အဖြစ် ပြန်လည်အသိအမှတ်ပြုပါကြောင်း ကြေညာအပ်ပါသည်။ **ဦးအေးဝင်း-ဒေါ်ခင်သန်းအေး တပ်ကုန်းမြို့**

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးကြီးသာကျော်(ငြိမ်း)
### အသက်(၉၇)နှစ်

၁၉၆၄-၈၄တက္ကသိုလ်ကောလိပ် သိပ္ပံကျောင်းပေါင်းစုံ အ-သုံးလုံးအဖွဲ့ဝင်ဟောင်းများဦးစီးသော စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှု ကူညီရေးအဖွဲ့ဝင် ဒေါက်တာစံအေးကြည်နှင့် ဒေါ်ခင်နုသာတို့၏ဖခင် ဗိုလ်မှူးကြီးသာကျော်(လွတ်လပ်ရေးမော်ကွန်းဝင် ပထမဆင့်)သည် ၂၀-၈-၂၀၁၆ရက်က ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**စာတတ်မြောက်ရေးနှင့်ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့**

## ကျေးဇူးတင်လွှာ

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့၊ လက်ကောက်ဈေး၊ ရပ်ကွက်တွင် ၁၉-၈-၂၀၁၆ရက် (သောကြာနေ့)က ကွယ်လွန်သွားခဲ့သော ရဟန်းမယ်တော် သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်မညိုစိန် အသက်(၉၅)နှစ်၏ ဈာပနအခမ်းအနား၌ ကြွရောက်ပြီး တရားချီးမြှင့်ပေးသည့် လက်ကောက်ဈေးကျောင်းတိုက် ဆရာတော်ကြီးနှင့် ပင့်သံဃာတော်များ၊ စစ်တွေမြို့၊ ပညာလင်္ကာရဆရာတော်၊ ဂြစ်ဘက်ဆရာတော်၊ ၄က်ပျောတောဆရာတော်တို့အားလည်းကောင်း၊မြောက်ဦး သာရေး၊နာရေးအသင်း(စစ်တွေ)နှင့် နာရေးကူညီမှုအသင်း (မြောက်ဦး)တို့အားလည်းကောင်း၊ မြောက်ဦးမြို့နယ်၊ ဝက်လှကျေးရွာမှ လိုက်ပါကူညီပို့ဆောင်ပေးကြသူများ၊အဘက်ဘက်မှကူညီပံ့ပိုးပေးကြသော ဆွေမျိုး၊မိတ်သင်္ဂဟ၊ သူငယ်ချင်း အပေါင်းအသင်းများအားလည်းကောင်း လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ဦးအောင်ကျော်ဇော
### (ဗိုလ်ကြီး၊ ငြိမ်း)
### အသက်(၇၁)နှစ်

မြောက်ဦးမြို့နယ်၊ ကံလှရပ်ကွက်နေ ဒေါ်လှကျော့စိန်၏ခင်ပွန်း၊ မကျော့နုနုအောင်၊ မောင်ထွန်းအောင်ကျော်(ခေတ္တ-မလေးရှား)၊ မောင်ထွန်းရွှေကျော်(ခေတ္တ-မလေးရှား)တို့၏ဖခင်သည် ၂၃-၈-၂၀၁၆ရက် နံနက် ၁၀း၃၀နာရီတွင် စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် စစ်တွေမြို့ အာဂျိတ်တော်ကုန်းသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပြီးဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှဆွေမျိုးများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးရဲမြင့် (သန်လျင်)
### အသက်(၅၁)နှစ်

သူငယ်ချင်း ကိုရဲ ၁၉-၈-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးစိုးမင်း၊ စာရင်းစစ်ရုံး၊ မိုးကုတ်**

### ရဟန်းဒါယကာကြီး
## ဦးမြင့်အောင်
### (ဆသရ-၁၊ ရန်ကုန်တိုင်း)(ငြိမ်း)
### ပခုက္ကူအသင်းဝင်
### အသက်(၇၄)နှစ်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ဖောင်းတွဲအုပ်စု၊ ထန်းတပင်ကျေးရွာနေ (ဦးခင်မောင်-ဒေါ်မြကြည်)တို့၏ သား၊ ပခုက္ကူမြို့နယ်၊ (၂)ရပ်ကွက်၊ စွန်သိုက်ရပ်၊ အောင်တော်မူလမ်းနေ (ဦးလေးဗို-ဒေါ်မေ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲ (၃)ရပ်ကွက်၊ ဇီဇဝါလမ်းနေ ကိုဟိန်းထွဋ်မြင့်- မမျိုးသီတာအောင်၊ ကိုရဲစည်သူအောင်-မအေးအေးမိုး၊ ကိုကျော်စည်သူအောင်တို့၏ဖခင်၊မောင်ရှင်းသန့်အောင်၊ မောင်ဟိန်း သန့်နောင်တို့၏အဘိုး၊ ဒေါ်ကျော့တင်၏ချစ်လှစွာသောခင်ပွန်းသည် ၂၃-၈-၂၀၁၆ရက်(အင်္ဂါနေ့)ည ၁၁း၅၅နာရီတွင်ကွယ်လွန်သွားပါ၍ ၂၅-၈-၂၀၁၆ရက်(ကြာသပတေးနေ့)ညနေ ၄း၃၀နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၃း၄၅ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၉-၈-၂၀၁၆ရက် (တနင်္လာနေ့) နံနက်တွင် အမှတ် ၇၄၂/၇၄၅၊ ဇီဇဝါလမ်း၊ ပုလဲ (၃)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်နေ ဒေါ်ကျော့တင်၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးခင်မောင်ဝင်း
### (မိုးကုတ်မြို့)
### အသက်(၇၂)နှစ်

မိုးကုတ်မြို့၊ စည်ပင်သာယာရပ်နေ (ဦးလှမောင် - ဒေါ်ခင်ရွှေ)တို့၏သား၊ ရှမ်းစုရပ်နေ(ဦးထွန်းဖေ-ဒေါ်ခင်ညွန့်)တို့၏သားသမက်၊ ဦးစံရွှေ၏ညီ၊(ဦးခင်မောင်သန်း)-ဒေါ်ရီရီကို၊ဦးအောင်ဝင်း-ဒေါ်ခင်မာမာ၊ (ဦးစိန်လွင်)-ဒေါ်ခင်ကြည်ထွေး၊ဦးဆန်နီ-ဒေါ်စောရီ၊ ဦးဝင်းသိန်းနိုင် - ဒေါ်မီမီလွင်တို့၏ အစ်ကို၊ ကိုထွန်းထွန်းဝင်း - မငယ်ငယ်ဆွေ၊ မကြေးမုံဝင်းတို့၏ဖခင်၊ ဒေါ်စိန်စိန်တင်၏ချစ်လှစွာသောခင်ပွန်းသည် ၂၄-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၆-၈-၂၀၁၆ရက်(သောကြာနေ့)နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

### ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးနု
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ၁၈လမ်း၊အမှတ် ၉၄၆/ခနေ (ဦးချစ်ဖေ-ဒေါ်အေးဖြူ)တို့၏သမီး၊ (ဦးလှအောင်)၏ဇနီး၊ ဦးဝင်းလှိုင်-ဒေါ်တင်တင်လှတို့၏မိခင်ကြီးသည်၂၃-၈-၂၀၁၆ရက်(အင်္ဂါနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၉-၈-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## U Thawng Khan Cin
### (ဦးထောင်းခန့်ကျင့်)
### အသက်(၄၉)နှစ်

တီးတိန်မြို့၊ တွီးဆောက်ရွာနေ (U Suan Thawng - Daw Awi Thang)၊ ဖူနွမ်းရွာနေ (U Suang Zam- Daw Tun Niang) တို့၏မြေး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၃)ရပ်ကွက်၊ အမှတ် ၂၁၅၊ အခန်း ၂၉နေ ဦးခမ်ခေါထန်၊ ဝန်ထောက်(ပုံဆွဲ) ငြိမ်း၊ အမှတ် ၉၅၄၊ ဆလအခွဲ - (ဒေါ်လမ်းခေါနင်း)တို့၏ သား၊ ဒေါ်ထန်ခန့်ဒိမ့် (ကထိက၊ ဂျာမန်ဘာသာဌာန၊ YUFL)၊ ဦးဇမ်းလျန်းမုန်(ခ)ဦးမောင်မောင်စိုး (Unit 1, M& E Group)-ဒေါ်စန္ဒာဝင်း၊ ဦးထန်လျန်းမန်၊ ဦးခိုင်ခန့်လျန်း၊ ဒေါ်ညောင်းထန့်ကျိန်(ခ)ဒေါ်ခင်ခင်ဝင်းတို့၏ အစ်ကို၊ မနဲမ်းခေါ်မ်းကင်မ် (ခ) မမြတ်ငြိမ်းစံ၏ ဦးလေးသည် ၂၃-၈-၂၀၁၆ရက် (အင်္ဂါနေ့) ည ၁၁း၂၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၅-၈-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (TBC-Y ဘုရားကျောင်း၊ ဆူးလေ၊ ယုဇနပိတောက်ကွေ့နှင့် အထက်ပါနေအိမ်တို့မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၂၉-၈-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၈နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်နု
### အသက်(၁၀၃)နှစ်

ရန်ကုန်မြို့၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ ဦးအောင်မြတ်လမ်း၊ (ခ/၁၄၃)၊ အမှတ် ၄၀နေ (ဦးမြချမ်း-ဒေါ်မြဦး)တို့၏သမီး၊ (ဦးနီလှအောင်)၏ဇနီး၊ ဦးဝင်းဆွေ၊ ဒေါ်ငိုမစိန်၊ ဦးထွန်းလှစိန်၊ မထွေးစိန်တို့၏မိခင်၊ မြေး ၁၇ယောက်၊ မြစ် ၁၅ယောက်တို့၏အဘွားသည် ၂၃-၈-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် သန်လျင်မြို့ အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၉-၈-၂၀၁၆ရက် (တနင်္လာနေ့) နံနက်တွင် ဦးဝင်းဆွေတို့၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြမြ (သန်လျင်)
### စိုက်ပျိုးရေး
### အသက်(၈၈)

သန်လျင်မြို့နေ (ဦးမြင့်-ဘီအိုစီ-ဒေါ်သန်းရွှေ)တို့၏သမီး၊ (ဒေါ်ညွန့်ညွန့်)၊ (ဦးပြည့်စုံ-ဒေါ်လှလှ) သွေးသောက်မဂ္ဂဇင်းတို့၏ညီမ၊ (ဦးစိုးအောင်-ဒေါ်စိန်စိန်)၊ (ဦးမောင်မောင်-ဒေါ်ရင်ရင်ထွန်း)၊ (ဦးညီညီ-ဒေါ်စန်းမြင့်)တို့၏အစ်မသည် ၂၄-၈-၂၀၁၆ရက်တွင် သန်လျင်မြို့၊ မြို့မတောင်ရပ်ကွက်၊ ယုဇန ၃လမ်း၊ အမှတ် ၂/ဘီ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၁၆ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် အမိုးနီသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးသိန်း
### အသက်(၈၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ချမ်းမြေ့သာယာ ၄လမ်း၊ အမှတ် ၂၀၇နေ (ဦးလှဖေ-ဒေါ်အေးတင်)တို့၏သမီး၊ (ဦးဝင်းဆွေ)၏ဇနီး၊ ဦးမောင်မောင်မြတ်ဆွေ-ဒေါ်မြင့်မြင့်သန်း၊ ဒေါက်တာဦးမောင်မောင်လတ်ဆွေ-ဒေါ်ခင်သက်ထား၊ ဦးမောင်မောင်လေးဆွေ-ဒေါ်နုနုစိန်၊ ဗိုလ်မှူးမောင်မောင်ထွေးဆွေ(ငြိမ်း) (ညွှန်ကြားရေးမှူး၊ အကောက်ခွန်ဦးစီးဌာန)-ဒေါ်ဇာနီသိမ်းထွန်းတို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၂၁-၈-၂၀၁၆ရက်(တနင်္ဂနွေနေ့) ည ၁၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၁၆ရက် (အင်္ဂါနေ့)တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၈-၂၀၁၆ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြင့်မြင့်အေး (မော်လမြိုင်)
### အသက်(၈၀)

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မိကျောင်းကန်အပိုင်း(၁)၊ ဝေဇယန္တာရိပ်သာ ၃လမ်း၊ အမှတ် ၁၁၉နေ (ဦးစိန်ရွှေ-ဒေါ်ကြင်တီ)တို့၏သမီး၊ (ဦးဟန်စိန်)၏ဇနီး၊ ဦးဝင်းခိုင်-ဒေါ်ယဉ်ယဉ်ထွေး၊ ဒေါ်ယဉ်ယဉ်ဌေး၊ ဦးကျော်ကျော်ခိုင်-ဒေါ်ခင်အေးရွှေ(USA)၊ ဦးသက်နိုင်-ဒေါ်ခင်မမဇော်(USA)၊ ဦးဇင်မျိုးထွန်း-ဒေါ်မြင့်မြင့်ခိုင်တို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၂၄-၈-၂၀၁၆ရက် နံနက် ၆း၄၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၅း၃၀နာရီတွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း ဒါယိကာမကြီး
## ဒေါ်ဖြူဖြူလှ (Peggy) (ဘစရ)
### (Director, STAR TRIANGLE SERVICE CO.,LTD)
### အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ သစ္စာဥယျာဉ်၊ တိုက် ၄/၄၀၅နေ (ဦးလှမောင်-ဒေါ်ခင်စု)တို့၏သမီး၊ (ဦးအောင်သက်)-ဒေါ်ခင်ခင်အုန်းတို့၏ သမီးချွေးမ၊ ဦးသံလွင်၏ဇနီး၊ မောင်ဘိုဘိုဝင်းလှိုင်-မနဒီလွင်တို့၏မိခင်၊ မောင်ဟိန်းထက်အောင်၊ မဖူးပြည့်ရွှေပုံတို့၏အဘွား၊ ဦးတင်မောင်ဝင်း၊ ဒေါ်ဇင်နွယ်ဦး၊ ဒေါ်ကြူကြူလှ၊ ဦးတင့်ဆွေ၊ ဦးမျိုးဆွေ၊ ဒေါ်ချိုချိုဝင့်တို့၏ညီမ၊ ဒေါ်မူမူလှ၏အစ်မ၊ တူ၊ တူမ ကိုးယောက်တို့၏အဒေါ်သည် ၂၃-၈-၂၀၁၆ရက် နံနက် ၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေကန် ဒါယကာကြီး
## ဦးမျိုးသန့်
### အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၁ရပ်ကွက်၊ဇောတိကလမ်း၊ အမှတ် ၅၄၀နေ (ဦးသန်းဟိန်)-ဒေါ်တင်ငွေတို့၏သား၊ (ဦးဖေသန်း-ဒေါ်တင်မြ)တို့၏သားသမက်၊ ဒေါ်ခင်ခင်ထွေး၏ချစ်လှစွာသောခင်ပွန်း၊ မောင်ကိုကိုနိုင် (Myanmar Airways Int'L)-မချမ်းငြိမ်းငြိမ်းအေး(Apex Airline Public Co.,Ltd.)တို့၏ဖခင်၊ မမျိုးမျိုးသော်တာ (Grade-5, ICEC)၊ မယွန်းပိုးမြတ်သော်တို့၏အဘိုး၊ ဦးဝေဦး(MOGE)-ဒေါ်စန်းစန်းမြင့်၊ ဦးသက်ဇော်-ဒေါ်သီသီဝင်းတို့၏ညီ/မောင်၊ ဦးထွန်းထွန်းကျော်-ဒေါ်မို့မို့အောင်၊ ဦးသားထွန်းလွင်-ဒေါ်စန်းစန်းလွင်၊ ဦးဇော်ဖြိုးမင်း-ဒေါ်နီနီခိုင်၊ ဦးညီညီမင်း-ဒေါ်ဇာနည်တို့၏အစ်ကိုသည် ၂၄-၈-၂၀၁၆ရက် နံနက် ၄း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၁၆ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးစိန်လင်း(ခ)အကျွမ်း
### လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
### အားကစားနှင့် ကာယပညာဦးစီးဌာန
### လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
### အသက်(၆၇)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်နေ (ဦးအောင်သိန်း-ဒေါ်စောကြူး)တို့၏သား၊ ပဲခူးတိုင်းဒေသကြီး၊ မဒေါက်မြို့နယ်နေ (ဦးသိန်း-ဒေါ်မြကြည်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၅)ရပ်ကွက်၊ စိန်ခြယ်လမ်း၊ အမှတ် ၁၉/ခနေ ဒေါ်ကြည်ကြည်သိန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးတင်အောင်ခန့်-ဒေါ်ဇင်မာလင်း၊ ဦးဇော်မင်းထွန်း-ဒေါ်သက်အိအိလင်း၊ ဦးကျော်စွာလင်း-ဒေါ်ခင်ဖြူဖြူထွန်းတို့၏ဖခင်၊ မယဉ်မေသက်၊ မနှင်းအိရွှေရည်၊ မောင်ကျော်ရှင်းခန့်၊ မောင်လင်းဘုန်းခန့်တို့၏အဘိုးသည် ၂၄-၈-၂၀၁၆ရက် နံနက် ၄း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၁၆ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၈-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးကြည်
### အသက်(၈၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွ(ဥက္ကံ)မြို့နေ (ဦးဖေတင်-ဒေါ်ပု)တို့၏ သမီး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၅)ရပ်ကွက်၊ မာလာမြိုင်လမ်းသွယ်(၂/က)နေ ဦးအောင်ခင်[ဒုညွှန်မှူး (SECD) ငြိမ်း၊ ရေကြောင်းဦးစီးဌာန]၏ဇနီး၊ ဦးကြည်ခင်အောင် (Capt MOON SOON Co.,Ltd)-ဒေါ်ဟေမာဦး၊ ဦးမောင်မောင်အောင်(BOSUN RAFFLES Co.,Ltd)-ဒေါ်အေးအေးသန်း၊ ဦးလှထွေးအောင် (3rd Mate F.G Star Co., Ltd)၊ ဦးနိုင်တင်ထွေး(B.A Myanmar R.L)-ဒေါ်မိုးကြည်အောင်(B.A GEO)တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၂၃-၈-၂၀၁၆ရက် (အင်္ဂါနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၁၆ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၉-၈-၂၀၁၆ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြမြ
### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ကန်တော်ကလေး၊ဖို့မြေရပ်ကွက်၊ အမှတ် ၃၂၊ ၁၀၁လမ်း၊ သုံးလွှာနေ (ဦးမောင်ကြီး-ဒေါ်ခင်စော)တို့၏သမီး၊ (ဦးမောင်ငယ်)-ဒေါ်ခင်တင့်တို့၏ညီမ၊ (ဦးလှဖေ-ဒေါ်ကြည်ကြည်)၊(ဦးကျော်အေး-ဒေါ်လှလှ)၊ ဒေါ်တင်တင်မြင့်၊ ဒေါ်ညွန့်ညွန့်၊ ဦးဇော်မင်း - ဒေါ်စန်းစန်းတို့၏ အစ်မသည် ၂၃-၈-၂၀၁၆ရက် (အင်္ဂါနေ့) ည ၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၈-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်မြမြချစ်
### စီမံကိန်းမှူး(ငြိမ်း)
### စီမံကိန်းရေးဆွဲရေးဦးစီးဌာန
### အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ သဘာဝရိပ်ငြိမ်၊ အောင်ဓမ္မရိပ်သာလမ်း၊ အမှတ် ၄/၅နေ(ဦးမောင်မောင်ချစ်-ဒေါ်ယဉ်နု)တို့၏သမီး၊ (ဦးခင်မောင်ဘို)၏ ဇနီး၊ ကိုခင်မောင်ဌေး-မအေးမြတ်မွန်(ခေတ္တ-UK)၊ ကိုဖြိုးကျော်သူ-မချိုချိုတင်ငွေ(ခေတ္တ-UK)၊ကိုစိုင်းနန္ဒာထွန်း(ECHO)-မမြသန္တာဘို (World Vision)၊ မမြဝတ်ရည်ဘိုတို့၏မိခင်၊နဒီဇရာသူ၊သစ္စာရီမွန်ဌေးတို့၏ အဘွားသည် ၂၄-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၈-၂၀၁၆ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃၀-၈-၂၀၁၆ရက်(အင်္ဂါနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မြမြချစ်
### စီမံကိန်းမှူး(ငြိမ်း)
### စီမံကိန်းရေးဆွဲရေးဦးစီးဌာန
### အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ သဘာဝရိပ်ငြိမ်၊ အောင်ဓမ္မရိပ်သာလမ်း၊ အမှတ် ၄/၅နေ(ဦးမောင်မောင်ချစ်-ဒေါ်ယဉ်နု)တို့၏သမီး၊ဒေါ်နုနုချစ်၏ညီမ၊ ဦးကျော်ကျော်မိုး-ဒေါ်မိုမိုချစ်၊ (ဦးတင်အောင်)-ဒေါ်နွဲ့နွဲ့ချစ်၊ဦးဇော်ဝင်း-(ဒေါ်အေးအေးချစ်)၊ (ဦးခင်မောင်ကျော်)-ဒေါ်ထွေးထွေးချစ်၊ ဦးကျော်သူချစ်-ဒေါ်အေးအေးမူ၊ ဦးမျိုးနိုင်-ဒေါ်ခင်သီတာချစ်၊ ဦးခင်မောင်ချို-ဒေါ်ခင်သူဇာချစ်၊ (ဒေါ်ခင်ဥမ္မာချစ်)၊ ဒေါက်တာရွှေထွန်းကျော်-ဒေါက်တာစန်းစန်းဝင်း(ခေတ္တ-UK)တို့၏အစ်မသည် ၂၄-၈-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၀၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၁၆ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။[ကွယ်လွန်သူအားရည်စူး၍ ၃၀-၈-၂၀၁၆ရက်(အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တအာလောက မဟာထေရ်
### သက်တော်(၉၆)နှစ်၊ သိက္ခာတော်(၇၆)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ ထန်းမနိုင်ကျေးရွာ၊ မင်္ဂလာကံဦးကျောင်းတိုက်ကြီး၏ ပဓာနနာယက ဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တအာလောက မဟာထေရ်သည် (၁၃၇၈ခုနှစ် ဝါခေါင်လပြည့်ကျော် ၂ရက်) ၂၀-၈-၂၀၁၆ရက်(စနေနေ့)ည ၇း၂၈နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၈ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၁ရက်) ၂၉-၈-၂၀၁၆ရက်(တနင်္လာနေ့)တွင် နိဗ္ဗာန်ကျောင်းချပူဇော်ထားမည်ဖြစ်ပြီး (၁၃၇၈ခုနှစ် ပြာသိုလပြည့်ကျော် ၁၄ရက်)တွင် ဥတုဇရုပ်ကလာပ်တော်အား အန္တိမအဂ္ဂိဈာပနပူဇာသဘင်ကို ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ဈာပနကော်မတီ၊ မင်္ဂလာကံဦးကျောင်း

### ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးလှမြင့်(မြိတ်မြို့) (ကျောက်ဆူးသောက်ရေသန့်)
### အသက်(၇၅)နှစ်

မြိတ်မြို့၊ ကန်ဖျားရပ်ကွက်၊ ကန်ဖျားလမ်းမကြီး၊ အမှတ် ၈၉နှင့် ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၀လမ်း၊ အမှတ် ၂၇(ဒုတိယထပ်)နေ (ဦးအုန်းတင်-ဒေါ်ရှုကြည်)တို့၏သား၊ (ဦးဘိုးစိန်-ဒေါ်အေးစီ)တို့၏သားသမက်၊ ဒေါ်ရီ၏ချစ်လှစွာသောခင်ပွန်း၊ ဦးလှကြည်-(ဒေါ်ဆွေဆွေသိန်း)၊ ဦးလှဝင်း-ဒေါ်ဆွေဆွေယု၊ ဦးမောင်လေး-ဒေါ်စန်းစန်းကြူတို့၏အစ်ကို၊ ကိုနိုင်ဝင်းမြင့်-Mrs. Noriko Suda၊ ကိုမောင်မောင်အောင်-မချိုချိုအေး၊ ကိုဝင်းထွန်းသိန်း-မအေးမြတ်သူ၊ ကိုအေးမင်းအောင်-မသက်သူဇာလွင်တို့၏ဖခင်၊ Mr. Sein Suda (တိုကျို)၊ မောင်ဝင်းစိုးမိုး(ထ-၂၊ လမ်းမတော်)၊ မောင်အောင်ခန့်ဖြိုး၊ မဖြူစင်သန့်၊ မခိုင်ဇင်ဆု(IISY School)တို့၏အဘိုးသည် ၂၄-၈-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၂၃နာရီတွင် ရန်ကုန်မြို့ ဗဟိုရဲစည်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၈-၈-၂၀၁၆ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၃၀-၈-၂၀၁၆ရက် (အင်္ဂါနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ ရန်ကုန်မြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးစံခင် (စက်မှူ-၁၊ ငြိမ်း)
### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ သတိပဋ္ဌာန်လမ်း၊ အမှတ် ၃၄-အေနေ (ဦးထွန်းရှင်-ဒေါ်တင်ညွန့်)တို့၏သား၊ (ဦးတင်လှ-ဒေါ်တင်မြ)တို့၏သားသမက်၊ (ဒေါ်လှမြင့်)၏ချစ်လှစွာသောခင်ပွန်း၊ (ကိုစံမြင့်ဦး)၊ ကိုဝင်းကျော်မျိုး၊ ကိုနေလင်းအောင်၊ (ကိုသန်းဝင်းအောင်)-မထက်ထက်လှိုင်၊ မဝေဝေဖြိုး၊ ကိုဇော်လှိုင်ဝင်း-မသဇင်စိုးတို့၏ဖခင်၊ ကိုသိန်းထွန်း(ကျောက်မြောင်းဈေး)-မအေးအေးမြင့်တို့၏အစ်ကို၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၃-၈-၂၀၁၆ရက် (အင်္ဂါနေ့) ညနေ ၆း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၈-၂၀၁၆ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးစံခင် (စက်မှူ-၁၊ ငြိမ်း)
### မြန်မာစက္ကူနှင့် ဓာတုဗေဒလုပ်ငန်း
### အသက်(၆၇)နှစ်

ရန်ကုန်မြို့နေ (ဦးထွန်းရှင်-ဒေါ်တင်ညွန့်)တို့၏သား၊ (ဦးတင်လှ-ဒေါ်တင်မြ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သတိပဋ္ဌာန်လမ်း၊ အမှတ် ၃၄ (ရှစ်လွှာ၊ ခေါင်းရင်းခန်း)နေ (ကိုစံမြင့်ဦး)၊ ကိုဝင်းကျော်မျိုး၊ ကိုနေလင်းအောင်၊ (ကိုသန်းဝင်းအောင်)-မထက်ထက်လှိုင်၊ မဝေဝေဖြိုး၊ မသဇင်စိုး-ကိုဇော်လှိုင်ဝင်းတို့၏ဖခင်၊ (ဦးအုန်းမြင့်)-ဒေါ်သီတာ၊ ဦးရွှေသိန်း-ဒေါ်အုန်းခင်တို့၏ညီ၊ ဦးမောင်လှိုင်-ဒေါ်စန်းကြည်၊ဦးအောင်သန်း-ဒေါ်ခင်ခင်ငြိမ်း၊ ဦးကျော်သိန်း-ဒေါ်ဝင်းနု၊ ဦးချိုအေး-ဒေါ်သန္တာနွယ်၊ ဦးမောင်ဟန်-ဒေါ်သန်းသန်းမြင့်၊ ကိုသိန်းထွန်း(ကျောက်မြောင်းဈေး)-မအေးအေးမြင့်တို့၏အစ်ကို၊ မြေးခုနစ်ယောက်တို့၏အဘိုး၊ တူ/တူမ ၂၄ယောက်တို့၏ဦးလေးသည် ၂၃-၈-၂၀၁၆ရက် (အင်္ဂါနေ့)ညနေ ၆း၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၈-၂၀၁၆ရက်(ကြာသပတေးနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးဝင်းမော်
### B.Sc (Maths)
### အသက်(၅၀)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပုဇွန်တောင်လမ်းမကြီး၊ အမှတ် ၈၈နေ (ဦးခင်လှ)-ဒေါ်သန်းနုတို့၏သား၊ (ဦးစိန်လွင်-ဒေါ်ခင်ဌေး)တို့၏သားသမက်၊ ဒေါ်သစ်သစ်လွင်၏ခင်ပွန်း၊ (ဒုဗိုလ်အောင်ချို၊ တေဇ-၁၃)၊ ဒုဗိုလ်မှူးကြီးဝင်းသော်-ဗိုလ်မှူးကြီးဒါလီအောင်၊ ကိုသန့်ဇော်တို့၏အစ်ကို၊ မောင်သက်အောင်၏ဖခင်သည် ၂၄-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၁၆ရက် (သောကြာနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံ ငြိမ်းအေးဇရပ်၌ သရဏဂုံတင်၍ မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (အထက်ပုဇွန်တောင်လမ်းနေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
## ဦးခင်မောင်ဝင်း(မိုးကုတ်မြို့)
### အသက်(၇၂)နှစ်

မိုးကုတ်မြို့၊ စည်ပင်သာယာရပ်နေ (ဦးလှမောင် - ဒေါ်ခင်ရွှေ)တို့၏သား၊ ရှမ်းစုရပ်နေ(ဦးထွန်းဖေ-ဒေါ်ခင်ညွန့်)တို့၏သားသမက်၊ ကိုနေမျိုးသန်း-မပုံ့ပုံ့၊ကိုလွင်ကိုကိုမောင်-မအိကေခိုင်၊ ကိုအောင်မျိုးသန့်၊ ကိုဝေဝေး-မသဲစု၊ ကိုစောနေမင်းကို - မလွင်လွင်အောင်ဝင်း၊ ကိုစည်သူအောင်ဝင်း-မနှင်းနှင်းဝေ၊ ကိုကျော်စွာအောင်ဝင်း-မမွန်မွန်၊ ကိုညီထွန်း - မခိုင်ဇာမောင်မောင်၊ ကိုသော်တာမောင်မောင်-မသီရိ၊မယွန်းရတီလွင်၊ မဝတ်မှုံရွှေရည်၊ မနဒီရွှေရည်တို့၏ဘကြီးသည် ၂၄-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၆-၈-၂၀၁၆ရက်(သောကြာနေ့)နံနက် ၁၀နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဦးစိုးဝင်း
### (AGTI-EP/78) (ပြည်)
### လျှပ်စစ်အင်ဂျင်နီယာ
### အသက်(၆၁)နှစ်

ရန်ကုန်မြို့၊မြောက်ဥက္ကလာပမြို့နယ်နေ (ဦးထွန်း - ဒေါ်မြရီ)တို့၏ သား၊ (ဦးသာဦး - ဒေါ်အုံးနု)တို့၏ သားသမက်၊ ဦးခင်ဝင်း-ဒေါ်ခင်ထွေးတို့၏ညီ/မောင်၊(ဦးစံဝင်းအောင်)-ဒေါ်ကြည်ကြည်ဝင်းတို့၏အစ်ကို၊ ဒေါ်စန်းစန်းဝေ၏ခင်ပွန်းသည် ၂၄-၈-၂၀၁၆ရက် နံနက် ၆း၂၀နာရီတွင် သဃ်္ဃန်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃၀-၈-၂၀၁၆ရက် နံနက် ၆နာရီမှ ၉နာရီအထိ မိုးကောင်းဘုရား၊ အနောက်မြောက်မုခ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# တစ်ကမ္ဘာလုံးတွင် ယနေ့ (ဩဂုတ် ၂၄ ရက်)၌ မြေငလျင်ပေါင်း ၉၃ ကြိမ် လှုပ်ခတ်ရာ ချောက်မြေငလျင်မှာ အင်အားအပြင်းထန်ဆုံးဖြစ်ပြီး အပျက်အစီး၊ အသေအပျောက်ရှိ

**သတင်း-ခင်ရတနာ**

**နေပြည်တော် ဩဂုတ် ၂၄**

ယနေ့ညနေ ၅ နာရီ ၄ မိနစ် ၅၅ စက္ကန့်တွင် ချောက်မြို့၏ အနောက်ဘက် ၁၂ မိုင်အကွာ၊ မကွေးမြို့နှင့် ၉၈ကီလိုမီတာအကွာ တညောင်ချောင်းအထက် ဆိပ်ဖြူ-ကန်စွန်းမလမ်း တောင်ဘက်ကို ဗဟိုပြုကာ အင်အား ရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ အင်အားပြင်းငလျင်တစ်ခု လှုပ်ခတ်ခဲ့ခြင်းကြောင့် မကွေးတိုင်းဒေသ ကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင် ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်၊ ချင်းပြည်နယ်တို့အပါအဝင် မြန်မာနိုင်ငံ အနှံ့အပြားတွင် ငလျင်ဒဏ် ခံစားခဲ့ရပြီး မြန်မာနိုင်ငံအလယ်ပိုင်းတွင် စေတီပုထိုးများ၊ အဆောက်အအုံများ ပျက်စီးခဲ့ရကာ လူအချို့သေဆုံး၊ ဒဏ်ရာရမှုများ ဖြစ်ပွားခဲ့သည်။

### ကယ်ဆယ်ရေးစတင်ပြီ

"ငလျင်အတွက် သတင်းတွေ အဆက်မပြတ် ထုတ်ပြန်ပေးသွားမှာဖြစ်သလို ကယ်ဆယ်ရေးတွေလည်း စတင်နေပြီဖြစ်ပါတယ်။ ငလျင်ဌာနကလည်း တိုင်းတာမှုတွေ ဆက်လက်လုပ်ဆောင်နေပါတယ်။ ကနဦးရရှိထားတဲ့သတင်းတွေအရ ငလျင်က အင်အားကြီးမားပြီး ထိခိုက်မှုများပြားခဲ့တာကို တွေ့ရပါတယ်"ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ရီရီငြိမ်းက ဖြေကြားသည်။

အဆိုပါငလျင်သည် မြေအောက်အနက် ၈၄ ဒသမ ၁ ကီလိုမီတာတွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကာ မြေပြင်နက်ရှိုင်းသည့်နေရာတွင် ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းကြောင့် Shallow Depth မဟုတ်ခဲ့သဖြင့် အပျက်အစီးသက်သာခဲ့ခြင်းဖြစ်ပြီး မြေပြင်အပေါ်လွှာတွင်သာ လှုပ်ခတ်ပါက ယခုထက်အဆများစွာ ပိုမိုပျက်စီးနိုင်မည်ဟု မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က ပြောကြားသည်။

### ပုဂံစေတီ ၆၅ ဆူထိခိုက်

ငလျင်ဒဏ်ကြောင့် ပုဂံမြို့တွင် စေတီပုထိုးပေါင်း ၆၅ ဆူခန့် ထိခိုက်ခဲ့ရကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့ပြီး ဆက်လက်စုံစမ်းဖော်ထုတ်မှုများ ပြုလုပ်နေကြောင်း သိရှိရသည်။

ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဒေသရှိ သမိုင်းဝင်စေတီတော်များဖြစ်ကြသည့် ထီးလိုမင်းလို၊ သဗ္ဗညု၊ ဓမ္မရံကြီး၊ လောကနန္ဒာ၊ ဂူပြောက်ငယ်၊ ရွှေလိပ်တူး၊ စေတနာကြီး၊ အာနန္ဒာနှင့် မြစေတီဘုရားများ ထီးတော်မြေခခြင်း၊ ပြိုကျခြင်း၊ နံရံများ အက်ကွဲခြင်း၊ စိန်ဖူးတော်မြေခခြင်းများဖြစ်ပွားပြီး စူဠာမဏိစေတီတော်ကြီးမှာ ကွမ်းတောင်နှင့် တောင်ဘက်အခြမ်းပြိုကျပျက်စီးခဲ့သဖြင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသဆိုင်ရာအာဏာပိုင်များ စုပေါင်းကာ အပျက်အစီးများအား ဖယ်ရှားခြင်း၊ ကူညီကယ်ဆယ်ခြင်းလုပ်ငန်းများကို ငလျင်ဒဏ်သင့်ပြီးချိန်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း ညောင်ဦးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင်မောင်ထူးက ဖုန်းဖြင့် ဖြေကြားသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ✻



ငလျင်လှုပ်ခတ်မှုကြောင့် စူဠာမဏိစေတီတော်ကြီး ကွမ်းတောင်နှင့် တောင်ဘက်အခြမ်းပြိုကျ၍ ဖုန်လုံးကြီးများထနေစဉ် ဓာတ်ပုံ-ညောင်ဦး(ခရိုင်ပြန်/ဆက်)

## ချောက်မြို့၏အနောက်ဘက် ၁၂ မိုင်ခန့်အကွာ ဗဟိုပြု၍ ရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိအင်အားပြင်းငလျင်လှုပ်

**နေပြည်တော် ဩဂုတ် ၂၄**

ဩဂုတ် ၂၄ ရက် မြန်မာစံတော်ချိန် ၁၇ နာရီ ၄ မိနစ် ၅၅ စက္ကန့်တွင် မန္တလေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၁၂၃ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(ချောက်မြို့၏အနောက်ဘက် ၁၂ မိုင်ခန့်အကွာ)ကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်သွားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ **(မြန်မာ့အလင်း)**

